
m... .com

SAMPLE BOOK

# လေနံရံ

ဝေယံဘုန်း




mgyoe.com

mgyoe.com

SAMPLE BOOK

# လေနုံရုံ

ဝေယံဘုန်း




ISBN 978-99971-44-88-1
K0476
9 789997 144881


mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်
တန်ဖိုး - ၁၀၀၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK




# လေနုံရံ

ဝေယံဘုန်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

## 'လေနံရံ' ဝတ္ထုစာမူကို ဖတ်ရင်း
## အတိတ်ကာလဆီသို့ အလည်တစ်ခေါက် ပြန်ရောက်သွားခြင်း

စာရေးဆရာ ဝေယံဘုန်း ရေးသော 'လေနံရံ' ဝတ္ထုစာမူကို ကံ့ကော်ဝတ်ရည်က ပေးပို့လာပါသည်။ ဤဝတ္ထုကိုရေးသော ဆရာဝေယံဘုန်းသည် (William Golding ၏ Lord of the Flies ဝတ္ထုကို ဘာသာပြန်ဆိုသော) 'မိစ္ဆာကျွန်း' စာအုပ်ဖြင့် ၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေဆု ဘာသာပြန် (ရသ) ကို ရရှိထားသူလည်း ဖြစ်သည်။ ယခုဝတ္ထုစာမူမှာ သူ၏ ဝတ္ထုရှည်ဖြစ်ကြောင်း၊ J. M. Coetzee ၏ Disgrace ဝတ္ထုကို ဖတ်ပြီးနောက် မြန်မာဇာတ်ကောင်နှင့် မြန်မာဝတ္ထုတစ်ပုဒ် ရေးကြည့်ရန် စိတ်ကူးဖြစ်ပေါ်မိရာက ရေးဖြစ်သွားခြင်း ဖြစ်ကြောင်း၊ အစပိုင်းမှာသာ Disgrace ဝတ္ထုနှင့် တူသယောင် ထင်ရပြီး နောက်ပိုင်းမှာတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခွဲထွက်၍ ရေးထားခြင်း ဖြစ်ကြောင်း ထုတ်ဝေသူထံမှ တစ်ဆင့် သိရပါ သည်။ သို့ဖြစ်၍ ဝတ္ထုစာမူကို ဖတ်ကြည့်ပြီးနောက် အမှာရေးပေးပါဟု ကံ့ကော်ဝတ်ရည် ထုတ်ဝေသူ အစ်မ မပိုင်းက ပြောပြီး ပေးပို့လာခဲ့ခြင်း ဖြစ်သည်။

'လေနံရံ' ဝတ္ထုစာမူ (နောက်တွင် 'ဝတ္ထုစာမူ' ဟု ညွှန်းပါမည်) ကို ကံ့ကော်ဝတ်ရည်က ပေးပို့လာသဖြင့် လက်ခံရရှိပြီးနောက် ဖတ်လိုက်ပါသည်။ ဝတ္ထုစာမူထဲက အဓိကဇာတ်လမ်းမှာ တက္ကသိုလ်ကျောင်းဆရာ တစ်ဦးနှင့် သူ့အတန်းထဲက ကျောင်းသူတစ်ဦး၏ ဇာတ်လမ်းဖြစ်သည်။ ထို့ပြင် ဆရာ မြသန်းတင့် အပါ

mgyoe.com

mgyoe.com SAMPLE BOOK

အဝင်စာပေနယ်ပယ်က ထင်ရှားသော ပုဂ္ဂိုလ်တချို့ကိုလည်း ဥပ္ပာဒ်သည်ဇာတ်ကောင် အနေဖြင့် ဝတ္ထုစာမူထဲတွင် ထည့်သွင်းထားသည်ကို သတိပြုမိသည်။ ဝတ္ထုစာမူထဲ တွင် Moonlight Sonata တို့၊ As Time Goes By တို့ အကြောင်းလည်း ပါဝင်သလို နဝဒေးကြီး၏ ရတုအကြောင်းကိုလည်း တွေ့ရသည်။

ဝတ္ထုစာမူကို ဖတ်ရှုစဉ် တခြားအကြောင်းအရာတွေထက် အဓိက သိချင်မိသည်မှာ ဝတ္ထုစာမူထဲက တက္ကသိုလ်ကျောင်းဆရာနှင့် သူ့ကျောင်းသူ၏ ဇာတ်လမ်း စတင်သည့် ခုနှစ်သက္ကရာဇ်ကိုပင် ဖြစ်ပေသည်။ ဝတ္ထုစာမူတွင် ခုနှစ် များ ဖော်ပြမထား။ ၁၉၉၀ ပြည့်လွန်နှစ်များ ကာလတွင် အခြေတည်ထားသည် ကိုသာ အကြမ်းဖျင်း သိနိုင်သည်။ သို့သော် ခုနှစ်သက္ကရာဇ် ခန့်မှန်းနိုင်ရန်အတွက် ဝတ္ထုရေးဆရာက သဲလွန်စများ ပေးထားသည်ကို တွေ့ရသဖြင့် ဝတ္ထုစာမူကို ဖတ်ရင်းနှင့် စူးစမ်းချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။

ဝတ္ထုစာမူထဲတွင် ဝတ္ထုရေးဆရာ ပေးထားသည့် သဲလွန်စများထဲက တက္ကသိုလ်ကျောင်းဆရာနှင့် သူ့ကျောင်းသူ၏ ဇာတ်လမ်းစတင်သည့် ခုနှစ် သက္ကရာဇ်ကို ခန့်မှန်းနိုင်မည့် အဓိကကျသည့် အချက်တချို့မှာ–

> "... မနက်မိုးမလင်းခင် သူ အစောကြီးထ၍ ထွက်လာခဲ့သည်။ ကောင်မလေး ကတော့ အိပ်ကောင်းနေတုန်း။ ခုတင်ဘေးက စားပွဲပေါ်မှာ တစ်ရာတန်အရွက် အချို့ သူ ထားခဲ့သည်... "

ဟူ၍ တစ်ရာကျပ်တန် ငွေစက္ကူထုတ်ဝေပြီးချိန် ဖြစ်ကြောင်း ဝတ္ထုစာမူ ဇာတ်လမ်း အစပိုင်းမှာကတည်းက မသိမသာ ဖော်ပြထားခြင်း။

> "...ကျွန်တော် အခု 'မဟေသီ' မှာ အခန်းဆက် ထည့်နေတဲ့ 'အချစ် မိုးကောင်းကင်' ဆိုတာလည်း ရသမြောက်အောင် ရေးထားတဲ့ မှတ်တမ်း ဝတ္ထုပဲ ..."

ဟူသော ဆရာမြသန်းတင့်၏ ပြောစကား။

> "ဦးချစ်သို့ မရောက်ခင်ကတည်းက ဆောင်းဘောက်မှ ထွက်နေသည့် ကြည်လင် ပြတ်သားသည့် အမျိုးသား အဆိုတော်၏ အသံက သူ့နားထဲ ဝင်လာသည်။ သည်အသံကိုရော သည်သီချင်းကိုရော သူ ကြားဖူးနေသည်။ အဆိုတော် အသစ် မှန်းသာ သိပြီး နာမည် ဘယ်သူမှန်း မသိသေး။

mgyoe.com

mgyoe.com SAMPLE BOOK

"ရင်ခုန်သံတွေ နိုးစပ်ပါရစေ အချစ်ရေ...
ဒီကံကြမ္မာအမှောင်တွေကို ကြောက်ရွံ့နေဆဲ ...
နေရောင်ခြည် မနက်ခင်းကို ရောက်မယ်...
အကြင်နာ ရင်မှာလေ ကိုယ့်ရဲ့လမင်း ... အလင်းရောင် ..."

ဟူ၍ 'အလင်းရောင်' သီချင်းသီဆိုသူ လေးဖြူကို အဆိုတော်အသစ်ဟု ဆိုထားခြင်း စသည်တို့ ဖြစ်သည်။

အထက်ပါသဲလွန်စများကတစ်ဆင့် ဝတ္ထုစာမူထဲက တက္ကသိုလ်ကျောင်းဆရာနှင့် သူ့ကျောင်းသူ၏ ဇာတ်လမ်းစတင်ချိန်မှာ ဆရာမြသန်းတင့် 'မဟေသီ' တွင် 'အချစ်မိုးကောင်းကင်' ကို အခန်းဆက်အဖြစ် ဖော်ပြနေစဉ် အတောအတွင်း ဖြစ်သည်၊ လေးဖြူ၏ 'အလင်းရောင်' သီချင်း ထွက်ရှိပြီးနောက်ပိုင်း ဖြစ်သည်၊ တစ်ရာကျပ်တန် ငွေစက္ကူ ထုတ်ဝေပြီးချိန် ဖြစ်သည်တို့ကို သိရှိရသောကြောင့် ထိုအချိန်မှာ ၁၉၉၄ ခုနှစ်လောက် ဖြစ်မည်ဟု ခန့်မှန်းမိပါသည်။

၁၉၉၄ ခုနှစ် ဆိုသဖြင့် ထိုစဉ်က ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပွဲအကြောင်းကိုပင် ပြန်လည် အမှတ်ရလာမိ၏။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်၌ ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားက ပထမဆုံးအကြိမ် ထုတ်လွှင့်ပြသခဲ့သည်။ အရေးကြီးသော သွင်းဂိုးများဖြင့် အီတလီအသင်းကို ဗိုလ်လုပွဲအထိ ခေါ်ဆောင်လာခဲ့ပြီးမှ နောက်ဆုံး အနိုင်အရှုံး ဆုံးဖြတ်ဖို့ ပင်နယ်တီ ကန်ရာတွင် ဘောလုံး ဂိုးပေါ်ထောင်သွားခဲ့သည့် နာမည်ကျော်ဘောလုံးသမားကြီး Roberto Baggio ကို ယခုတိုင် မှတ်မှတ်ရရ ရှိနေသေးသည်။ ဝတ္ထုစာမူထဲက သဲလွန်စများမှတစ်ဆင့် သီချင်းသည့်အရာကို ခြေရာခံရင်းနှင့် ဤသို့ ပြန်လည် အမှတ်ရလာခြင်း ဖြစ်သည်။

ထိုသို့ ခြေရာခံရင်းနှင့်ပင် ဝတ္ထုစာမူကိုလည်း ဖတ်၍ပြီးသွားလေသည်။ ဝတ္ထုရေးဆရာ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးထားသော ဝတ္ထုမှန်း သိသော်လည်း ဝတ္ထုပါ အချက်များကို အခြေခံ၍ သီချင်းသည့်အရာကို ခြေရာခံရသည်မှာလည်း ဝတ္ထုဖတ်ခြင်း၏ အရသာတစ်မျိုး ဖြစ်ပေသည်။ ခုနှစ်သက္ကရာဇ်ကို ခြေရာခံရင်း အတိတ်ကာလဆီသို့ အလည်တစ်ခေါက် ပြန်ရောက်သွားသလို ရှိခဲ့ပေသည်။

'လေနံ့ရဲ့' ဝတ္ထုစာမူမှာ ဝတ္ထုရေးဆရာ၏ အရေးအသား ပြေပြစ် ချောမွေ့မှု၊ ဇာတ်လမ်းအခြေတည်ရာ ခေတ်နောက်ခံကို ယုတ္တိရှိရှိ ပေါ်လွင်စေရန် အတတ်

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ဆုံး ကြိုးစား အားထုတ်ထားမှုတို့ကြောင့် ဖတ်၍ကောင်းသော ဝတ္ထုစာမူ တစ်ပုဒ် ဖြစ်ပေသည်။ အစပိုင်းမှာသာ Disgrace ဝတ္ထုနှင့် တူသယောင် ထင်ရပြီး နောက်ပိုင်းမှာတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ခွဲထွက်၍ ရေးထားခြင်း ဖြစ်သည် ကိုလည်း တွေ့ရှိရပေသည်။ ထိုသို့ ရေးနိုင်ဖို့အတွက် အချက်အလက်တွေ ဘယ် လောက်ထိအောင် ရှာဖွေစုဆောင်းခဲ့ရမည် ဆိုတာကို မှန်းဆ၍ ရနိုင်ပေသည်။ ထို့ကြောင့် ဝတ္ထုရေးဆရာ၏ အားထုတ်မှုကို အသိအမှတ်ပြုပါသည်။

ဤသို့ဖြင့် 'လေနုံရုံ ဝတ္ထုစာမူကို ဖတ်ရင်း အတိတ်ကာလဆီသို့ အလည် တစ်ခေါက် ပြန်ရောက်သွားခြင်း' ဟု ခေါင်းစဉ်တပ်၍ ရေးလိုက်ရပေသည်။

တော်ကောင်းမင်း
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ။

♦

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာနှင့် ကျေးဇူးစကား

ရန်ကုန်တက္ကသိုလ်ကျောင်းသား တစ်ခါမှ မဖြစ်ဖူးပေမဲ့ ကျွန်တော်ဟာ ကုံကော်တောအုပ်ထဲ ရောက်သွားတိုင်း လွမ်းသလို ဆွေးသလို ဖြစ်တတ်သူပါ။ ကျွန်တော်ဟာ ကုံကော်ရနံ့ကို ကော်ဖီရနံ့ပမာ နှစ်သက်ပါတယ်။ အင်းလျားကို မိန်းမလှတစ်ဦးပမာ စွဲလမ်းသလို အဓိပတိလမ်းတို့၊ သစ်ပုပ်ပင်တို့ကိုလည်း အသည်းနှလုံး နေရာမှာ ထားနေမိတတ်ပါတယ်။ တက္ကသိုလ်နောက်ခံ ဝတ္ထုတို၊ ရှည်တွေကို ကြိုက်နှစ်သက်သလို ရန်ကုန်တက္ကသိုလ် နောက်ခံထားတဲ့ ဝတ္ထုတစ်ပုဒ်ကိုလည်း တစ်နေ့နေ့ ရေးမယ် ဆိုတဲ့ အိပ်မက်ကလေးနဲ့ပါ။

ဟိုးလွန်ခဲ့တဲ့ တစ်နှစ်က ရန်ကုန် Myanmar Book Centre မှာ လုပ်တဲ့ စာအုပ်ဘူဖေးပွဲ တစ်ခုမှာ တောင်အာဖရိကနိုင်ငံသား နိုဘဲဆုရှင် J. M. Coetzee ရဲ့ Disgrace ဝတ္ထုစာအုပ်ကို မူရင်း (ဆရာ တော်ကောင်းမင်းက 'အရှက်' နာမည်နဲ့ တိုက်ရိုက်ပြန်ထားတာရှိ) ရလို့ ဝယ်လာပြီး ဖတ်ကြည့်တော့ စိတ်ကူးတစ်ခု စ,ရပါတယ်။ အဲဒါကတော့ Disgrace ကို မြန်မာနောက်ခံ၊ မြန်မာ ဇာတ်ကောင်တွေနဲ့ မှီးကြည့်မလားလို့ပါပဲ။ Disgrace ထဲက ပါမောက္ခ ဒေးဗစ်လူရီရဲ့ နေရာမှာ ရန်ကုန်တက္ကသိုလ် ဆရာတစ်ယောက်ကို ထားပြီး ဖန်တီးလိုက်ရင် ကိုယ် ရေးချင်နေတဲ့ ရန်ကုန်တက္ကသိုလ်နောက်ခံ ဝတ္ထုတစ်ပုဒ် ဖြစ်လာမလားလို့ စဉ်းစားမိတာပါ။

ဒါပေမဲ့ တစ်ဖက်က စဉ်းစားစရာက မြန်မာ့ယဉ်ကျေးမှုမှာက ဆရာဆိုရင် အမြင့်တစ်နေရာမှာ ထားပါတယ်။ အနန္တောအနန္တ ဂိုဏ်းဝင် ဆိုတဲ့ သတ်မှတ်ချက် ရှိပါတယ်။ မြန်မာဝတ္ထုတွေမှာ ဆရာ၊ ဆရာမတွေကို မကောင်းတဲ့ ဇာတ်ရုပ်မျိုး ထားတာက အတော်ရှားပါတယ်။ ကျောင်းဆရာမှသာ မဟုတ်ပါဘူး၊ သာသနာ့

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ထမ်းတို့၊ ဆရာဝန်တို့၊ စာရေးဆရာတို့၊ ရဲတို့ဆိုရင် မကောင်းတဲ့ ဇာတ်ရုပ် ယူရေးတာ၊ ရုပ်ရှင်ရိုက်တာ ရှားပါဘိခြင်း။ ဒီတော့ ကျွန်တော် မှီးရေးချင်တဲ့ တက္ကသိုလ် ဆရာ ဇာတ်ရုပ်က မကောင်းဘူးလို့ ယူဆနိုင်စရာ ဇာတ်ရုပ် ဖြစ်နေတော့ စဉ်းစား ရပါတယ်။ ပါမောက္ခ ဒေးဗစ် လူရီရဲ့ ဇာတ်ကောင်စရိုက်နဲ့ ဇာတ်လမ်းကို လုံးလုံး ယူပြီး မှီးရေးမယ် ဆိုရင် မြန်မာယဉ်ကျေးမှုနဲ့က စရွေး မကိုက်နိုင်ပါဘူး။

နောက်တစ်ချက်က Disgrace ဟာ တောင်အာဖရိကနိုင်ငံရဲ့ လူဖြူ၊ လူမည်း ခွဲခြားခေတ်အလွန် (post–apartheid era) ကာလရဲ့ လူမျိုးရေး၊ နိုင်ငံရေး ပြဿနာကို ထင်ဟပ်ပြတာဖြစ်ပါတယ်။ အလားတူ ထပ်တူပြုစရာ နောက်ခံ အနေအထားမျိုး ကျွန်တော်တို့ဆီမှာ မရှိလှပါဘူး။ တူတယ်လို့ ဆိုနိုင်စရာ ပြဿနာ တစ်ခု ရှိပေမဲ့ မသုံးချင်တဲ့အတွက်ကြောင့် မူရင်းဝတ္ထုကို မမှီးတော့ဘဲ မိမိ စိတ်ကူးနဲ့ပဲ ကိုယ်ပိုင်ဝတ္ထုတစ်ပုဒ် ရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဇာတ်ကောင်ဟာ သမီးတစ်ယောက် အဖေ တစ်ခုလပ် တက္ကသိုလ်ဆရာ ဖြစ်တယ် ဆိုတဲ့ အချက်သာ Disgrace နဲ့ တူပြီး ကျန်တာအကုန် ကျွန်တော့် ကိုယ်ပိုင်ဖန်တီးမှုချည်းပါပဲ။

ကျွန်တော့်ရဲ့ ဇာတ်ကောင် ဦးမင်းဟန်ကို ဆရာတစ်ယောက်အနေနဲ့ ကျင့်ဝတ် မရှိဘူးလို့ စာဖတ်သူ ယူဆချင်လည်း ရသလို သူလည်းလေ လောကီသား ပေမို့လို့ နားလည်ပေးချင်လည်း ရပါတယ်။ စာဖတ်သူ သဘောပါပဲ။ ကျွန်တော့် အမြင်မှာတော့ လူဟာ လူပါပဲ။ အာစရိယဂိုဏ်းဝင် မို့လို့လည်း အလိုအလျောက် ပိုမိုမြင့်မြတ်သွားတာမဟုတ်သလို အလုပ်အကိုင်နဲ့ လူ့စရိုက် အပြုအမူတွေနဲ့ဟာ တစ်ခါတစ်ရံ မှာလည်း အပိုင်းနဲ့ လေးထောင့် ဖြစ်နေတတ်တာမျိုးပါ။

လူတစ်ယောက်အပေါ် ကောင်းခြင်း၊ မကောင်းခြင်း ဆုံးဖြတ်တဲ့ နေရာမှာ ကျွန်တော်တို့ဟာ များသောအားဖြင့် အဲဒီလူအပေါ်မှာ တစ်ပတ်ပြည့်အောင် ကြည့်ပြီးမှ ဆုံးဖြတ်တာထက် မိမိကြည့်ချင်တဲ့ ရှုထောင့် တစ်ခုတည်းကနေသာ ကြည့်ပြီး ဆုံးဖြတ်တတ်ကြပါတယ်။ လူတိုင်းမှာ အကောင်းရော၊ အဆိုးရော၊ အဖြူ အမည်း နှစ်ဘဝ ပါဝင်ကြတာချည်းပဲမို့ ရှုထောင့်စုံအောင် ကြည့်မှ အဲဒီလူရဲ့ ရုပ်လုံးဟာ မိမိရဲ့ စိတ်ကြေးမုံမှာ ကြည်ကြည်လင်လင် ပေါ်မယ်လို့ ယူဆပါတယ်။ လူတစ်ယောက်ရဲ့ ကာယကံမှု၊ ဝစီကံမှုတွေကို တစ်ပါးသူက မြင်နိုင်ပေမဲ့ သူ့ရဲ့အတွင်း မနောကံမှုကိုတော့ မသိနိုင်ကြပါဘူး။ များသောအားဖြင့်တော့ လူကောင်းဆိုပြီး အချစ်ခံရသူပဲ ဖြစ်ဖြစ်၊ လူဆိုး လူယုတ်ရယ်လို့ နှာခေါင်းရှုံ့ခံရ

mgyoe.com

mgyoe.com SAMPLE BOOK

သူပဲ ဖြစ်ဖြစ် လူတိုင်းရဲ့ဘဝမှာ ကိုယ်ကျင့် အကျဉ်းအကျပ် (moral dilemma) တွေ ကြုံကြရတာချည်းပါပဲ။ အဲဒီခဏမှာ ချတဲ့ ဆုံးဖြတ်ချက်ကို လိုက်လို့ လူဟာ ဟီးရိုးလည်း ဖြစ်သွားနိုင်သလို ဇီးရိုးလည်း ဖြစ်သွားနိုင်တာပါပဲ။ ကိုယ်ကျင့် လမ်းဆုံလမ်းခွမျိုးတွေ ဘယ်သူမှ မကြုံချင်ကြပေမဲ့ ကျွန်တော်တို့ဟာ ဘဝမှာ ရွေးချယ်ခွင့် မရှိတတ်ကြပါဘူး။

ဝတ္ထုနဲ့ ပတ်သက်လို့တော့ ဒီလောက်ပဲ ပြောပါရစေတော့။ စာရှုသူများ မိမိဘာသာ ဆက်လက် ခံစားကြည့်စေလိုပါတယ်။ တစ်ခု မေတ္တာရပ်ခံချင်တာက ဝတ္ထုပါ နောက်ခံကာလနဲ့ ပတ်သက်လို့ အလွန်အမင်း စစ်ဆေးခြင်း မပြုဖို့ပါ။ ဝတ္ထုထဲမှာ စိတ်ကူးယဉ် ဇာတ်ကောင်တွေ ပါသလို အပြင်မှာ တကယ်ရှိ(ခဲ့)တဲ့ ပုဂ္ဂိုလ်အချို့ကိုလည်း ဧည့်သည်ဇာတ်ကောင်အနေနဲ့ ထည့်သွင်းထားပါတယ်။ အပြင်လောကမှာ အမှန်တကယ် ရှိခဲ့တဲ့ နေရာတွေ၊ အဖြစ်အပျက်တွေလည်း ပါသလို ထိုးဇာတ်တွေလည်း ပါတာပါပဲ။ ဒါပေမဲ့ ဒါဟာ ဝတ္ထုတစ်ပုဒ် ဖြစ်တာမို့ အချိန်ကာလနဲ့ နေရာဒေသ၊ အဖြစ်အပျက်တွေကို စာရေးဆရာရဲ့ လုပ်ပိုင်ခွင့်ထဲ ကနေ ပြောင်းပစ်တာ၊ ရွှေ့ပို့တာ၊ နောက်ဆုတ်တာတွေ လုပ်ထားပါတယ်။ စာဖတ်သူ စိတ်ထဲ (ဥပမာ) ဒီအဆောက်အအုံဟာ အဲဒီခေတ်တုန်းက မရှိသေးဘူး၊ သို့မဟုတ် မရှိတော့ဘူး စသည်ဖြင့် သမိုင်းအချက်အလက် ပေတံနဲ့ တိုင်းတာ ချင်စိတ်များ ပေါ်လာမိမယ် ဆိုရင် ဒါဟာ ဝတ္ထုတစ်ပုဒ် ဖြစ်တယ်၊ တချို့ဟာတွေ က ဝတ္ထုရေးဆရာရဲ့ စိတ်ကူးနဲ့ ပြောင်းလွဲထားတာ ဖြစ်တယ် ဆိုတာလေးကို သတိရပေးစေလိုပါတယ်။

ဒီဝတ္ထုအတွက် ကျွန်တော် ဖတ်ရှုခဲ့တဲ့ စာအုပ်၊ စာတမ်းပေါင်း များစွာ ရှိတဲ့အနက် တစ်အုပ်ကိုတော့ အမည်ဖော်ပြပြီး ရေးသူကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ အဲဒါကတော့ ဆရာ တက္ကသိုလ် မောင်မောင်ကြီးရယ်၊ ဆရာ ရေးခဲ့တဲ့ 'စာမျက်ရှု' ရယ်ပါပဲ။ 'စာမျက်ရှု' သာ မရှိခဲ့ရင် ကျွန်တော့် အစွမ်းနဲ့ ကျွန်တော် နဝဒေးကြီးရဲ့ ရတုတွေကို ဒီဝတ္ထုထဲမှာ ရှင်းလင်းနိုင်ခဲ့မှာ မဟုတ်ပါ။ နောက်ထပ် ကျေးဇူးတင်သူ တစ်ဦးကတော့ ဒီစာအုပ်ကို ကျွန်တော် မမွေးခင် ကတည်းက အိမ်မှာ ဝယ်ထားခဲ့တဲ့ အဖေပါ။

နောက်ထပ် ကျေးဇူးတင်သင့်သူတွေက စာမူကြမ်းအဆင့်မှာ ဖတ်ရှု ဝေဖန်ပေးခဲ့ကြတဲ့ စာပေမိတ်ဆွေ သူငယ်ချင်းများ အားလုံးနဲ့ ကျွန်တော် တွေ့ဆုံ

mgyoe.com

mgyoe.com SAMPLE BOOK

မေးမြန်းခဲ့တဲ့ လူတွေပါ။ သူတို့ရဲ့ စေတနာကောင်းနဲ့ အကြံပြုချက်တွေ၊ အကူအညီတွေကြောင့်သာ ဒီဝတ္ထုဟာ ဒီအခြေအနေကို ရောက်ခဲ့တာပါ။ ဝတ္ထုကို ရေးဖြစ်အောင် တိုက်တွန်းခဲ့တဲ့ ကုံကော်ဝတ်ရည်ရဲ့ ပွဲကိုင်ရှင် အစ်မ မပိုင်းကို လည်း ဒီစာရင်းမှာ မချန်ခဲ့ချင်ပါဘူး။

ဒီဝတ္ထုဟာ ကျွန်တော့်ရဲ့ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်ပါတယ်။ ပထမဆုံး ဖြစ်တာမို့ လိုအပ်ချက်တွေ၊ အမှားအယွင်းတွေ၊ အားနည်းချက်တွေ ရှိမှာ မလွဲပါဘူး။ အဲဒီအတွက် နားလည်ပေးစေလိုပါတယ်။ ထပ်လောင်း ပြောချင်တာ ကတော့ 'လေနံရံ' ဟာ ဖန်တီးစာ ဖြစ်တဲ့အတွက် ခံစားဖို့ ရည်ရွယ်ပါတယ်။ ဒါဟာ သတင်းဝတ္ထု မဟုတ်သလို မဟာဘွဲ့၊ ပါရဂူဘွဲ့အတွက် ကျမ်းတင်တာလည်း မဟုတ်တဲ့အတွက် အတိတ်သမိုင်း အချက်အလက်တွေ စစ်ဆေးဖို့ထက် ခံစားဖို့ ကိုသာ ပိုဦးတည်ပါတယ် ဆိုတာပါပဲ။

♦

mgyoe.com

mgyoe.com SAMPLE BOOK

## ဝတ္ထုပါ ဂီတနှင့် သီချင်းများ အကြောင်း

**၁။ Moonlight Sonata**

ဂျာမန်ဂီတဆရာနှင့် စန္ဒရားဆရာ လု(ဒ)ဗစ် ဖန် ဘေးထိုဗန် (Ludwig van Beethoven) (၁၇၇၀–၁၈၂၇) ၏ နာမည်အကျော်ကြားဆုံး စန္ဒရားတီးလုံး ဖြစ်သည်။ ဆိုနားတား (sonata) အမျိုးအစား ဖြစ်သည်။ ဆိုနားတား ဆိုသည်မှာ စန္ဒရားတစ်ခုတည်းဖြင့် တီးခတ်ရန် ရေးစပ်ထားသော တေးဂီတဖြစ်ပြီး များသောအားဖြင့် movement ဟု ခေါ်သော အပိုဒ် သုံးပိုဒ်ဖြင့် ရေးဖွဲ့လေ့ ရှိသည်။ Moonlight သည် တခြား ဆိုနားတားများနှင့်မတူ နှေးသော ပထမပိုဒ်၊ ဒုတိယပိုဒ်တို့အလွန် တတိယပိုဒ်၏ အရှိန်ပြောင်းလဲ ပြင်းထန်မှု ဖြစ်သည်။ ဆိုနားတား၏ ပထမပိုဒ် (first movement) သည် ဆွစ်ဇာလန်နိုင်ငံရှိ လူဆာန်းရေကန် (Lake Lucerne) ထဲ လရောင်အောက် လှေကလေးတစ်စီး မျောနေသည်နှင့် တူသည်ဟု ဂျာမန် ကဗျာဆရာတစ်ဦးက သုံးသပ်ရာမှ လရောင် (Moonlight) ဆိုသော အမည်ဖြင့် လူသိ များခဲ့သည်။ ဘေးထိုဗန် မူလက ပေးခဲ့သော အမည်မှာ Piano Sonata No. 14 in C-sharp Minor, Op. 27, No. 2: Sonata quasi una fantasia ဖြစ်သည်။ အထက်တန်းလွှာ မိသားစုဝင် ၁၆ နှစ်အရွယ် တပည့်မပေါင်း တစ်ဦးကို ရည်စူး ရေးစပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

**၂။ Nocturne No. 20 in C Sharp minor**

ပိုလန်သား ဂီတဆရာ ရှိုပင် (Chopin) (၁၈၁၀–၁၈၄၉) ရေးစပ်ခဲ့သော စန္ဒရားတီးလုံး ဖြစ်သည်။ ဒါရိုက်တာ ရိုမန် ပိုလန်းစကီး ရိုက်ကူးသည့် နာမည်

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျော် The Pianist (၂၀၀၂) ဇာတ်ကား ကြည့်ဖူးသူတိုင်း ယခု တီးလုံးကို ရင်းနှီးကြမည် ဖြစ်သည်။ ဂျူး စန္ဒရားဆရာ ဝလာဒီစလော ရှပီးလ်မန်း (Władysław Szpilman) ၏ ဒုတိယကမ္ဘာစစ်ကာလ ဟိုလိုကော့(စ်) ကိုယ်တွေ့အဖြစ်ကို ပြန်ရေးသား ထုတ်ဝေခဲ့သော The Pianist စာအုပ်ကို အခြေခံကာ ပြန်ရိုက်ထားသော ရုပ်ရှင် ဖြစ်သည်။ စာအုပ်ထဲတွင် ရှပီးလ်မန်းကိုယ်တိုင် ရေးသားချက်အရ ဂျာမန်အရာရှိအား သူ တီးခတ်ပြခဲ့သော တီးလုံးမှာ Nocturne No. 20 in C Sharp minor ဖြစ်သော်လည်း ရုပ်ရှင်ထဲမှာတော့ ထိုတီးလုံးကို ရုပ်ရှင်အဖွင့်မှာသာ အသုံးပြုကာ ဂျာမန်စစ်ဗိုလ်ကို တီးပြသည့် တီးလုံးကိုတော့ Chopin ၏ Ballade in G minor အဖြစ် ဇာတ်ညွှန်းပြောင်းထားသည်။ The Pianist စာအုပ်ကို ဆရာမသွေး(စစ်ကိုင်း) က 'စန္ဒရားဆရာ' အမည်ဖြင့် ပြင်သစ်မှ မြန်မာဘာသာသို့ ၂၀၁၃ ခုနှစ်တွင် အကျဉ်း ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်။

၃။ As Time Goes By

၁၉၄၂ ခုနှစ်က ရိုက်ကူးပြသသည့် ဟောလီးဝုဒ်ရုပ်ရှင် Casablanca ထဲမှ ဇာတ်ဝင်သီချင်း ဖြစ်သည်။ ဆမ် အဖြစ် သရုပ်ဆောင်သူ ဒူလီ ဝီလ်ဆင် (Dooley Wilson) က သီဆိုထားသည်။ အမေရိကန် သီချင်းရေး ဆရာ/အဆိုတော် Bertie Higgins ၏ ၁၉၈၂ ခုနှစ်ထုတ် Just Another Day in Paradise အယ်လ်ဘမ်တွင် ပါသော Casablanca သီချင်းသည် As Time Goes By သီချင်းနှင့် ထိုရုပ်ရှင်တို့ကို ပြန်ခံစားပြီး ရေးဖွဲ့ထားသော သီးခြား သီချင်းတစ်ပုဒ် ဖြစ်သည်။ ထို Casablanca သီချင်းကိုပင် ဆရာဝင်းမင်းထွေးက 'အဓိပတိလမ်းက ခြေရာများ' အမည်ဖြင့် သံစဉ်ယူပြန်လည်ရေးစပ်ကာ ထူးအိမ်သင်က သီဆိုခဲ့သည်။

၄။ ရွှေပြည်စိုး

နန်းတော်ရှေ့ဆရာတင် ရေးစပ်ပြီး အငြိမ့်မင်းသမီး လေဘာတီ မမြရင် သီဆိုခဲ့သည့် နာမည်ကျော် သီချင်း ဖြစ်သည်။ မမြရင်၏ ဇာတိချက်မြှုပ် သာစည်မြို့နယ်၊ ရွှေဖလားကန်ရွာမှာ ငယ်စဉ်နေခဲ့ရသော ဘဝကို တမ်းတ လွမ်းဆွတ်ဟန်ဖြင့် ရေးစပ်ခဲ့သော သီချင်း ဖြစ်သည်။ စာသားမှူ ကွဲလွဲသည့် ကိစ္စကို ဝတ္ထုထဲတွင် တင်ပြထားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


၅။ မြန္မာ

နန်းတော်ရှေ့ဆရာတင် ရေးစပ်ပြီး အဆိုတော်ကြီး (ဒေါ်) စိန်ပါတီ မူရင်းသီဆိုခဲ့သည့် မန္တလေးမြို့ဖွဲ့ သီချင်း ဖြစ်သည်။ မာမာအေးနှင့် ရတနာဦးတို့ ပြန်သီဆိုထားသော မူများလည်း ရှိပြီး စိန်ပါတီ သီဆိုသည့် မူနှင့် စာသားပိုင်း ကွဲလွဲမှု အချို့ ရှိသည်။ ယခုဝတ္ထုတွင် စိန်ပါတီ၏ မူ စာသားကိုသာ ယူထားသည်။ သို့သော် ရတနာဦး၏ သီဆိုမှုဟန်ကို ခံစားထားသည်။

၆။ နှစ်ကိုယ်တူချစ်သမျှ

မြို့မကိုပေါ ရေးစပ်ပြီး သကြ်န်မိုး ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ဝင်တေး အဖြစ် အသုံးပြုခဲ့သော စုံတွဲတေးသီချင်း အဖြစ် လူသိများသည်။ မူရင်းအဖြစ် သန်းမြတ်စိုးနှင့် မြတ်ဝတ်ရည်၊ နေအောင်နှင့် အေးအေးခိုင်တို့ သီဆိုထားပြီး ပြန်လည်သီဆိုသူ အများအပြား ရှိသည်။

♦

mgyoe.com

mgyoe.com SAMPLE BOOK

လွန်လေပြီးသော ကာလတစ်ခု....

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

တက္ကသိုလ် အလေးမရုံ ခန်းမကျယ်အတွင်း အော်ဟစ်သံများဖြင့် ဆူညံလျက်။ အခန်းတွင်းရှိ လူတချို့က အရှေ့ဘက် မျက်နှာမူလျက်၊ အချို့က အနောက်ဘက် မျက်နှာမူကာ သံပြားဝိုင်းကြီးများကို တွန်းနေ၊ မ,နေသည်။ တချို့က အထက် မျက်နှာကြက်ကို မော့ကြည့်၊ ပက်လက်အနေအထားဖြင့် အလေးပြားများကို တွန်းတင်နေသည်။ တချို့က အောက်ကြမ်းပြင်ကို မျက်နှာမူ အလျားမှောက် လက်ထောက်လျက် ဒိုက်ထိုးနေကြသည်။

မျက်နှာမူရာချင်း မတူကြသလို၊ ကစားနည်းတွေ ကွဲကြသလို၊ ရည်ရွယ် ချက်တွေလည်း ကွဲကြသည်။ သူ့တပည့်များက ကာယဗလမောင် ဝင်ပြိုင်ဖို့၊ သို့မဟုတ် အလေးမပြိုင်ပွဲ ဝင်ဖို့၊ သို့မဟုတ် ဘောလုံးကန်ရာမှာ ပိုကြံ့ခိုင်ဖို့၊ ဆရာ ဖြစ်သည့် သူကကော...

သူကတော့ နုပျိုဖို့၊ ကျန်းမာဖို့၊ လှပဖို့၊ ထပ်ပြီး တိုတိုတုတ်တုတ် ပြောရ လျှင် ဇရာကို အန်တုဖို့။ ပြောင်းလဲခြင်း အနိစ္စကို အာခံဖို့။

မည်မျှ အန်တုပါစေ၊ တစ်နေ့ကျလျှင် အရှုံးပေးရမည့် အရာကို သူ ဘာ ကြောင့် အသည်းအသန် ခုခံ တွန်းလှန်နေချင်ပါလိမ့် ဆိုသော အတွေးက သူ့ ခေါင်းထဲ မကြာခဏ ဝင်လာတတ်သည်။ လူသည် ကိုယ့်ကိုယ်ကိုယ် ချစ်သည်။ အကောင်းကိုသာ အမြဲလိုချင်ကြသည်။ ပြောင်းလဲခြင်းကို မလွန်ဆန်နိုင်မှန်း သိသိ

mgyoe.com

mgyoe.com
SAMPLE BOOK


နှင့် ရသလောက် ဆယ်ယူလိုကြသည်။ ဒါကိုက လူ့သဘာဝ၊ ရသလောက် ခုခံခြင်းကိုက လူ့ဘဝရဲ့ အဓိပ္ပာယ်။ လွယ်လွယ်နှင့် အရှုံးမပေးချင်သော စိတ်၊ ဂုဏ်ယူလိုသော စိတ်သည်ပင် လူ့ပင်ကိုဗီဇ ဖြစ်မည်ဟု သူ အဖြေထုတ်သည်။ သို့သော် သည့်ထက်ပိုသော ဗီဇ သူ့မှာ ရှိလေဦးမလားဟု မေးခွန်းထုတ်မိသည်က အခါခါ။

အဝတ်လဲခန်းထဲ ဝင်သွားပြီး မှန်ရှေ့ ရပ်သည်။ ချွေးပြိုက်ပြိုက် ကျနေသော သူ့ပုံ ပေါ်လာ၏။ အဆီကျ ချပ်ရပ်နေသော၊ ကြွက်သား အဖုအထစ်တို့ ပေါ်လွင်နေသော ယောကျ်ားပီပီသသ လူတစ်ယောက်ကို ပြန်မြင်ရသည်။ ခန်းမထဲမှာတော့ ဝိတ်ပြား မ,လိုက်တိုင်း မာန်သွင်းသံ၊ နည်းပြဆရာတို့၏ အမှတ်စဉ် ရေရွတ်ပေးသံ၊ ကျောင်းသားများ အချင်းချင်း စနောက်သံတို့ ပျံ့လွင့်နေသည်။ တက္ကသိုလ် ဘောလုံးကွင်းများ၊ တင်းနစ်နှင့် ကြက်တောင်ကွင်း၊ ရေကူးကန်တို့နှင့် ယှဉ်လျှင် လာကစားသူ ကြိတ်ကြိတ်တိုး မနေသော်လည်း အလေးမရုံသည် သူ့နည်းသူ့ဟန်နှင့် အသက်ဝင် လှုပ်ရှားနေသည်။

တစ်နာရီသာသာ ကြာအောင် သူ ကစားခဲ့ပြီးပြီ။ ရှေ့ရက်များက အပေါ်ပိုင်း ကစားခဲ့သည်မို့ သည်နေ့က အောက်ပိုင်း ထိုင်ရသည့် နေ့။ စောစောလေးကတင် သူသည် အိပ်ထမတင် စုစုပေါင်း အကြိမ်နှစ်ရာအထိ ရအောင် ရိုက်နိုင်ခဲ့သည်။ ပြီးခဲ့သော ရက်ပိုင်းက အချက်ရေ နည်းသွားခဲ့လို့ ဗိုက်ခေါက်လေးများ အနည်းငယ် ထွက်လာခဲ့သလားဟု သူ့ကိုယ်သူ ထင်နေခဲ့သေး၏။ ယခု အချက်ရေ ပြန်များလာသဖြင့် စိတ်ကျေနပ်သွား၏။ မှန်ရှေ့တွင် ရပ်ကာ ကျစ်လျစ်နေသော သူ့ကိုယ်သူ ပြန်ကြည့်ရင်း ကိုယ့်ခန္ဓာကိုယ် ပြန်ချစ်နေမိသည်။

"ဆရာ့ကိုတော့ အားကျပါရဲ့၊ ကျွန်တော်တို့ ဆရာတွေထဲ ကျန်းမာရေး အလိုက်စားဆုံး၊ အနုပျိုဆုံးက ဆရာပဲ။ ကျွန်တော်တို့တောင် ဆရာ့အရွယ်ကျရင် ဆရာ့လို လုပ်နိုင်မှာ မဟုတ်ဘူး"

သူ့ကို လှမ်းပြောလိုက်သူက တက္ကသိုလ်ပေါင်းစုံ အလေးမ ပြိုင်ပွဲအတွက် အရွေးခံထားရသဖြင့် ညနေတိုင်း သည်မှာလာ လေ့ကျင့်ခန်း ဆင်းနေရသည့် တက္ကသိုလ်ကျောင်းသား တစ်ဦး။ သည်မှာ မကြာခဏ ဆုံမိကြသဖြင့် သူ့တပည့် မဟုတ်သော်လည်း မျက်မှန်းတန်းမိနေကြသည်။ ထိုကျောင်းသားကို သူ ပြန်ပြုံးပြလိုက်၏။

"ဆရာ ဝိတ် ဘယ်လောက်လဲ" ဟု ကျောင်းသားက မေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"တစ်ရာ့ခြောက်ဆယ်ပဲ၊ ပုံမှန်ပဲ၊ အရပ်က ငါးပေ ရှစ်လက်မ" ဟု သူ ပြန်ဖြေလိုက်သည်။

"ဟာ ... ဒါဆို အနေတော်ပါပဲ၊ ဆက်ထိန်းထား ဆရာ။ တခြား ဆရာတွေကိုလည်း ဆရာ ခေါ်လာပါလား။ ကျွန်တော်တို့ မြန်မာပြည်က ဆရာတွေက အသက်ကြီးလာရင် ဗိုက်ရွှဲလာကြတာချည်းပဲ။ ဆရာတွေ နုပျို ကျစ်လျစ်တော့ တပည့်တွေလည်း အားကျပြီး ကျန်းမာရေး ပိုလိုက်စားကြမှာပေါ့ ဟဲ ဟဲ"

"ဆရာတို့ရဲ့ လုပ်ဖော် ကိုင်ဖက်တွေက ကိုယ်ခန္ဓာကို ထိန်းသိမ်းဖို့ သတိ မရကြပါဘူး ငါ့ကောင်ရာ။ သတိရ ရင်တောင် ကျောင်းဆင်းတာနဲ့ အိမ်ကို အပြေး ပြန်ကြရတာ မဟုတ်လား။ အိမ်ထောင်သည်များဆို ပိုဆိုးပေါ့" ဟု သူက ပြန်ပြော လိုက်သည်။

"ဟာ... ဘာလဲ၊ ဆရာကတော့ လူပျိုကြီးလား" ဟု ထိုလက်ရွေးစင် ကျောင်းသားက အံ့သြဟန်ဖြင့် မေးသည်။ သူက မျက်စိတစ်ချက် မှိတ်ပြလိုက်ပြီး...

"ကလေးတစ်ယောက်အဖေ လူပြို... ရရစ်နဲ့ပြိုတဲ့ လူပြို ဟား ဟား..."

ထို့နောက် အဝတ်အစား လဲကာ ထွက်လာခဲ့၏။ မျက်နှာသိ ကျောင်းသား များက နှုတ်ဆက်သူ နှုတ်ဆက်၊ စနောက်သူက နောက်။ "ဆရာ... မနေ့က မလာပါလား" ဟု ပြောသူကို ကြည့်လိုက်တော့ ပထဝီအထူးပြုမှ ကျောင်းသား တစ်ဦး။ သူက "အေးကွာ.... ကျောင်းမှာ အစည်းအဝေးတွေ ဆက်တိုက်နဲ့မို့လို့ နောက်ကျနေတာနဲ့" ဟု ပြုံးပြီး ဖြေလိုက်သည်။

သူ့တပည့်ဖြစ်ဖူးသူရော မဖြစ်ဖူးသူများရော အရွယ်နှင့်မလိုက် နုပျို ဖျတ်လတ်လှသော သူ့ကို နောက်မှ ငေးကြည့်ရင်း ကျန်ရစ်သည်။ အလေးမ,ရုံမှာ ကျောင်းသားလူငယ်များကြား တစ်ဦးတည်းသော အားကစားကလပ် အသင်းဝင် တက္ကသိုလ်ဆရာကို သူတို့ မချီးကျူးဘဲ မနေနိုင်။ သူတို့ ဆရာသည် ခေတ်ရှေ့ ပြေးလှ၏။

တကယ်လည်း သူသည် လေးဆယ်တန်း ဆိုသော အရွယ်နှင့် မလိုက် အောင် နုပျို ဖျတ်လတ်သူ။ သက်တူရွယ်တူ ယောကျ်ားတွေက ဘီယာဗိုက်တွေ၊ စည်းပိုင်းပြတ်ကြီးတွေ ဖြစ်နေချိန် သူသည် အသက်ထက် ဆယ်နှစ်ခန့်မျှ ငယ် သည် ထင်နေရသည်။ ဆံဖြူမီးခိုး မဖြစ်စလောက်သည် ဆံမည်းကုဋေကုဋာ ကြားမှာ ငုပ်လျှိုး ပုန်းနေဆဲ။ နက်မှောင်ထူထဲလှသော ဆံကေသာက ဦးခေါင်း ထက်မှာ မဟူရာခေါင်းစွပ် စွပ်ထားသလို ခန့်ခန့်ညားညား နေရာယူလျက်။

mgyoe.com

mgyoe.com
SAMPLE BOOK


သူကတော့ ယခုလို နုပျိုရခြင်းအကြောင်း လျှို့ဝှက်ချက်ရယ်လို့ ထွေထွေထူးထူး မရှိပါဟုသာ မေးလာ သူတိုင်းကို ပြောတတ်သည်။ ဘယ်ဇော်ဂျီကမှ သူ့ကို ဆေးပေးထားလို့ မဟုတ်။ သူ နုပျိုရခြင်းသည် ကျန်းမာရေးကို ဂရုတစိုက် နေထိုင်၍ဟုသာ ပြန်ဖြေတတ်သည်။ သူသည် ဆေးလိပ် သောက်ခဲ့လှသည်။ နံနက်တိုင်း ပုံမှန် နာရီဝက်၊ လေးဆယ့်ငါးမိနစ် လမ်းလျှောက်သည်။ အရက်ကို နေ့တိုင်း ညစာမစားမီ သောက်သော်လည်း နှစ်ပက်၊ သုံးပက်ထက် ပို၍ မသောက်တတ်။ တစ်ခါတလေ သူငယ်ချင်းများနှင့် ဆုံ၍ သူတို့က အတင်းညှဉ်းမှသာ မူးအောင် သောက်တတ်သည်။ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ကိုသာ စားသည်။ ဆီအသန့် ဆီအစစ်ကို သေချာရွေးဝယ်သလို လျှော့လည်း စားသည်။ အသား၊ ငါးနှင့် အသီးအရွက်ကို မျှမျှတတ ပါအောင် ဇယားဆွဲသည်။ အစားကို ဝမ်းနှင့် ချင့်ချိန်၍သာ စားသည်။ ဘယ်သူ အတင်းကျွေးလို့မှ အားနာလှသည် ဆိုပြီး မဆုံ့မပြ မစားဖူး။ တတ်နိုင်သမျှ ပုံမှန်လာ၍ အလေးမ,သည်။ စနေ၊ တနင်္ဂနွေ အားလပ်ရက်များ ဆိုလျှင် ရေကူးကန်သို့ သွား၍ ရေကူးတတ်သည်။ တစ်ပတ်ကို ငါးရက် တက္ကသိုလ်မှာ စာသင်သည်။ ကလေးတစ်ယောက် အဖေ တစ်ခုလပ်၊ လူပျိုကြီး။ တခြားအပူအပင် မရှိ။ ဒါတွေသည်ပင် သူက သူ နုပျိုရခြင်း၏ လျှို့ဝှက်ချက် ဖြစ်ပါသည်ဟု ပြော၏။

သို့သော် သူ လူတကာကို မပြောပြသည့် တခြား လျှို့ဝှက်ချက် တစ်ခု၊ နှစ်ခုလည်း ရှိချင် ရှိပေလိမ့်မပေါ့။

♦

> တစ်သက်တာအတွက် ရည်စူးလို့ထားတဲ့ ချစ်သူနှင်းဆီရယ် ...
> ကိုယ့်ရင်ထဲက နှလုံးအိမ်တွင်းမှာ ဆူးချက်များစွာနဲ့ ...
> သိပ်ရက်စက်တတ်တဲ့ နှုတ်ခမ်းနီလေးကို စွဲလမ်းမိနေတယ် ...

တာရာ၏ သီချင်းသံက ကားကက်ဆက် ဆောင်းဘောက်မှ မတိုးမကျယ် လွင့်ပျံနေသည်။ သည်နေ့က သောကြာနေ့။ မနက်ဖြန် ကျောင်းနှစ်ရက် ပိတ်သည်။ တကယ်တော့ ကျောင်းပိတ်ကာလ ဖြစ်သော်လည်း သူ့လို ဆရာတွေကတော့ အမှတ်ခြစ်ရ၊ သင်ရိုး အစည်းအဝေးတွေ တက်ရနှင့် မအား။ ဒီနေ့တော့ တာဝန်

mgyoe.com

mgyoe.com SAMPLE BOOK


တွေကို လွှတ်ချပစ်ပြီး အရှည်လျားဆုံးညကို သူ ကျော်ဖြတ်ချင်သည်။ သောကြာနေ့ ညနေသည် တစ်ပတ်တာမှာ သူ အရောက်ချင်ဆုံး မဟုတ်လား။ အပြာရောင်မှိုင်းဝေသော ဆိုင်တစ်ဆိုင်ကို ယခုည သူ သွားရဖို့ ရှိသည်။

"ဟာ... ဆရာကိုမင်းဟန်၊ ကျောင်းက ခုမှ ပြန်လာတာလား"

ကျောင်းနှင့် တအား မဝေးလှသော ရပ်ကွက်တစ်ခုထဲရှိ တစ်ထပ်တိုက်ပုလေးရှေ့ ကားကလေးကိုအရပ် တစ်လမ်းတည်းနေသူ အိမ်နားနီးချင်း တစ်ယောက်က နှုတ်ဆက်သဖြင့် အတွေးစ ပြတ်သွားပြီး ပြုံးလျက် ပြန်နှုတ်ဆက်လိုက်ရသည်။ "ဟုတ်... ဟုတ်ပါတယ်" ဟုပဲ သူ ပြောလိုက်သည်။

အိမ်ပေါ်တက်ပြီး ရေမိုးချိုး၏။ အပြာနုရောင် ရှပ်လက်ရှည်နှင့် အသားရောင် စတိုင်ဘောင်းဘီကို ဝတ်၊ နက်ပြောင်နေအောင် တိုက်ထားသည့် ရှူးဖိနပ်ကို စီး၊ ဆံပင်ကို အမွှေးဆီ သေချာလိမ်းပြီး သေချာညီညာ ကျနနေအောင် ဖြီးသည်။ ကျောင်းသွားရသည့် အချိန်နှင့် ပွဲနေပွဲထိုင်မှ လွဲလျှင် သူ့ခါးပေါ် အမြဲတွေ့ရသည်က စပို့ရှပ်၊ သို့မဟုတ် ရှပ်အင်္ကျီ အရောင်နုနုနှင့် စတိုင်ဘောင်းဘီရှည်ချည်း။ ပြီးတော့ ရေမွှေးနည်းနည်း ဆွတ်သည်။ ရွှေရောင် တိုက်တေနီယမ်ကိုင်းမျက်မှန်လေးကို တပ်ပြီး မှန်ရှေ့ ရပ်သည်။ ထို့နောက် ကျေနပ်စွာ ပြုံးလိုက်၏။ ကဲ သွားမှ... နောက်ကျနေတော့မယ်။

ထို့နောက် ကားပေါ်တက်၊ စက်နှိုးသည်။ ဗိုက်နာဈေးဖြင့် ရခဲ့သော သူ့စီးတော်ယာဉ် ဂျပန်ကျ တစ်ပတ်ရစ် တိုယိုတာ ကိုရိုလာ အက်စ်အီး စလွန်းကားဖြူကလေးသည် သူ့အိမ်ရှေ့ လမ်းသွယ်လေးမှသည် ဘယ်ချိုး၊ ညာချိုးရင်း အင်းစိန်လမ်းမသို့ ရောက်လာသည်။ ထို့နောက် ဘယ်ဘက်ကို ကွေ့၊ တည့်တည့်မောင်းပြီး ကန်လမ်းအရောက် ညာဘက်ချိုးကာ ပြည်လမ်းအထိ မောင်း၊ ပြည်လမ်းရောက်တော့ ဘယ်ပြန်ချိုးပြီး ရှစ်မိုင်လမ်းဆုံဘက်သို့ ဦးတည် ပြေးလွှားနေတော့သည်။ အနောက်ဘက် ကောင်းကင်တွင် နေလုံးက မရှိတော့။ သို့သော် မိုးကုပ်စက်ဝိုင်းနားမှာတော့ နဂါးဖို နှင့် နဂါးမတို့ တစ်ဦးကိုတစ်ဦး မီးများ မှုတ်ကစားရင်း ကျီစယ်ကြဆဲ။

ရှစ်မိုင်ပန်းခြံ မြိုင်ဟေဝန်ဥယျာဉ် စားသောက်ဆိုင်ရှေ့ ကားရပ်ပြီး ဆိုင်ထဲ ဝင်လာသည့် သူ့ကို ပျာပျာသလဲ ကြိုဆိုကြသည့် စားပွဲထိုးများ။ သူက

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုင်ထဲ ဝေ့ဝဲကြည့်လိုက်ရင်း ထောင့်ကျကျ စားပွဲတစ်လုံးသို့ ဦးတည် သွားလိုက်သည်။ မရန်းနုရောင် ဘလောက်စ်ဝတ် အမျိုးသမီးငယ်တစ်ဦး ထိုင်နေသော စားပွဲ။ ဆွဲဆောင်မှု ရှိသော မိန်းမတစ်ယောက်။ စားသောက်ဆိုင်အတွင်း မီးအလင်းရောင်ကို မှိန်မချရသေး။ ဆိုင်ထိပ်ဦး စင်မြင့်ထက်ရှိ ကီးဘုတ်လေး တစ်လုံးက တီးခတ်သူမရှိ၊ သို့သော် ဆောင်းဘောက်မှ တေးသွားချိုချိုတစ်ခုက မတိုးမကျယ် ထွက်ပေါ်နေသည်။

"နောက်ကျတယ်နော် ဆရာကြီး"

စားပွဲမှာ ထိုင်ထိုင်ချင်း ကြုံရောက်နေသော အမျိုးသမီးက သူ့ကို မျက်စောင်းထိုး၏။ သူက လက်ပတ်နာရီကို တစ်ချက် ကြည့်လိုက်ရင်း ...

"ဟုတ်လို့လား... နောက်မကျပါဘူး၊ ပုံမှန်အချိန်ပါပဲ။ မိကသာ စောနေတာ နေမှာ"

"နောက်ကျတာပေါ့၊ မိန်းကလေးတစ်ယောက်တည်း ဆိုင်ထဲမှာ ထိုင်နေရတာ ဘယ်လောက် ကသိကအောက်နိုင်လဲ"

မိန်းကလေးက နှုတ်ခမ်းကလေး စူစူ၊ သူက ရယ်လိုက်ရင်း "တို့နှစ်ယောက် လာထိုင်နေကျပဲကွာ... မိကို အားလုံးက မျက်မှန်းတန်းမိနေတာပဲ" ဟု ဆိုကာ ချော့လိုက်သည်။

စားပွဲပေါ်တွင် ဝိုင်တစ်ခွက်နှင့် ဟင်းပွဲ အနည်းအကျဉ်း ချထားသည်။ သူက "ထုံးစံအတိုင်း" ဟု ပြောသောအခါ စားပွဲထိုးက လက်နှစ်လုံးလောက် ထည့်ထားသော ဝီစကီခွက်ကို ဆော်ဒါ မပါဘဲ ရေခဲတစ်ဘူးနှင့်အတူ လာချပေး၏။ မိ ဟု သူ ခေါ်လိုက်သော ထိုအမျိုးသမီးသည် အကြေကောက် ကောက်ထားသော ဆံနွယ်တို့ကို တစ်ချက် သပ်လိုက်ပြီး ပြုံးယောင်ယောင်ဖြင့် သူ့ကို ကြည့်ကာ ထိုင်ခုံချင်း နီးအောင် ကပ်လိုက်သည်။ မိ ဆွတ်လာသော ရေမွှေးနံ့နှင့် သူ့ရေမွှေးနံ့တို့ အချင်းချင်း ပေါင်းဆုံသွားကြသည်။

ခဏအကြာ ခန်းမတစ်ခုလုံး မီးအရောင်များ မှိန်သွားပြီး စင်မြင့်ထက်ပေါ်သို့ ကီးဘုတ်ဆရာ တက်လာသည်။ အဖွင့်တီးလုံးကို တီးသည်။ အဆိုတော်မလေးများနှင့် မိတ်ဆက်သည်။ မိ က သူ့အား ဘေးမှနေ၍ စကားတွေ တတွတ်တွတ် ပြောနေ၏။ သူကတော့ နားတစ်ဖက်ဖြင့် မိ ပြောသမျှကို နားထောင်ရင်း ကျန်နားတစ်ဖက်ဖြင့် စင်မြင့်ထက် ဆလိုက်ရောင်စုံ မီးများအောက်မှ အဆိုတော်

mgyoe.com

mgyoe.com
SAMPLE BOOK


လေးများ၏ သီချင်းသံကို နားသောတ ဆင်သည်။ ပေါင်ရင်းနားအထိ တိုပြတ်သော စကတ်ဝတ် အဆိုတော်လေးများကို ရှုစားသည်။ ရန်ကုန်မှာ ယခုတစ်လော စင်တင်တေးဂီတ ပါသော ဘီယာဆိုင်လေးတွေ ခေတ်စားလာသည်။

ဆိုင်မှ ထကြတော့ ကိုးနာရီလောက်ပဲ ရှိဦးမည်။ မိက ကန်ပေါင်မှာ လမ်းသွားလျှောက်ချင်သေးသည်ဟု ဆိုသဖြင့် နှစ်ဦးသား ကားကလေးဖြင့် ရှစ်မိုင်မှ ပြည်လမ်းအတိုင်း အင်းလျားကန်ပေါင်သို့ မောင်းလာခဲ့သည်။ တစ်လမ်းလုံး မိက သူ့ပခုံးပေါ် ခေါင်းမှေးပြီး ဘေးမှ ထိုင်လိုက်လာကာ စကားတွေ တတွတ်တွတ်။ ကန်ပေါင်မှာတော့ အေးအေးလူလူ အနားယူသူတွေနှင့် ပြည့်နေ၏။ တကယ်တော့ လူများသည့် နေရာများသို့ သူ မသွားချင်။ မျက်နှာသိများနှင့် တိုးမှာ စိုးသည်။ ခုလည်း မိ က အတင်း ပူဆာလွန်းလို့သာ။

ကားပေါ်မှဆင်းပြီး ရှေ့မှသွားနေသည့် မိပုံစံက ယခုတော့ အပျိုပေါက်ကလေးလိုလို ဘာလိုလို။ လွတ်လပ်ပေ့ါပါးမှု အပြည့်ဖြင့် အပြေးတစ်ပိုင်း သွားနေပုံက ယခုချက်ချင်းပဲ ကောင်းကင်ပေါ် ပျံတက်တော့မည့် ပျံလွှားငှက်ကလေးတစ်ကောင်အလား။ သူက မိကို ပြုံးကြည့်ရင်း ဖြည်းဖြည်းချင်းသာ လျှောက်လိုက်သွားသည်။ မိ က သူ့ထက် ဆယ်နှစ်ကျော်လေး ငယ်သည်။ ရုပ်က အလှကြီး မဟုတ်သော်လည်း ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်ဖြောင့်ဖြောင့်နှင့်၊ လူကလည်း ပြင်တတ် ဆင်တတ်နှင့် ကြည့်လို့ ကောင်းသူလို့ ဆိုရမည့် ဣတ္ထိယတစ်ဦး။ အထူးသဖြင့် မိရဲ့ နောက်ကျောဘက်အလှကို အကြိုက်ဆုံး။ ထဘီကို တင်းတင်းရင်းရင်း ဝတ်ထား၍ ခါးကလေးနွဲ့ကာ လှုပ်လီလှုပ်လဲ့ သွားနေသော မိကို နောက်မှ ကြည့်ရသည်မှာ ဂစ်တာလေး တစ်လက် လမ်းလျှောက်နေသည်နှင့် တူသည်ဟု သူ အောက်မေ့မိသည်။ ဦးသုခ၏ ဝတ္ထုတို တစ်ပုဒ်ပါ အသုံးအနှုန်းကို ငှားသုံးရမည် ဆိုလျှင် မိ သည် အပျို မဟုတ်တော့သော်လည်း 'အပျိုဆီ အပျိုနှစ်တို့ဖြင့် တစ်တစ်ရစ်ရစ် ရှိ' လှသေးသည်။

မိက ရှေ့မှ ခြေလှမ်းနည်းနည်း သွားနေရာမှ နောက်ပြန်လှည့်လာပြီး သူ့လက်မောင်းကို လာချိတ်ကာ အတူတူ ယှဉ်လျှောက်ကြသည်။ အရွယ်တင်နုပျိုရုံမက ကျကျနန ဝတ်စားတတ်သော သူနှင့် ကြော့ရှင်းလှပသော မိတို့ အတွဲသည် ယနေ့ညအဖို့ အင်းလျားကန်ပေါင်၏ ဘုရင်နှင့် ဘုရင်မဟု ဆိုလျှင် ရနိုင်

mgyoe.com

mgyoe.com

SAMPLE BOOK


လေမလား။ သူ့နည်း သူ့ဟန်နှင့် အရွယ်တင်နုပျိုကာ ပြင်တတ် ဆင်တတ်ကြသော အသက်လေးဆယ်စွန်းစ ယောကျ်ားတစ်ယောက်နှင့် အသက်သုံးဆယ်အရွယ် မိန်းမတစ်ယောက်တို့သည် ယနေ့ည အင်းလျားကန်ပေါင် အထက် မိုးကောင်းကင်ရှိ လင်းလက်သော ကြယ်လေးနှစ်ပွင့်နှင့် တူကြသည်။

♦

အင်းလျားမှ သူ့အိမ်သို့ ကားမောင်းလာသည့်အခါ လမ်းတွင် ကားတွေတောင် အတော်ရှင်းနေပြီ။ အိမ်ရောက်တော့ မီးပြတ်နေ၏။ ဖယောင်းတိုင်မီးအောက် နှစ်ယောက်သား နည်းနည်းစီ ဆက်သောက်ကြသေးသည်။ သူက ဘရန်ဒီလေး နှစ်ပက်လောက်၊ မိ က ပြင်သစ်ဝိုင်လေး နှစ်ခွက်လောက်ပေ့ါ။ ပြီးတော့ သူက မိကို ဧည့်ခန်းထဲက စန္ဒရားကြီးနားမှာ ထိုင်ခိုင်းပြီး သူ တီးပြတာကို နားထောင်ခိုင်းသည်။

ခါတိုင်းလိုပင် မိသည် 'နားထောင်လို့ ကောင်းတယ်' ဟုပဲ ပြောသည်။ မိ သည် သီချင်းတွေကို ကြိုက်သော်လည်း တူရိယာတွေကို မတီးတတ်။ ဂီတ အကြောင်းကိုလည်း နားလည်သူတော့ မဟုတ်။ လူဖြစ်နေ၍ တိရစ္ဆာန်ထက် သာသောကြောင့် ဂီတကို နားဆင်တတ်သူသာ ဖြစ်သည်။ သူကတော့ အမြဲလို ပင် ဂီတသဘောတရားများ အကြောင်း ရှင်းပြတတ်သော်လည်း မိအတွက် တအား စိတ်ဝင်စားစရာ မဖြစ်။ ရုပ်ရှင်ကြည့်လျှင်လည်း သူက ရုပ်ရှင်တွေကို သရုပ်ခွဲပြ ရတာ၊ သမိုင်းကြောင်းတွေ ရှင်းပြရတာတွေ အစက လုပ်ကြည့်သေးသော်လည်း မိ သည် သူ ခေါ်သလောက် မလိုက်လာ။ မိ အတွက်ကတော့ ရုပ်ရှင်ဆိုသည်မှာ ရယ်စရာပါလျှင် ရယ်လိုက်ရုံ၊ လွမ်းစရာပါလျှင် လွမ်းလိုက်ရုံ၊ မင်းသား၊ မင်းသမီး ချောလျှင် အားကျလိုက်ရုံ ဆိုသော အပန်းဖြေစရာ နည်းလမ်း တစ်ခုထက် မပို။

တီးရ ဆိုရတာ မောလာတော့ ဖယောင်းတိုင်မီးများကို မှုတ်ပြီး အိပ်ရာ ဝင်ကြသည်။ မိသည် ခါတိုင်း ခါတိုင်းတွေမှာလိုပဲ ရင်ခုန်စိတ်လှုပ်ရှားစရာ ည တစ်ညကို ပေးပြန်တာပါပဲ။ သူ ဘာကြိုက်သလဲ မိ သိသည်။ မိ အသည်းခိုက်သည့် ပုံစံကိုလည်း သူ သိသည်။ ဒါကြောင့်လည်း သူတို့နှစ်ဦး အဆင်ပြေနေကြခြင်းလား ဟု သူ တွေးမိပြန်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"အစ်ကိုကို မိ ပြောရင် ကောင်းမလား၊ မပြောရင် ကောင်းမလား"

နှစ်ဦးသား ဖက်လျက် အိပ်ပျော်သွားကြပြီး ညလယ်လောက် တစ်ရေးနိုးလာကြစဉ် မိက သူ့ကို သိုင်းဖက်၍ စကားစမ်းသည်။ မီး ပြန်လာနေပြီမို့ ပြတင်းလိုက်ကာကို ဖောက်ကျနေသော လမ်းမီးအရောင် ဖျော့ဖျော့အောက် ရင်စည်းလျော့လျော့နှင့် မိကို စွဲမက်စရာ မြင်ရသည်။ နာရီတော့ မကြည့်မိ။ ညနာရီပြန် တစ်ချက်လား၊ မနက် လေးနာရီလား။

"ပြောလေ မိရဲ့"

မိက အကြာကြီး ငြိမ်နေပြီးမှ "ပြောရမှာလည်း ရှက်ပါတယ်... အစ်ကိုရယ်... အစ်ကို မိကို လက်မထပ်နိုင်ဘူးလား ဟင်" ဟု ခပ်ဆိုင်းဆိုင်း ပြောသည်။ သူ့ခေါင်းကို မိုးကြိုးပစ်သလို ရှိသည်။ သူ မကြားချင်ဆုံး စကား။ ဘယ်တော့မှ မကြားရပါစေနှင့်ဟု သူ အမြဲ ဆုတောင်းခဲ့သော စကား။ သူ သက်ပြင်း အရှည်ကြီး ချလိုက်သည်။

"မိရယ်... ကိုယ် အိမ်ထောင် ထပ်မပြုချင်တော့ပါဘူးလို့ ပြောပြီးသားပဲ မဟုတ်လား။ ဟိုးအစ မိနဲ့ စတွေ့ကတည်းက ဒီ သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောထားပြီးသားပဲ။ မိကိုရော ကိုယ်က လက်ထပ်ပါ့မယ်လို့ ပြောခဲ့ပြီးမှ ခုလို နေခဲ့ကြတာလား"

သူ့အသံက မာလည်း မမာ၊ ပျော့လည်း မပျော့၊ ပုံမှန်သံသာ။ သည်လို ဖြစ်ဖို့လည်း မနည်း ကြိုးစား ပြောခဲ့ခြင်း ဖြစ်သည်။ သူသည် ဘယ်တုန်းကမှ စကားမကျွံ၊ စကားမလွန်ခဲ့။ သို့သော် သူ့ဘက်က စကား မလွန်ခဲ့ခြင်းအပေါ် နိုင်ကွက်တစ်ခု အနေဖြင့်လည်း တရားလွန် အသုံးမပြုချင်။

မိက ဘာမှ ပြန်မပြောတော့ဘဲ သက်ပြင်းချ၏။ မိ ရှူထုတ်လိုက်သော ထွက်သက်လေက သူ့ ရင်ဘတ်ကို လာထိသည်။ မိရဲ့ အနေအထားက တစ်ခုခုကို ဆုံးဖြတ်ချက် ချရတော့မည့် လမ်းဆုံလမ်းခွ ရောက်နေသူလို ဖြစ်သည်။ ဒါကို သူလည်း သိသည်။ မိသည် အိမ်ထောင်ပြုမည်ဟု ဆုံးဖြတ်လျှင် ယခုထက် သိပ်နောက်ကျလို့ မကောင်းဟု ကာယကံရှင်ကလည်း သိသည်။ သူကလည်း သိသည်။ မိက တစ်ခုခုကို မရွေးချယ်ခိုင်းလာသရွေ့ သူကတော့ မိနှင့် ယခုလိုပင် ပိုနေမြဲ ကျားနေမြဲ နေသွားချင်သည်။ နောက်ဆုံး မတတ်သာလျှင်တော့လည်း သူ မိကို လက်လွှတ်လိုက်ရရုံသာ ရှိမည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဖေဖေက ကျန်းမာရေး တအားဆိုးလာပြီ အစ်ကို... မေမေကလည်း မှိုခို၊ အငယ်တွေကလည်း ကြီးကောင် ကြီးမားတွေနဲ့ ဘာမှ အားမကိုးရတဲ့အပြင် သူတို့ကိုတောင် မိက ပြန်လုပ်ကျွေးနေရသေးတယ်။ မိဘမောင်နှမ တာဝန် အားလုံးက မိ ပခုံးပေါ်မှာပဲ"

မိ ဆိုလိုရင်းကို သူသိသည်။ မိကိုသာ သူ ယူလိုက်ပြီ ဆိုလျှင် မိရဲ့ မိသားစု တာဝန်တွေအတွက် သူ့မှာလည်း တာဝန်ရှိလာမည်။ ထိုအခါ မိ ပခုံးပေါ်မှ တာဝန်များ လျော့ကျမည်။ သူသည် လူချမ်းသာထဲက မဟုတ်သော်လည်း အိမ်ပိုင်လေး၊ ကားပိုင်လေး ရှိသည်။ တက္ကသိုလ်ဆရာ ဆိုသော တင့်တောင့်တင့်တယ် အလုပ်အကိုင် တစ်ခု၊ မများသော်လည်း လောက်ငသော လစာ ရှိသည်။ မိဘအမွေလေး နည်းနည်းပါးပါး ရှိသည်။ မိသည် ဘယ်လောက်ပဲ အတွေးအခေါ်အားဖြင့် သူ တကာမိန်းမတို့နှင့် ကွာသည် ဆိုစေဦး၊ ဘဝမှာ ငှဲရမှာတွေ များလာတော့လည်း အတည်တကျ အားကိုးရမည့် အဖော်တစ်ဦးကို ရှာချင်လာသည်။ တစ်ဖက်က သူနှင့် တွဲနေသော ယောကျ်ားသန်၏ စိတ်ကိုလည်း မသိသည်တော့ မဟုတ်။ သို့သော် နှစ်နှစ်လောက် တွဲလာပြီးမှတော့လည်း သူသည် မိကို သဘောကျကာ စိတ်ပြောင်းချင် ပြောင်းလာနိုင်သည်ဟု တွက်သည်။ ဒါကြောင့်လည်း အတန်တန် စဉ်းစားပြီးမှ အရဲစွန့်ကာ ရှေ့မျက်နှာ နောက်ထားလျက် မိန်းကလေးက စပြောရခြင်းပဲလေ။

"မိရယ်... ကိုယ် အမြဲပြောပါတယ်၊ အိမ်ထောင်ပြုတယ် ဆိုတာဟာ လူတစ်ယောက်ရဲ့ လွတ်လပ်တဲ့ ရွေးချယ်မှုပဲ ဖြစ်ရမယ်။ ကမ္ဘာဦး အစကတည်းက တည်လာခဲ့တဲ့ ဓလေ့ထုံးစံ အယူအဆတွေကြောင့် ဖြစ်ဖြစ်၊ အားကိုးရှာတာတို့ ဘာတို့ကြောင့်ပဲ ဖြစ်ဖြစ် တာဝန်တစ်ခုလို ပြုရတာမျိုးတော့ မလုပ်ပါနဲ့လား။ မိဟာ ဘွဲ့တစ်ခု ရပြီးသား၊ အရွယ်ရောက်ပြီးသား မိန်းမတစ်ယောက်။ ခေတ်မိန်းကလေးပဲကွာ၊ ကိုယ့်ဘဝကို ကိုယ့်ဟာကိုယ် တည်ဆောက်ပေါ့။ မိ ကြုံနေရတဲ့ အခက်အခဲအတွက် မဖြစ်မနေ အိမ်ထောင်ပြုရမှ ဖြစ်မှာလား။ အိမ်ထောင်ဟာ ထွက်ပေါက်လား၊ ကိုင်း ... မိ အဖေအတွက် ငွေလိုရင် အစ်ကို ကူညီနိုင်ပါတယ်"

"ဟင့်အင်း... အစ်ကို၊ အစ်ကို ကူညီခဲ့တာတွေ များလှပါပြီ၊ ကျေးဇူးလည်း ပြောမပြတတ်အောင် တင်ရပါတယ်။ ဒါပေမဲ့ အစ်ကို့ဆီက မိ အကူအညီ ထပ်မယူချင်တော့ဘူး၊ မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဒါဖြင့်လည်း မိ ဘယ်လို ကျော်လွှားချင်လဲ။ ပညာ ထပ်ရှာမလား၊ ဒီထက်ကောင်းတဲ့ အလုပ် ရှာချင်လား၊ စီးပွားရေး လုပ်မလား၊ အစ်ကို တတ်နိုင်တာ အကုန်လုပ်ပေးပါ့မယ်"

မိက ငြိမ်နေ၏။ တစ်အောင့်လောက် ကြာမှ ...

"အစ်ကို ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မိတို့ မိန်းမသားတွေရဲ့ ဘဝကို အစ်ကိုတို့ ယောကျ်ားတွေ နားလည်နိုင်မှာ မဟုတ်ပါဘူး။ မိတို့မှာက ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းပြီး လျှောက်ချင်ရင်တောင် အကန့်အသတ်တွေ အများကြီးရယ်။ ပတ်ဝန်းကျင်၊ ဓလေ့ထုံးတမ်း၊ အရိုးစွဲနေတဲ့ အယူအဆ... အများကြီးပေါ့။ အစကတော့ မိလည်း အစ်ကို ပြောသလို အစဉ်အလာတွေကနေ ခွဲထွက်ဖို့ မှန်းခဲ့တာပဲ၊ ဒါပေမဲ့ ..."

မိက စကားကို ရပ်ထားလိုက်ပြီးမှ ...

"ဟင်း... ထားလိုက်ပါတော့လေ..."

သူက မိ၏ မေးဖျားလေးကို ဆွဲမော့လိုက်သည်။

"ကိုယ် အိမ်ထောင် တစ်ခါကျပြီးပြီ၊ နောက်တစ်ကြိမ် ထပ်မကျချင်ဘူး မိရယ်... ဒါကလည်း ကိုယ့်စိတ်ကိုယ် သိနားလည်လို့ပါ။ အိမ်ထောင်သည် ဘဝနဲ့ ကိုယ့်စိတ်နဲ့ ဘယ်လိုမှ မဖြစ်ဘူး။ ဒါကို မိ သိအောင် အတန်တန် ပြောဖူးပါရဲ့။ ဒါပေမဲ့ မိကို သွားတော့လို့တော့ ကိုယ် လုံးဝပြောမှာ မဟုတ်ဘူး။ ဒါတော့ ကတိပေးနိုင်တယ်။ ကဲ... စိတ်ညစ်စရာတွေ တွေးမနေနဲ့တော့။ မနက်ဖြန်ကျရင် ပိုကောင်းတဲ့ အဖြေတစ်ခုခု ရလာဦးမှာပါ။ ခုတော့ အိပ်ရေးဝအောင် အိပ်၊ ပြန်အိပ်တော့နော်... မိ... နော်"

ထိုစကားနှင့်အတူ မိကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး ဆက်အိပ်ပျော်ဖို့ ကြိုးစားသည်။ မိ မှုတ်ထုတ်လိုက်သော လေပူတို့သည် သူ့လည်ပင်းကို စည်းချက်မှန် လာရိုက်ခတ်နေ၏။ မိအတွက် အိပ်၍ မပျော်သော ညတစ်ည သံသရာလည်။ သူကလည်း အရည်ပျော်ချင်နေပြီ။ သို့သော် သူသည် လည်ချင်သလိုလို ဖြစ်လာသောစိတ်တို့ကို အတင်းမောင်းထုတ်ပစ်သည်။ အတွေးစတွေကို အတင်းရပ်တန့်ပစ်သည်။ အိမ်မြှောင်စုတ်ထိုးသံ၊ နာရီချိန်သီးမြည်သံ တချက်ချက်တို့အကြား မှေးခနဲ ပြန်အိပ်ပျော်သွားတော့သည်။

♦

mgyoe.com

mgyoe.com SAMPLE BOOK


သူနှင့် မိတို့သည် လွန်ခဲ့သော နှစ်နှစ်နီးပါးက စ,တွေ့ခဲ့ကြသည်။ သူက ရန်ကုန် တက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိကတစ်ဦး။ မိ က နယ်မှ ရန်ကုန်သို့ လာပြီး အဆောင်နေကာ အလုပ်လုပ်သူ တစ်ဦး။ သူတို့နှစ်ဦး၏ ဆက်ဆံရေးသည် ချည် နှောင်မှုများ မပါသော အမျိုးအစား ဖြစ်သည်။ အနည်းဆုံးတော့ သူက ထိုသို့ ပြောလေ့ ရှိသည်။ သူက လွန်ခဲ့သော ငါးနှစ်က အိမ်ထောင်နှင့် ကွာရှင်းထားသည့် တစ်ခုလပ်၊ သမီးတစ်ယောက် အဖေ။ အိမ်ထောင်ကွဲတော့ သမီးက မိခင်ဖြစ်သူ နှင့် ပါသွားသည်။ မိကတော့ လူလွတ်ဆိုပေမဲ့ နယ်မှာ သူ့လစာကို မျှော်နေကြ သည့် မိအို ဖအိုများ၊ မောင်နှမအငယ်များ ရှိသေးသည်ဟု သူ့ကို ပြောသည်။

သူသည် ဇနီးဟောင်းနှင့် သမီးတစ်ယောက် ရပြီးလို့ သမီးဖြစ်သူ အသက် ဆယ်နှစ်မှာမှ ကွာရှင်းခဲ့ကြသည်။ သူ့ဇနီးဟောင်း မြဝတ်ရည်သည် မိုးကုတ်မြို့ရှိ ပြည့်စုံ ကြွယ်ဝသည့် ကျောက်ကုန်သည် မိသားစုမှ ဆင်းသက်လာသူ။ သူကတော့ ရန်ကုန်မှာ မွေး၊ ရန်ကုန်မှာ ကြီးသည့် လူလတ်တန်းစား ပညာတတ်။ မြဝတ်ရည် က စီးပွားရေးတက္ကသိုလ် ကျောင်းသူ။ သူက မြန်မာစာ ကျောင်းသား။ ကျောင်း တက်နေကြတုန်း သူတို့ ကြိုက်ကြသည်။

ဘွဲ့ရပြီးတော့ သူက မြန်မာစာ မဟာဝိဇ္ဇာတန်း ဆက်တက်၊ ကျူတာ ခေါ်တော့ ဝင်လျှောက်သည်။ ထို့နောက် မြဝတ်ရည် ဘွဲ့ရပြီး သိပ်မကြာခင်မှာပဲ သူတို့ လက်ထပ်ခဲ့ကြသည်။ မြဝတ်ရည်ကတော့ အိမ်ထောင်ကျပြီးနောက်ပိုင်း မိုးကုတ်က ရတနာကုန်သည်များနှင့် ချိတ်ဆက်ကာ ဗိုလ်ချုပ်ဈေးထဲ ကျောက် မျက်ရတနာဆိုင်လေး ဖွင့်သည်။ သူကတော့ တက္ကသိုလ်ဆရာ ဘဝကိုပဲ မြတ်မြတ် နိုးနိုး ရွေးချယ်ခဲ့သည်။

သူကတော့ သူ့ကိုယ်သူ အိမ်ထောင်သည်ဘဝနှင့် စရွေးမကိုက်မှန်း အိမ်ထောင်ပြုပြီးပြီးချင်း သဘောပေါက်သွားတော့သည်ဟု နောင်သောအခါ သူငယ်ချင်းများကို ရင်ဖွင့်၏။ "လင်နဲ့မယား လျှာနဲ့သွား တဲ့၊ ငါ့လျှာလည်း အကောင်းကို မရှိတော့ပါဘူးကွာ" ဟု ချစ်စ ခင်စ ကြင်နာစ နေ့ရက်များဆီတုန်း က အရက်ဆိုင်မှာ သူငယ်ချင်းများကို မူးမူးရူးရူးနှင့် လျှာလေး အာလေး ပြောခဲ့ဖူး သည်။ သူ့မိန်းမက ကြွယ်ပိုးကြွယ်ဝ အသိုင်းအဝိုင်းမှ လာသဖြင့် ငွေစကား သိပ်ပြော သည်ဟုလည်း ဆိုသည်။ လင်မယား စကားများကြတိုင်း မင်္ဂလာဆောင်တုန်းက

mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်တိုင်းကျ မဖြစ်ခဲ့ရသည့်အတွက် ဓာတ်ပြားဟောင်း ဖွင့်ကာ ချိုးချိုးနှိမ်နှိမ် အပြောခံရသည့်အပေါ် မျိုသိပ်ခဲ့ရတာတွေ ရှိသည်။ လင်ယောကျ်ားအနေဖြင့် ထိုစဉ်က ကျူတာပေါက်စ လစာ မဖြစ်စလောက်သာ ရှာပေးနိုင်တာတွေကို သူ့မိန်းမက စကားနာ ထိုးတတ်ခဲ့တာတွေ ရှိသည်။

သို့သော် သူတို့သည် သမီးလေးတစ်ယောက် ရသည်အထိတော့ အိမ်ထောင် တည်မြဲခဲ့သည်။ အမြဲ အဆင်ပြေနေခဲ့သည်တော့ မဟုတ်။ သူက အိမ်ထောင်သည်လည်း ဖြစ်၊ နောက်ပိုင်း ကထိကလည်း ဖြစ်လာသောအခါ ပုဂံလမ်း ဆရာဇော်ဂျီ နေသွားခဲ့ဖူးသည့် အိမ်အနားမှာပဲ အိမ်တစ်လုံး ရသည်။ သူ အခု လက်ရှိ နေနေသော အိမ်ကတော့ အိမ်ထောင်ပြုပြီးမှ လက်ထက်ပွား အနေဖြင့် ဝယ်ခဲ့သည့် အိမ်။ လက်ထက်ပွား ဆိုသော်လည်း သူ့မိန်းမ စီးပွားရေးကောင်း သဖြင့် ဝယ်နိုင်သည့် အိမ် ဖြစ်သည်။ ထိုစဉ်က သည်လိုနေရာ၊ သည်လို ရပ်ကွက်တွေမှာ အိမ်ဈေးတွေက သည်လောက် မကြီးသေး။

ရင်ခုန် နွေးထွေးခဲ့ရသော နှလုံးသားတို့ အေးစက်သွားပြီးချိန် သမီးဖြစ်သူ အသက် ဆယ်နှစ်တွင် သူတို့ ကွာရှင်းကြသည်။ သမီးလုပ်သူကို မိခင်က အုပ်ထိန်းခွင့် ရသည်။ လက်ထက်ပွား ပစ္စည်းများကို တစ်ဝက်စီ ခွဲကြရာတွင် သူက သူ့မိဘတွေဆီက ပိုက်ဆံချေးပြီး လက်ရှိအိမ်ကို တန်ဖိုးသင့်ကာ အမ်းယူလိုက်၏။ တစ်ချိန်က သူ့အဖေသည် စီးပွားရေးသမား တစ်ဦး။ ဦးနေဝင်း လက်ထက် ပြည်သူပိုင် သိမ်းခံရသည့်နောက် အတော်များများ ဆုံးရှုံးသွားခဲ့သော်လည်း ဆင်ပိန်တော့ ကျွဲလောက် ကျန်သေးသည်။ အစိုးရက မကြာသေးခင်ကမှ ကွယ်လွန်ခဲ့သည့် သူ့အမေသည် တစ်သက်လုံး သူ့ယောကျ်ား ရှာသမျှငွေကို ရွှေအဖြစ် ပြောင်းလဲခဲ့ခြင်းကြောင့် ခုနစ်ဆယ့်ငါးကျပ်တန်များ ဖျက်သိမ်းခံရသည့် အချိန်မှာတောင် အခြေပျက်မသွားခဲ့။ ဒါကြောင့်လည်း တစ်ဦးတည်းသော သား ဖြစ်သော သူသည် မိဘအမွေအားကိုးဖြင့် အပူအပင်ကင်းကင်း နေနိုင်ခဲ့သည်။

ကွာရှင်းပြီးနောက် သူ့မိန်းမက ဗိုလ်ချုပ်ဈေးရှိ ဆိုင်ခန်းကို ရောင်းပြီး သမီးကို ခေါ်ကာ မိုးကုတ် ပြန်သွားသည်။ သူသည် မိန်းမကို မလွမ်းသော်လည်း သမီးကိုတော့ လွမ်းသည်။ မိုးကုတ်ကို မကြာခဏ ဖုန်းခေါ်ပြီး သမီးနှင့် စကားပြောသည်။ ကွာရှင်းပြီးနောက်ပိုင်း ငါးနှစ်အတွင်း တစ်နှစ် တစ်ခေါက်တော့ မိုးကုတ်ကို ရောက်အောင် သွားပြီး သမီးကို သွားတွေ့တတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


သားအဖနှစ်ယောက် ခွဲခွာခန်းသည် ဘေးလူ အမြင်တွင်တော့ ဇာတ်နာလှသည်။ သူတို့လင်မယား ကွာကြ ရှင်းကြတော့မည်၊ မအေနှင့် လိုက်ရမည် ဆိုကတည်းက သမီးသည် သူနှင့်သာ လာအိပ်တော့သည်။ အိပ်တိုင်းလည်း သူ့ကို တစ်ညလုံး တင်းကျပ်စွာ ဖက်ထား၏။ မန္တလေးရထား စီးဖို့ ဘူတာကြီး ဆင်းခါနီးတွင်လည်း သမီးသည် သူ့ကို အတင်းဖက်ထားပြန်သည်။ ဖအေနှင့် ဘယ်လိုမှ ခွာလို့ မရ။ သူ့အမေက သူ့ကို ချော့လည်း မရ၊ ခြောက်လည်း မရ။ နောက်ဆုံး ဖအေက လေအေးအေးနှင့် နားဝင်အောင် ပြောမှ ရတော့သည်။

"သမီး ဆယ့်ရှစ်နှစ် ပြည့်တဲ့အခါ ဖေဖေနဲ့ တစ်သက်လုံး လာနေနော် ဟုတ်ပြီလား" ဆိုသော သူ့စကားတွင် သမီးက "ဒါဆို နောက်ထပ် ရှစ်နှစ်ကြီး တောင် စောင့်ရဦးမှာပေါ့" ဆိုသော စကားဖြင့် ဖအေကို မျက်ရည် ဖြိုင်ဖြိုင်ကျအောင် လုပ်သွားခဲ့သေးသည်။

ကွာရှင်းပြီးနောက်တွင် တက္ကသိုလ်က ပေးသော အိမ်မှ သူ အမ်းယူလိုက်သည့် ယခုအိမ်သို့ ပြောင်းနေသည်။ ထမင်းချက်လည်း မခန့်ဘဲ တစ်ကိုယ်တော် နေလာခဲ့သည်မှာ ငါးနှစ်ပင် ရှိခဲ့ပြီ။ သူ့တစ်ယောက်စာ အတွက်တော့ သည်အိမ်သည် နိုင်နိုင်နင်းနင်း ထိန်းသိမ်းနိုင်သော အိမ်။ သည်ငါးနှစ်အတွင်း သူသည် လူပျိုလူလွတ် တစ်ယောက်လို အပူအပင် ကင်းမဲ့စွာ နေလာခဲ့၏။ သမီး အတွက် စရိတ်ထောက်ငွေကို လစဉ်ပုံမှန် ပို့ပေးဖို့ တစ်ခုသာ သူ့မှာ တာဝန်ရှိသည်။

တစ်ခုလပ် ဖြစ်ပြီးနောက် နောက်အိမ်ထောင်ပြုဖို့ သူ မစဉ်းစားတော့။ သို့သော် မိန်းမနှင့်လည်း သူ မကင်းခဲ့။ သူ့ဘဝထဲသို့ မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ဝင်လာကြသည်။ သို့သော် မည်သူမျှ မမြဲ။ ငါးနှစ်အတွင်း သူနှင့် ပတ်သက်ခဲ့သည့် မိန်းမက ခြောက်ယောက်။ ဆိုတော့ တစ်နှစ်ကို တစ်ယောက် နှုန်းကျော်။ များသောအားဖြင့် မိန်းမတစ်ယောက်လျှင် သုံး၊ လေးလမျှသာ ကြာကြာ တွဲ ဖြစ်ခဲ့သည်။

မြဝတ်ရည်နှင့် ကွာရှင်းပြီးနောက်ပိုင်း သူသည် မည်သည့် မိန်းကလေး ကိုမျှ လက်ထပ်ပါရစေဟု ခွင့်မတောင်းတော့ပေ။ သူနှင့် တွဲသည့် မိန်းကလေး များထဲမှာတော့ တချို့က အစကတည်းက သူ့လိုပင် လက်ခုပ်လက်ဝါး၊ အပျော် သက်သက် တွဲသူတွေ။ သူ့ကို လက်ထပ်ဖို့အထိ ရည်စူးသည့် မိန်းကလေးလည်း

mgyoe.com

mgyee.com  SAMPLE BOOK 

ကြားညပ် ပါလာသေးသည်။ သို့သော် သူကတော့ လက်ထပ်ဖို့ကိစ္စကို မဟ။ တစ်ဖက်က စကားလမ်းကြောင်း လာလျှင်လည်း နောက်ဆုံး ပွင့်ပွင့်လင်းလင်း ပြောပြီး ခါထုတ်ခဲ့သည်သာ ဖြစ်သည်။ ဒါကြောင့်လည်း မည်သည့်မိန်းမကိုမျှ ကြာရှည် ကြာညောင်း မတွဲခဲ့ခြင်း ဖြစ်သည်။ မိ ကတော့ သူ တွဲဖူးခဲ့သမျှတွင် သက်တမ်းအကြာဆုံး စံချိန် တင်ထားသည်။ သူတို့ နှစ်ယောက် ပတ်သက်တာ နှစ်နှစ် ရှိတော့မည်။

မိကို သူ မချစ်၊ ကြိုက်တော့ ကြိုက်သည်။ မိ ကတော့ သူ့ကို ချစ်သလား၊ ကြိုက်သလား မပြောတတ်။ တစ်ခါမျှ မေးမကြည့်ခဲ့ချေ။ မိနှင့် သည်လောက် ကြာကြာ တွဲနေမိခြင်းအတွက် သူ့ကိုယ်သူလည်း စိုးရိမ်စိတ် ဝင်၏။ အချိန်ကြာ လာသည်နှင့်အမျှ ဖြတ်ရခက်မှာ စိုးသည်။ သူကိုယ်တိုင်လည်း မိအပေါ် တွယ်ငြိမှာ စိုးသည်။ ခက်တာက မိသည် သဘောကျစရာ အလွန်ကောင်းသော မိန်းမ ဖြစ်နေပြန်၏။ အထူးသဖြင့် ချစ်ဖူူဟာကျင်းကြတိုင်း မိသည် သူ့အတွက် အလွန် စိတ်ကျေနပ်စရာ ဖြည့်စွမ်းအပေးနိုင်ဆုံး မိန်းမ ဖြစ်သည်။ သူ့ဘဝတွင် မိလောက် မည်သူကမျှ သူ့ကို ကျေနပ်နှစ်သိမ့်မှု မပေးနိုင်စဖူး။ ဒါတင်မက မိသည် သူ့ အနွံ့ အတာကိုလည်း အခံဆုံး၊ သူ့အပေါ်လည်း ပြုစုယုယမှု အရှိဆုံး ဖြစ်ပြန်သည်။ ဒါကြောင့်လည်း မိနှင့် သူ သည်လောက် ကြာအောင် ပတ်သက်နေမိတာ ဖြစ်မည်။ သို့သော် လက်ထပ်မလား ဆိုရင်တော့ ဟင့်အင်း လို့သာ အမြဲ အဖြေထွက်နေသည်။ လက်ထပ်ကြရအောင် ဆိုသော စကား မိထံမှ ကြားလည်း မကြားချင်။

သို့သော်လည်း မိ သည် နောက်ဆုံးတော့ သူ မကြားချင်ဆုံးသော စကားကို ဟလာခဲ့ပြီ။

♦

မနက် နိုးလာတော့ မိကို မတွေ့တော့။ ဘယ်အချိန် ထထွက်သွားမှန်းပင် မသိလိုက်။ ထမင်းစားပွဲပေါ် ထမင်းကြော် တစ်ပန်းကန်၊ ပေါင်မုန့်ထောပတ်သုတ် တစ်ပွဲ၊ ကော်ဖီ တစ်ခွက်ကို တင်ပြီး အုပ်ဆောင်းဖြင့် အုပ်ထားသည်။ ပြီးတော့ စာတစ်စောင်...

အစ်ကို...

မိ ဒီနေ့ ကြီးတော်ကြီး နေမကောင်းတာ ဆေးရုံသတင်း သွားမေးစရာ ရှိလို့ နေ့လယ်ထိ မနေတော့ဘူး။ မနက်စာအတွက် ထမင်း ကြော်ခဲ့တယ်၊

mgyee.com

mgyoe.com

SAMPLE BOOK


မဝမှာစိုးလို့ ပေါင်မုန့်ထောပတ်သုတ်လည်း လုပ်ပေးထားခဲ့တယ်။ ခုညလည်း လာအိပ်ဖြစ်ဖို့ မသေချာဘူး။ လိုအပ်ရင် သူ့အတွက် လူနာစောင့် လုပ်ပေးရဦးမှာ။ အကြောင်းရှိရင် အလုပ်က ဖုန်းကို ဆက်လိုက်ပါ။

မိ

စာကို ဖတ်ကြည့်ပြီး အသာပြန်ချလိုက်သည်။ မျက်နှာသစ်သည်။ မိ ပြင်ပေးသွားသည့် မနက်စာကို စားသည်။ မိမှာ ကြီးတော်ကြီး တစ်ယောက် ရန်ကုန်မှာ ရှိသည်ဟု တစ်ခါမှ ပြောသံ မကြားစဖူး။ တမင် အကြောင်းပြတာလို့ပဲ သူ တွက်သည်။ ခါတိုင်းဆို မိသည် စနေတစ်နေ့လုံး၊ တစ်ခါတစ်ခါ တနင်္ဂနွေနေ့ တစ်နေ့လုံးပါ သူနှင့်အတူ နေတတ်သည်။ ယခုတော့ ညက သူ့ကို စည်းရုံးသည့် ကိစ္စ မအောင်မမြင်ဖြစ်ခဲ့လို့ တမင် ထွက်သွားခြင်းပဲ ဖြစ်မည်။ ယခုတော့ သက်ပြင်းချဖို့ အလှည့်ရောက်တာက သူ။

သူ မိကို သဘောတော့ ကျသည်၊ သို့သော် ချစ်သည်ဟု တပ်အပ် မပြောနိုင်။ နောက်တစ်ချက်က မိသည် သူနှင့် လိုက်ဖက်ညီရလောက်သည့် အိမ်ထောင်ဖက် မဖြစ်နိုင်။ မိသည် သူ တတ်သည့် ပညာအဆင့်မျိုး မရှိ၊ သူ ဖတ်သည့် စာတွေပေတွေ မဖတ်နိုင်။ မိသည် သူ့ဘဝတွင် ရုပ်ပြလောက်ကလွဲလျှင် တကယ့် စာကြီးပေကြီး တစ်အုပ်ကိုမှ ပြီးအောင် မဖတ်ဖူးဘူး တဲ့၊ သူ့လို ဂီတတွေ၊ အနုပညာ တွေကို လက်ကုန်နိုက် မခံစားတတ်။ သူ စိတ်ဝင်စားသည့် အကြောင်းအရာတွေ လိုက်မဆွေးနွေးနိုင်။ မိသည် ရုပ်ရည်အရာမှာ လူစဉ်မီသော်လည်း အသိပညာအရာတွင် ရှက်ကြမ်းရေကျိုသာ ဖြစ်သည်။ သူကတော့ ပညာလည်း တော်၍ စာအသင်အပြလည်း ကောင်း၊ လောက၏ အဆီအနှစ် အသိပညာများကိုလည်း ကျောက်စက်ကျ ရေပမာ စုဆောင်း သိုမှီးထားသည့် တက္ကသိုလ်ဆရာ။ မိသည် မည်သို့လျှင် သူ့ပွဲတက်မယား ဖြစ်နိုင်ပါ့မလဲ။ ဒါတွေအားလုံး အဆင်ပြေတယ်ပဲထားဦး၊ သူ့စိတ်သူ မယုံ။ သူသည် အိမ်ထောင်သည်ဘဝနှင့် ကိုက်သော လူမျိုး မဟုတ်။ သူသည် လွတ်လပ်မှုကိုသာ အားလုံးထက် ပိုရွေးချယ်ချင်သူ ဖြစ်သည်။ မိကို ယူလျှင် သူရော၊ မိပါ စိတ်ညစ်ရလိမ့်မည်။

*မည်သည့်အကြောင်းနှင့်ဖြစ်စေ အိမ်ထောင်ပြုပါ။ ဇနီးကောင်းကိုရလျှင် သင် ပျော်ရအံ့။ ဇနီးဆိုးကို ရသော် သင် ပညာရှိ ဖြစ်အံ့။*

ဆော့ခရတ္တိသည် ဇနီးကောင်းနှင့် ဇနီးဆိုး နှစ်မျိုးကိုသာ မြင်ခဲ့၏။ လက်တွေ့မှာတော့ ဇနီး ဆိုသည် ကောင်းခြင်း၊ ဆိုးခြင်း သဘောကို မဆောင်

mgyoe.com

mgyoe.com
SAMPLE BOOK


သော၊ အဖြူနှင့် အမည်းကြား သက်တံရောင်စဉ်များအနက်မှ ကိုယ်နှင့် မကိုက်သော အရောင်လည်း ဖြစ်နေတတ်သည်။ ပျော်ရွှင်မှုသည် ဇနီးတစ်ယောက် ရှိစရာမလိုဘဲလည်း ရနိုင်သည်ဟု သူ မြင်၏။ ဖလော်ဆော်ဖာလည်း ထူးပြီး မဖြစ်ချင်တော့။ အလောင်းအစားက ကြီးလွန်းသည်။ မတော်လို့ မိက ဇနီးဆိုး ဖြစ်နေခဲ့လျှင် သူ့အဖို့ ရပြီးသား ပျော်ရွှင်မှုကို ဆုံးရှုံးခံပြီး ဖလော်ဆော်ဖာ လုပ်ရမှာတော့ မဖြစ်။

ခါတိုင်းဆို မိသည် သောကြာည သူ့ဆီမှာ လာအိပ်ပြီး စနေ့မနက်ကျလျှင် ရုံဖန်ရံခါ ရေကူးကန် အတူတူ သွားကြမြဲ။ အစက မိက ရေမကူးတတ်သော်လည်း နောက်ပိုင်း သူက သင်တန်းတက်ခိုင်းပြီး ကူးတတ်လာသောအခါ သူနှင့် အတူတူ ရေကူးဖော်ရလာသည်။ တိမ်ပြာသော ထိုစနေနေ့ မနက်မှာတော့ သူသည် တိုရိုတာ ကိုရိုလာ အဖြူရောင်ကားလေးကို တစ်ဦးတည်းသာ မောင်း၍ တက္ကသိုလ်ရေကူးကန်ဆီသို့ ဦးတည်သွားလေသည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

သည်နေ့ ကားကို ဝပ်ရှော့ထိုးထားရသဖြင့် သူ ကားယူမလာ။ ကန်လမ်းထဲရှိ ဝပ်ရှော့မှ ပြည်လမ်းပေါ်တက် ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာကာ ရာမညဆောင် အပေါက်ဘက်မှ ဝင်သည်။ တောင်ငူဆောင် ဘက်သို့ ပတ်လာပြီး ဦးချစ်သို့ ဦးတည်လိုက်၏။ ဌာနမှ ဆရာအတော်များများကို တွေ့သည်။ ဆရာမ နှစ်ယောက် သူ့ကိုကြည့်ပြီး တီးတိုးတီးတိုး လုပ်နေကြတာ လှမ်းမြင်လိုက်သည်။ သူက မသိချင်ယောင် ဆောင်လိုက်ပြီး "ဆရာ ကျဆိမ့်ပဲလား" ဟု ထိုင်ထိုင်ချင်း လာမေးသော စားပွဲထိုးလေးကို ခေါင်းညိတ်ပြလိုက်သည်။ ကန်တင်းတွင် လူ နည်းသည်။ ကျောင်းပိတ်ချိန်မို့ ဆရာတွေ၊ ဝန်ထမ်းတွေ၊ ကျမ်းပြုနေသူတွေ လောက်သာ အလာများကြသည်။ သူတို့ကတော့ ဌာနမှာ အစည်းအဝေး ရှိသဖြင့် တစ်ဖွဲ့လုံး စောစောလာခဲ့ကြသည်။

"ဆရာ ကိုမင်းဟန်ကြီး... ဟိုနေ့က ဌာနမှူးနဲ့ အချေအတင် ငြင်းလိုက် ရတာ အတော်မှ ကျေနပ်နေရဲ့လား" ဟု ကထိက ဒေါ်မြမြနှင်းက မုန့်ဟင်းခါးကို ပါးစပ်ထဲ သွတ်ရင်း ပြော၏။

"ကျေနပ်တယ်လို့လည်း မဟုတ်ပါဘူးဗျာ။ ခင်ဗျားတို့ ဌာနမှူးက လည်း အင်မတန်လက်ပေါက်ကတ်တာ သိတဲ့အတိုင်း။ အတော်တော့ မောသား။ နေရာတကာ စာအုပ်ကြီးသမားဟာကို" ဟု သူက ပေါင်ကို ချိတ်ထိုင်ရင်း ဖြေ လိုက်သည်။

mgyoe.com

mgyoe.com


ယခုလာမည့် စာသင်နှစ်မှာ ဂုဏ်ထူးတန်း ပထမနှစ်အတွက် သူက ကဗျာ သင်ရမည် ဖြစ်သည်။ အတော်ကြာကတည်းက ရင်ထဲ ကိန်းအောင်းနေသော ဆန္ဒတစ်ခုကို အကောင်အထည် ဖော်ကြည့်ဖို့ သူ တင်ပြကြည့်သည်။ သင်ရိုးမာတိကာထဲတွင် သူ အပြောင်းအလဲတစ်ခု လုပ်ချင်သည်။ သူက လက်ရှိပြဋ္ဌာန်းစာနှင့် မေးခွန်းပုံစံများက ခေတ်နောက်ကျနေပြီဟု ထင်သည်။ ပြောင်းလဲ ဆန်းသစ်ချင်သည်။ ဌာနမှူးက အစပိုင်း လက်မခံချင်။ ဌာနတိုင်းတွင် အလားတူ ပြဿနာလေးများ ရှိစမြဲ။ အပြောင်းအလဲ လုပ်လိုသည့် သူ့လို ဆရာမျိုးနှင့် အဟောင်းအတိုင်းပဲ သွားချင်သည့် အထက်လူကြီးများ ထိပ်တိုက်တွေ့တာ မဆန်း။ သို့သော် သူ ကံကောင်းတာက တွဲဖက်ပါမောက္ခ အပါအဝင် ဌာနမှ တခြား ဆရာ၊ ဆရာမများက သူ့ဘက်က ပါသူ များပြီး ဝိုင်းထောက်ခံပေးကြသဖြင့် နောက်ဆုံး ဌာနမှူးက တစ်ထစ်လျှော့သွားသည်။ ပါမောက္ခ၊ ဌာနမှူးများနှင့် အထက်လူကြီးများ ထိုင်ကြမည့် အစည်းအဝေးတွင် သူ တင်ပြပေးမည်ဟု ဆိုသည်။

"ဘာပဲပြောပြောနော်... ငါတို့ ဝိုင်းပြောပေးလို့ ရတာ ဆိုတော့ မင်း ငါ့ကိုတော့ ဝမ်းတေဘယ်လောက် လာသင့်တယ်နော်... ဟဲ ဟဲ"

မျိုးမြင့်က စီးကရက်လေး လက်ကြားညှပ်ရင်း လှမ်းမျက်စပစ်သည်။ မျိုးမြင့်သည် ဌာနတွင် မင်းတစ်လုံး၊ ငါတစ်လုံး ပြောလို့ရသော တစ်ဦးတည်းသော လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း။ သူက ဟက်ခနဲ ရယ်လိုက်ပြီး "မင်းလည်း တစ်ချိန်လုံး ဒါပဲချောင်းနေ" ဟု ဆိုကာ မျိုးမြင့်၏ ဖက်ကို နှိပ်လိုက်သည်။ ထို့နောက် လက်ဖက်ရည်ခွက်ကို ယူ၍ တစ်ငုံ ငုံလိုက်သည်။

"ကိုမင်းဟန်နှယ်... ဆရာမျိုးမြင့်နဲ့ ဝမ်းတေဘယ်တာ ထားပါတော့၊ ကျွန်မတို့ကိုကျတော့ကော ဘာကျွေးမှာလဲ ကိုယ့်ဆရာ" ဟု ဒေါ်ဝေလွင်အောင်က မျက်စပစ်လျက် မေးသည်။

"လှည်းတန်းမှာ ကြေးအိုး လိုက်ကျွေးမယ်"

"မရဘူး၊ ကျွန်မက ကြေးအိုး မကြိုက်ဘူး၊ ကက်ကြေးကိုက် လိုက်ကျွေး"

"ဟာ... ကက်ကြေးကိုက်ကြီး မစားချင်ပါဘူး၊ တစ်ခါတလေလေး ဆိုတော့ ရွှေဘဲမှာ ဘဲကင် လိုက်ကျွေးပါလား"

သူတစ်ခွန်း၊ ကိုယ်တစ်ခွန်းနှင့် ကြေးများနေကြသော ဆရာမများကို ကြည့်ရင်း သူ စ,ချင်လာသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ကဲ... ဆရာမတို့၊ ကိုယ့်ဟာကိုယ် အရင် ညှိကြဦး။ ညှိမရရင်တော့ တင်တင်အေး မုန့်ဟင်းခါးဆိုင်ပဲ ကျွန်တော် ခေါ်သွားတော့မယ်" ဟု သူက ရယ်တည် ဖြင့် ပြောလိုက်တော့ အားလုံး မချိုမချဉ် မျက်နှာပေး ဖြစ်သွားကြသည်။

အစည်းအဝေးသည် ရှည်လျားငြီးငွေ့ဖွယ်။ သူ့အလှည့် ရောက်တော့ သူ ပြင်ဆင်ထားသည့် သင်ခန်းစာအသစ် အကြောင်း ထ,ရှင်းသည်။ ကိုးကား မည့် စာစုများ စာရင်း၊ တင်သွင်းခိုင်းမည့် စာတမ်းရှုထောင့် စသည်တို့အကြောင်း သူ အသေးစိတ် ပြောသည်။ ဌာနမှူးက သူ သိလိုသည်တချို့ကို မေးတာသာ ရှိပြီး ကျန်တာ ဘာမှ အတိုက်အခံ မပြောတော့။ သူ့ဘက်က ပါသည့် ဆရာ၊ ဆရာမ များက သူ့ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ကြသည်။

အစည်းအဝေးချိန် ပြီးလို့ ထကြတော့ မျိုးမြင့်က သူ့အနား ကပ်ပြီး "ဟေ့ကောင်... အားရင် ဒါ သွားလုပ်မလား" ဟု အရက်သောက်သည့် ပုံစံ လုပ်ပြ ၏။ သူကလည်း နှစ်ခါ မခေါ်ရ။ "ချလေ" ဟု သွက်သွက်လက်လက်ပင် အဖြေ ပေးသည်။ ဌာနရှိ ဆရာများအနက် မျိုးမြင့်သည် သူနှင့် တစ်ဦးတည်းသော ကျောင်းနေဖက် သူငယ်ချင်း။ ဘွဲ့ကြို တစ်နှစ်တည်း အောင်၊ မဟာဝိဇ္ဇာလည်း တူတူ တစ်နှစ်တည်း ဆက်တက်ကြသူများ။ မျိုးမြင့်သည် ကျောင်းသားဘဝ ကတည်းက သူနှင့် အတွဲအဖက် အမိဆုံး။ ဆိုင်ထိုင် အတူတူ၊ အတန်းလစ် အတူတူ၊ စာကြည့်လည်း အတူတူ။ သို့သော် မျိုးမြင့်က ယခု ပါရဂူအတွက်ပါ စပြင်ဆင် နေပြီ ဆိုတော့ မကြာခင် သူ့ထက် အမြီးလည်း ရှည်သွားနိုင်သလို ရာထူးလည်း ပိုမြင့်သွားနိုင်သည်။

သူ့ကား ဝပ်ရှော့ထိုးထားသဖြင့် အင်းလျားလမ်းအတိုင်း သူနှင့် မျိုးမြင့် နှစ်ဦးသား လမ်းလျှောက်ကာ အင်းလျားစောင်းက ရွှေရှမ်းကန်ကို သွားကြသည်။ မျိုးမြင့်က ဘီယာ မှာပြီး သူက ဝီစကီ တစ်ပက်ကို ဆော်ဒါ မပါဘဲ မှာလိုက်သည်။ မျိုးမြင့် ကြိုက်တတ်သည့် အမြည်းတချို့ကိုတော့ သူ ယောင်လို့တောင် နှိုက် မစား။

"ငါ့ကောင် ... ဒါလေး စားကြည့်စမ်း၊ ကောင်းလို့ပြောတာ ရော့... စား"

မျိုးမြင့် အကြိုက်ဆုံးက ဝက်သား။ ဝက်သားသုပ်ပန်းကန်မှ ဝက်သား ဖတ် တစ်ဖက်ကို တူဖြင့် ယူပြီး သူ့ကို တမင်ခွဲ့ကျွေးသည်။ သို့သော် သူက မျက်နှာ ကို ရှုံ့ပြီး တစ်ဖက်ကို လွှဲလိုက်သည်။ အသီး အရွက်နှင့် တခြား အဆီနည်းသော အမြည်းပန်းကန်တို့ကိုသာ သူ နှိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"အေးဆေးနေစမ်းပါကွာ"

"မင်း အဲသလိုတွေ ကြေးများ ဘာများနဲ့ ဘာလုပ်မှာလဲ၊ လူ့ဘဝ ရတုန်း ရခိုက် အရသာရှိတာလေးတွေ စားစမ်းပါကွ။ မင်းခန္ဓာကိုယ်ကြီး အဆီမတက်တော့ကော ဘာလုပ်ရမှာလဲ။ မင်း အဲသလောက် ကျန်းမာရေး ဂရုစိုက်နေလည်း အချိန်တန်ရင် အိုပြီး နာပြီး သေမှာပဲ"

"မအိုခင် မနာခင်မှာတော့ မင်းနဲ့ ငါနဲ့ ကွာသွားပြီလေကွာ။ ဘာကွာလဲ သိချင်ရင် မင်းနဲ့ ငါနဲ့ ကန်ပေါင်ပေါ် ဟိုဘက်ထိပ် ဒီဘက်ထိပ် အပြေးပြိုင်ကြည့်မလား။ မင်းပုံစံနဲ့ဆို ခြေလှမ်း ဆယ်လှမ်းလောက်နဲ့ လျှာထွက်နေမယ့် ကောင်"

"တော်ပါကွာ ... ငါ့မှာ မိန်းမလည်း နောက်တစ်ယောက် ထပ်မရနိုင်၊ မယားငယ်လည်း မထားနိုင်ဘဲနဲ့ လျှာထွက်မယ့် အလုပ်တော့ မလုပ်ပါရစေနဲ့ မောင်မင်းကြီးသား။ ငါ့ဟာ ငါသာ ဗိုက်ရွှဲရွှဲဘဝနဲ့ပဲ အရိုးထုတ်ပါတော့မယ်"

ပြောရင်း မျိုးမြင့်သည် ဟားဟားဟားဟု ရယ်လိုက်ပြီး စီးကရက်တစ်လိပ်ကို ထုတ်ကာ မီးညှိလိုက်သည်။

"မင်း ငါ့ကို အားကျနေတာ မဟုတ်လား" ဟု သူက ပြန်စလိုက်သည်။ မျိုးမြင့်က ခေါင်းတညိတ်ညိတ်ဖြင့် ...

"အေး... မင်းကတော့ ရှာမှ ရှားတဲ့ ကောင်ပါပဲ" ဟုပြောပြီး "ဒါနဲ့ ရွှေမိ တစ်ယောက်ကော၊ အရင်လို ကြည့်ကောင်းနေတုန်းပဲလား" ဟု ဆက်မေးသည်။ မိနှင့် ကိစ္စကို တရားဝင်သိသူ ဆို၍ မျိုးမြင့်တစ်ယောက်သာ ရှိသည်။ မိနှင့် ကိစ္စမှ မဟုတ်၊ သူ့ရှေ့က မိန်းကလေးတွေနှင့် ကိစ္စကိုလည်း မျိုးမြင့်ပဲ သိသည်။ သူသည် မိ အပါအဝင် မိန်းကလေး အားလုံးနှင့် တွဲ၍ မည်သည့်ပွဲမှလည်း မတက်၊ မည်သည့် အပေါင်းအသင်း မိတ်ဆွေနှင့်မှလည်း မိတ်ဆက် မပေးဖူး။ မျိုးမြင့် တစ်ယောက်သာလျှင် တိုးတိုးဖော် လူယုံထားသည်။

"ငါနဲ့ မတွေ့တာ နှစ်ပတ် ရှိပြီ"

"ဟုတ်လား၊ ဘာလဲ... ပြတ်သွားတာလား၊ စိတ်ကောက်နေကြတာ လား"

"ငါ့စိတ်ထင် သူ့ကိုလက်ထပ်ဖို့အစီအစဉ် ရှိလားလို့ မေးလိုက်တုန်းက ငါက မရှိဘူးလို့ ပြောလိုက်လို့နဲ့ တူတာပဲ။ ဘာ ဆက်လုပ်ရမလဲ သူ စဉ်းစားနေတာ ဖြစ်မှာပေါ့" ဟု သူက အင်းလျားကန်ထဲ လှေကျင့်နေကြသော လှေတချို့ကို

mgyoe.com

mgpoe.com

လှမ်းကြည့်ရင်း ပြောလိုက်သည်။ အနောက်ဘက်မှ စွေစောင်း ထိုးနေသော ကျနေ အောက်တွင်ကန်ရေပြင်၏လှိုင်းကြက်ခွပ်ကလေးများက အရောင်တလက်လက် ထလျက်။

"အိုင်ဆေး မင်းဟန်...မင်းဒီအတိုင်းပဲဘဝကိုနေသွားတော့မလို့လား။ တခြားသူတွေနဲ့တုန်းက ငါ မတိုက်တွန်းပါဘူး။ ဒါပေမဲ့ ရွှေမိကိုတော့ စဉ်းစား သင့်တယ်လို့ ထင်တယ်။ ရွှေမိက မဆိုးပါဘူး၊ အသက်အရွယ်အရရော၊ နေပုံ ထိုင်ပုံအရရော လက်တွဲမယ်ဆို တွဲသင့်ပါတယ်။ တည်တည်ငြိမ်ငြိမ်ပုံ၊ စဉ်းစား တတ်ပုံပါပဲ၊ မင်းကိုလည်း ချစ်မယ် ထင်ပါတယ်"

မျိုးမြင့်သည် စီးကရက်ကို နှုတ်ခမ်းတွင် တစ်ဖန် ပြန်တပ်ကာ တစ်ချက် ဖွာလိုက်ပြန်သည်။ သူက ကျောက်ရုပ်လို မလှုပ်မယှက်။

"မဖြစ်နိုင်ပါဘူး ငမျိုးရာ၊ ဘကြီးမှိုင်း ပြောသလို 'တပည့်တို့၊ ငါ အိမ် ထောင် တစ်ခါပြုခဲ့ပြီ။ ဆရာ တစ်ခါသာ မိုက်ပါရစေ၊ နောက်တစ်ခါ မမိုက်ပါရ စေနဲ့' ဆိုတာလိုပေါ့ ဟဲ ဟဲ..."

"ဟင်... ဘကြီးမှိုင်းက ဘယ်မှာ ပြောထားလို့တုံး"

"သြော်... မင်းကလည်း... သိန်းဖေမြင့် ရေးတဲ့ သခင်ကိုယ်တော်မှိုင်း အတ္ထုပ္ပတ္တိထဲမှာပေါ့ကွ၊ မဖတ်ရသေးရင် ရှာဖတ်ကြည့်"

မျိုးမြင့်သည် မျက်နှာကို ရှုံ့လိုက်၏။ ပြီးမှ ...

"အဲဒါဆို မိန်းမရယ်... ကလေးသုံးယောက်ရယ်နဲ့ ငါက ခုထိ မိုက်ဇာတ် မသိမ်းသေးဘူးပေါ့ ဟုတ်လား"

သူသည် မျိုးမြင့်မျက်နှာကို ကြည့်၍ ခွက်ထိုး ခွက်လန်ပင် ရယ်မိတော့ သည်။ အရယ်ရပ်မှ...

"ငါ လွတ်လွတ်လပ်လပ်ပဲ နေချင်တာလေကွာ။ အဲဒီတော့ မိန်းမတွေနဲ့ ပူးတုံ ခွာတုံနေတာ အကောင်းဆုံးပဲ။ အမြဲတမ်း ပူးနေရရင် ငါ စိတ်ညစ်လာရော ကွ။ ပူးတုံခွာတုံ နေဖို့ဆိုရင် အိမ်ထောင် ထပ်မပြုမှ ရမယ်။ နောက်ပြီး အချစ် ဆိုတာကိုလည်း မယုံကြည်တော့ဘူး။ ဘဝမှာ ငါ ချစ်တာ သမီးပဲ ရှိတယ်။ သမီး သာလျှင် ငါ့ဘဝပဲ"

သူ့ဘဝတွင် အချစ်ဆိုသည်မှာ သမီးအပေါ် ထားရှိသော အချစ်သာ ရှိသည် ဆိုပါလျှင် အခုထိ တွဲခဲ့ဖူးသမျှ မိန်းမတွေက အချစ်မဟုတ်လျှင် ဘာတွေ

mgpoe.com

mgyoe.com
SAMPLE BOOK


လဲ။ ဒါကတော့ ထူးပြီး ဖြေစရာမလိုလောက်အောင်ကို သူရော၊ မျိုးမြင့်ရော သိပြီးသား။ သူ တစ်ခါက စဉ်းစားဖူးသည်။ သိဒ္ဓတ္ထသည် အိမ်ထောင်သည်ဘဝက ကျဉ်းကျပ်သည်ဟု ဆိုကာ အိမ်ရာ တည်ထောင်ခြင်းကို စွန့်လွှတ်ခဲ့၏။ သူလည်း အိမ်ရာ တည်ထောင်ခြင်းသည် မလွတ်လပ်ဟု ဆိုကာ အိမ်ထောင် ထပ်မပြုဘဲ နေခဲ့သည်။ သို့သော် သိဒ္ဓတ္ထနှင့် သူနှင့် အိမ်ရာ မတည်ထောင်ရသည့် ရည်ရွယ်ချက်ချင်းကတော့ မတူကွဲပြား ခြားနားလှသည်။ ဟိုက "လွှင်ပြင်ကြီးလို" လွှတ်လပ်သော ဘဝဖြင့် တရားစစ်၊ တရားမှန်ကို ရှာဖို့ဟု ဖတ်ဖူးသည်။ သူကတော့ကော...

"ဒီမှာ မင်းဟန် ... မင်းက သိပ်စိတ်ကူးယဉ်ဆန်တယ်။ မင်း ယူတဲ့ မိန်းမက မင်းနဲ့ စာတွေ ပေတွေ၊ ဂီတတွေ၊ အနုပညာတွေ တန်းတူ လိုက်မဆွေးနွေးနိုင်တော့ကော ဘာဖြစ်လဲ။ မင်း အဲဒါတွေ ဆွေးနွေးချင်ရင် ဆွေးနွေးစရာ လူတွေ၊ ပညာရှင်တွေ၊ တစ်ပုံကြီး။ ကျောင်းမှာ၊ စာတမ်းဖတ်ပွဲတွေမှာ၊ ဖိုရမ်တွေမှာ မင်းနဲ့ ဆွေးနွေးနိုင်မယ့် လူတွေမှ အများကြီး။ တစ်နေ့တာ ဦးခေါင်းပေါက်ထွက်မတတ် ဒီဟာတွေ ပြောဆိုဆွေးနွေးပြီး အိမ်ပြန်ရောက်တော့လည်း မင်းက အဲဒါကိုပဲ ဆွေးနွေးမယ့် မိန်းမတစ်ယောက် လိုချင်သေးတာလား၊ ဒီမှာ ..."

မျိုးမြင့်က လက်မှာ ကိုင်ထားသည့် တူကို သူ့ဘက် ထိုးလျက်...

"မင်း လိုတာက အိမ်ပြန်ရောက်တော့လည်း မရိုးနိုင်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးမယ့် ဆွေးနွေးဖက် မဟုတ်ဘူးကွ။ မင်းကို 'ရေ အရင်ချိုးမလား၊ ထမင်း အရင်စားမလား၊ ထမင်း ခူးလိုက်ရတော့မလား' မေးမယ့် မင်းကို ဂရုစိုက်မယ့် မိန်းမကွ"

သူက ရယ်လိုက်သည်။ ချက်ချင်း ဘာမှပြန်မပြောဘဲ အင်းလျားကန်ကိုသာ ကြည့်နေ၏။ အရက်ခွက်ကို မ,ယူကာ တစ်ချက် သောက်သည်။

"အဲသလို ဂရုစိုက်တဲ့အပြင် ငါ စိတ်ဝင်စားတဲ့ အကြောင်းအရာတွေ သူ လိုက်ပြောနိုင်၊ ဆွေးနွေးနိုင်တယ် ဆိုရင် ပိုမကောင်းဘူးလားကွာ။ စိတ်ဝင်စားမှုနယ်ပယ် တူတော့ ပိုမကောင်းဘူးလားကွာ။ ငါ့တော့ ဂရုစိုက်ပါရဲ့၊ သူ ပြောတဲ့ စကားတွေက ငါ့ဘာမှ စိတ်မဝင်စားတဲ့ ဟာတွေဆို ဘယ်လို လုပ်မလဲ။ အဲဒီမိန်းမဟာ စာအုပ်တစ်အုပ်အကြောင်း၊ ရုပ်ရှင်တစ်ကားအကြောင်း စိတ်မဝင်စားဘူး။ ဒါပေမဲ့ လမ်းထဲက မိန်းမနှစ်ယောက် ရန်ဖြစ်တဲ့အကြောင်း၊ ဟိုပါတိတ်၊

mgyoe.com

mgyoe.com

SAMPLE BOOK


ဟိုလုံချည် အသားက ဘယ်လိုကောင်းကြောင်း၊ ဟိုအမျိုးကတော့ ဘယ်လို ပိုက်ဆံ ချေးပြီး ပြန်မဆပ်ကြောင်း ငါ မမြင်ဖူးတဲ့ လူတွေရဲ့ အတင်းအဖျင်း အကြောင်းတွေ ချည်းပဲ ဒိုင်ခံပြောနေတာကို ငါက သည်းခံ နားထောင်ပေးရမတဲ့လား၊ အလကားနေ အလကား စိတ်ကောက်နေတာကို ငါက လိုက်ချော့နေရမတဲ့လား"

"တစ်ခုလိုချင် တစ်ခုတော့ ပေးရမှာပေါ့ကွ မင်းကလဲ" ဟု မျိုးမြင့်က ပြုံးစစဖြင့် ဆို၏။

"ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ငါ ပေးချင်တာနဲ့ သူ လိုချင်တာ၊ သူ ပေးချင် တာနဲ့ ငါ လိုချင်တာ ထပ်တူကျဖို့တော့ လိုတာပေါ့"

မျိုးမြင့်က ဘာမှ ဆက်မပြောတော့။ ဘီယာကို စုပ်ရင်း အဝေးကို ငေးကြည့်နေတော့သည်။

◆

မနေ့ညက ရွာထားသော သကြံန်လက်ဆောင် မိုးပြေးလေးကြောင့် ရန်ကုန်တစ်မြို့ လုံး ပိတောက်ပန်းတွေ ပွင့်ကာ ပိတောက်နံ့တွေချည်း သင်းထုံလျက်။ လမ်း တစ်လျှောက် ပိတောက်ပန်း ပန်လာသူ၊ အကိုင်း အခက် တစ်ပွေ့တစ်ပိုက်ကြီး သယ်လာသူတွေ အများသား။ ငုတို့ကတော့ ပိတောက်လို မဟုတ်၊ နွေပေါက်ပြီ ဆိုကတည်းက မိုးရွာရွာ၊ မရွာရွာ အရွက်စိမ်းစိမ်းလေးတွေကြားမှာ ရွှေဝါရောင် ပန်းကလေးများက ဝတ္တရားမပျက် နေရာယူတတ်ကြစမြဲ။ ဟော... အခု မိုးရွာ ပြီမို့ ငုနဲ့ ပိတောက် နွေမှာ လှိုင်ပြီ ဆိုတော့ ပြည့်စုံသွားပြီ။

ဖုန်အလိမ်းလိမ်း တင်နေသော သစ်ပင်ကြီးငယ်တို့၏ အကိုင်း အခက် များ သန့်စင်နေကြသည်။ တဖြုတ်ဖြုတ် ကြွေကျသည့် အရွက်များထဲတွင် မပါ သွားသေးသော လက်ကျန်သစ်ရွက်တို့သည် ရှတ်ခြည်းပြန်၍ အသက်ဓာတ်ကို ရလာကြသည်ဟု ထင်ရသည်။ ခုနက မိုးတစ်ချက် အုံ့ချင်သလို ဖြစ်သွားပြီး ယခု နေပြန်ပွင့်လာ၏။ တိမ်ကြိုတိမ်ကြားမှ အလင်း၏ လက်တံသွယ် ဖြူဖြူများ ဖြာဆင်း လာကြသည်။ ဥဩသံ ချိုနွဲ့နွဲ့က ကျောင်းပရိဝုဏ်ထဲမှာ အသာယာဆုံး ကြားနေ ရသည်။

ကျောင်းပိတ်ပြီ ဖြစ်သော်လည်း ဘွဲ့ယူသည့် ရက်မို့ ဘွဲ့နှင်းသဘင်ခန်းမ ရှေ့နှင့် ဂျပ်ဆင်တစ်ဝိုက်တွင် လူများ၊ ကားများက ပျားပန်းခပ်မျှ လှုပ်ရှားပြည့်

mgyoe.com

mgyoe.com
SAMPLE BOOK


ကျပ်လျှက်။ ပိတောက်နံ့ရော၊ ကံ့ကော်နံ့ရော သူ ရနေသည်။ သူသည် ဘွတ်ကင်လုပ်ထားသော စာအုပ်တစ်အုပ် ရပြီဟု ဆိုသဖြင့် လှည်းတန်းမှအပြန် ဗဟိုစာကြည့်တိုက်သို့ လှည့်ဝင်လာခဲ့၏။ မျက်နှာကို အလှပဆုံး ဖြစ်အောင် ဆေးရောင်စုံ ခြယ်သထားသော ဘွဲ့ယူကြမည့် ကျောင်းသူလေးများသည် ဘွဲ့ဝတ်စုံထဲတွင် သူ့နည်းသူ့ဟန်နှင့် တစ်မျိုးစီ ကျက်သရေ ရှိနေကြသည်။ ဒီနေ့ ဘာဘာသာရပ်တွေ ဘွဲ့ပေးတဲ့ နေ့ပါလိမ့်။ ဝတ်စုံအရောင်ကို ကြည့်လိုက်တော့ ဝိဇ္ဇာသမားတွေ ဘွဲ့ယူသည့် နေ့။

စာကြည့်တိုက်မှ စာအုပ် ယူကာ ပြန်ထွက်လာပြီး သူ့ကား ရပ်ထားခဲ့ရာ သိပ္ပံဆောင်တွေရှေ့ ကွက်လပ်ဘက်ဆီ လျှောက်လာခဲ့သည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့နှင့် သစ်ပုပ်ပင်ကြီးနား တစ်ဝိုက်မှာတော့ ဓာတ်ပုံ အရိုက်ခံနေကြသော ဘွဲ့ယူကျောင်းသူ၊ ကျောင်းသားတချို့နှင့် အတူပါလာသော မိသားစုဝင်များ။

ထိုစဉ် သူ့အကြည့်က သစ်ပုပ်ပင်ကြီးရှေ့မှာ ပုံစံအမျိုးမျိုးဖြင့် ဓာတ်ပုံအရိုက်ခံနေသည့် မိန်းမငယ် တစ်ဦးထံ ရောက်သွား၏။ မိန်းမငယ်သည် ဘွဲ့ဝတ်စုံကို ဝတ်မထား။ အပြင်လူလား၊ ကျောင်းတော်ကြီးသူ ပေလား မပြောတတ်။ ဓာတ်ပုံဆရာက သူ့ကို သေချာ ညွှန်ကြားနေသည်။ ထို မိန်းမငယ်၏ သူငယ်ချင်းလား၊ အစ်မလား မသိရသော ဘွဲ့ဝတ်စုံဝတ် မိန်းကလေးတစ်ဦးက ဘေးနားမှနေ၍ ကိုယ်ဟန်အနေအထားများကို ဓာတ်ပုံဆရာ ညွှန်သည့်အတိုင်း ပြင်ပေးနေသလို ခေါင်းက ပိတောက်ပန်းခက်ကလေးကိုလည်း ပြင်စိုက်ပေးနေသည်။ ဘွဲ့ဝတ်စုံ ဝတ်ထားသည့် တစ်ယောက်၏ မျက်နှာကို သူ မကျက်မိ။ မြန်မာစာက မဟုတ်နိုင်။ တခြား ဘာသာရပ် တစ်ခုခုက ဖြစ်လိမ့်မည်။

ဓာတ်ပုံအရိုက်ခံနေသည့် မိန်းကလေးသည် မိတ်ကပ်နှင့်တကွ အဝတ်အစားကြောင့် ကြီးဟန် ထင်ရသည်။ သို့သော် ထင်သလောက်လည်း မကြီးဘဲငယ်ငယ်လေးဟုလည်း ထင်မိပြန်သည်။ ဆယ်တန်းလား၊ တက္ကသိုလ် ပထမနှစ်လားဟု ထင်ရလောက်အောင် ငယ်ဟန် ပေါ်ပြန်သည်။ အသားအရေသည် မိတ်ကပ်ကြောင့် မဟုတ်ဘဲ နဂိုဝါဝင်းသော အသားအရေ ဖြစ်မည်ဟု သူ ထင်သည်။ သိင်္ဂီအသားပေါ် သွေးကြောမျှင် စိမ်းစိမ်းကလေးများက အထင်းသား။ ခါးမှာတော့ အဖြူအောက်ခံပေါ် အပြာနုရောင်လှိုင်းလေးများ ပြေးထားသော

mgyoe.com

mgyoe.com

SAMPLE BOOK


အမရပူရပိုးထည် ဝမ်းဆက်ကလေးနှင့်။ ဆံပင်နောက်တွဲထုံးနှင့် ကောင်မလေး။ မျက်တောင်ကော့တို့က ထင်းထင်းနက်လျက်။ ဇာဒ်သီးသဏ္ဌာန် မျက်လုံးလေးများက ကြောင်မျက်ရွဲ ရတနာလေးများ ထည့်ထားသလို ကြည်လင်ကာ အရည်လေးများ လဲ့နေသည်။

ကောင်မလေးသည် သစ်ပုပ်ပင်ကို နောက်ခံထားကာ ပုံအမျိုးမျိုး အရိုက်ခံပြီးနောက် သစ်ပင်အနား ကပ်သွား၏။ အဓိပတိလမ်းကို မျက်နှာမူထားသော ဘက်ခြမ်း၌ သစ်မြစ်တစ်ခုသည် ကျန်အမြစ်များနှင့်မတူ ထိုင်လို့ရအောင် ခပ်ပြေပြေလေး ဖြစ်နေသည်။ ထိုကောင်မလေးသည် ထိုအမြစ်ပေါ် ဘေးတစောင်း ထိုင်လိုက်၏။ လုံချည်ကို ပြန့်ပြန့်ရန့်ရန့် ဆွဲဆန့်၍ ကတ္တီပါဖိနပ်တစ်ရန် စီးထားသော ဖြူဖြူဝင်းဝင်း ခြေထောက်နှစ်ချောင်းကို မြေပေါ် ညီညီညာညာ ချလိုက်သည်။ ညာဘက်လက်ကို တံတောင်ဆစ်နေရာမှ ကွေးလျက် လက်ဖျားစွန်းကို ညာဘက် ပခုံးစွန်းပေါ် ပြန်တင်လိုက်သည်။ ဘယ်ဘက်လက်ကိုတော့ ဘယ်ဘက်ပေါင်ပေါ် တင်လိုက်ပြီး ခေါင်းကို ညာဘက် ခပ်စောင်းစောင်းထားကာ မျက်စိက အောက်သို့ ခပ်ဖွေဖွေ အရင်စိုက်လိုက်၏။ ပြီးမှ ကင်မရာရှိရာကို မခို့တရို့ ပြန်ကြည့်လေသည်။

"အောင်မလေး ...ဘွဲ့ယူတဲ့ သူထက်တောင် သူက ပဲများနေသေးတယ် ငါ့နှယ်... သူချည်းတင် ဘယ်နှပုံ ရှိပြီလဲ၊ သူများလည်း အလှည့်ပေးပါဦး မမရဲ့"

သူနှင့် အတူပါလာပြီး ဘေးမှာ ရပ်ကြည့်နေသူများထဲမှ အမျိုးသမီးကြီးတစ်ဦးက လှမ်းညံ့လိုက်သည့်နောက် အားလုံး ဝိုင်းရယ်ကြသည်။ ခုနက မိန်းကလေးသည် ကင်မရာကို မခို့တရို့ ကြည့်နေရာမှ လှမ်းနောက်သည့် အမျိုးသမီးကြီးကို မျက်စောင်း တစ်ချက် အရင်လှမ်းချိတ်လိုက်၏။ ပြီးမှ နှုတ်ခမ်းကို ပြုံးစူကလေး စူလိုက်ရင်း ကင်မရာကို ပြန်ကြည့်သည်။ သူက ပြန်အကြည့်၊ ကင်မရာမီးကလည်း အပွင့်။

ကမ္ဘာလောက တစ်ခုလုံး လည်ပတ်လှုပ်ရှားနေရာမှ ရပ်တန့်သွားသော အခိုက်အတန့်။

တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံက လာသို့၊
ပြာပြာလတ်လတ်၊ မွတ်မွတ်ရေးချေ၊ ထုံးနေမကျော့၊
ပတ်လျော့ဆံကြာ၊ ကျတိုင်းသာလျှင်...

mgyoe.com

mgyoe.com
SAMPLE BOOK


သူ့စိတ်ထဲက တိုးတိုးရွတ်ဆိုနေ၏။ သူ့ကိုယ်သူ ရာဇဓာတုကလျာ ရှေ့ရောက် နတ်သျှင်နောင်လေလားဟုပင် မှတ်မိသည်။ မိုးရွာပြီးစ ထွက်ပြူလာသော နေမင်းသစ်၏ လင်းရောင်ခြည် အောက်တွင် အစွမ်းကုန် သန့်စင်စွာ ဖူးပွင့်နေသော ပန်းမာလာတစ်ပွင့်ကို အသက်ရှူရန် မေ့လျော့လျက် သူ အတော်ကြာပင် ငေးကြည့်နေမိ၏။ အချိန်တွေကို ရပ်ထားပစ်နိုင်လျှင်ပင် သူ ရပ်ထားချင်သည်။ မိန်းကလေး ဓာတ်ပုံရိုက်လို့ ပြီးသွားမှာ၊ ပြန်သွားကြမှာကိုပင် စိုးရိမ်နေမိသည်။ သူသာ ပန်းချီဆရာတစ်ဦး ဖြစ်ပါက တစ်သက် မြင်ဖူးသမျှ အလှဆုံး ပန်းချီကားတစ်ချပ်ကို ပျောက်ပျက်မသွားအောင် တစ်ခါတည်း အမိအရ စုတ်ချက် တင်ချင်နေသည်။

ရွှေဝါပိတ်ရှင်း၊ ထည်ချင်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူ၊
ပဒ္ဒူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမထင်၊
ဖြူတ်ခြည်းမြင်က၊ နတ်ပင်ယိုးမှား၊ ပိုးဝါးတွေးချွတ်၊
စိတ်လုံးညွတ်သည်။ ။
ဘုံထွတ်နန်းတောင်နေတို့လော...

ဘွဲ့ယူကြသူများထဲမှာ မိမိ သိဟောင်း ကျွမ်းဟောင်း တပည့်ဟောင်းများက သူ့ကို မြင်၍ လာနှုတ်ဆက်ကြသဖြင့် အရသာပျက်သွား၏။ အလိုက်အထိုက် ပြန်ပြောနေရသော်လည်း စိတ်ထဲမှာတော့ မချင့်မရဲ။ နှစ်ခါပြန် မရနိုင်တော့မည့် ကဗျာအဆန်ဆုံး မြင်ကွင်းလေးပေါ်တွင် စျာန်ဝင်စားနေမှု ပျက်စီးသွားရခြင်းအတွက် နှမြောလို့ မဆုံး။ စကားကြော ရှည်နေကြသည့် တပည့်ဟောင်းများကို သူ စကား မြန်မြန်ဖြတ်ချင်သည်။ ကောင်မလေးကို ဆက်ကြည့်နေချင်သေးသည်။ အလိုက်မသိသည့် တပည့်များသည် သူတို့ဆရာနှင့်လည်း ဓာတ်ပုံ တွဲရိုက်ချင်ပါသည် ဆို၍ ဘွဲ့နှင်းသဘင်ခန်းမရှေ့ သွားကာ ရိုက်ခံပေးနေရသည်နှင့် အချိန် အတော်ကြာသွား၏။ အားလုံးပြီးလို့ သစ်ပုပ်ပင်နားကို ပြန်ကြည့်တော့ သမင်ပျိုမလေးနှင့် တစ်ဖွဲ့လုံး ပျောက်ကွယ်သွားကြပြီ။

ခုနက မြင်လိုက်ရတဲ့ မြင်ကွင်းက အိပ်မက်လေလား ပိုးတဝါး ...

သူ စိတ်ပျက်လက်ပျက် ခေါင်းတခါခါဖြင့် ကားရှိရာ လျှောက်လာခဲ့သည်။ ခုနက ယမင်းသူဇာကို မြင်ရလေလိမ့်နိုးနိုးဖြင့် ဘေးဘီဝဲယာကိုလည်း

mgyoe.com

mgyoe.com

SAMPLE BOOK


ကြည့်သည်။ ကားဝင်းထဲမှအထွက် စိတန်းပိတ်ဆို့နေသော ကားများထဲမှာ မြင်ရ နီးနီးဖြင့်လည်း ကြည့်သည်။ သို့သော် သူယောင်မယ်သည် ဖော်ဂျီမောင်ကို ကျီစား ဖို့ရာသာ ဖျတ်ခနဲ ပေါ်လာခဲ့သလား မသိ။ စောစောတုန်းက မြင်ကွင်းကြောင့် ရခဲ့သည့် အကြည်ဓာတ်လေး ဆုံးရှုံးသွားမှာ နှမြောစိတ်နှင့်အတူ ထိုမြင်ကွင်းကို စိတ်ကင်းဗတ်စပေါ် တယုတယ စုတ်တင်ရင်းဖြင့်သာ သူသည် ကားကို အိမ်ဘက် သို့ စိတ်မပါ့တပါ ဦးတည်မောင်းနှင်ခဲ့သည်။

၀

mgyoe.com

mgyoe.com SAMPLE BOOK

( ၃ )

သည်နှစ်အတွက် ပထမဆုံး မုတ်သုံကြို မုန်တိုင်းအရှိန်ကြောင့် မိုးက တစ်နေ့လုံး တအိအိ။ သည်းသည့်အခါ သည်း၊ ဖွဲသည့်အခါ ဖွဲလိုက်နှင့် တဖွေဖွေတည်း ဖွေ။ လေတိုးသဖြင့် ပြတင်းတံခါးများသည် တဖျပ်ဖျပ် လှုပ်ခါယမ်းနေသည်။ ခုည ညစာ စားချင်စိတ် မရှိ၊ အရက်ခွက်ထဲ ဝီစကီ နှစ်ပက်ထည့်၊ ရေခဲနည်းနည်း ထည့်ပြီး အိမ်ရှေ့ခန်းထဲ ယူလာခဲ့သည်။ ရေခဲသေတ္တာထဲမှာ ကြက်ဥ ရှိသည်။ အမဲသား နည်းနည်း ရှိသည်။ သို့သော် ဘာမှ သူ လုပ်စားချင်စိတ် မရှိ။ ချိစ်ပြား နည်းနည်းကိုသာ ပန်းကန်ပြားထဲ ထည့်၊ သကြားနည်းနည်း ပုံလိုက်ပြီး ဧည့်ခန်းထဲ ယူလာလိုက်သည်။

စန္ဒရားခလုတ်ခုံ အဖုံးကို ဖွင့်သည်။ ဂီတသင်္ကေတ နုတ်စိစာအုပ်ကို ယူ၍ ရှေ့မှာ ထောင်သည်။ မတီးရတာ ကြာပြီ ဖြစ်သည့် Moonlight ကို ပြန်တီးကြည့်ဦးမည်။ ရှည်သွယ်သော သူ့လက်တို့က ခလုတ်အဖြူနှင့် အနက်များကို အသာအယာ တို့ထိကာ စမ်းနေ၏။ ဟိုတစ်လောကမှ ကြိုးပြန်ညှိထားသဖြင့် စန္ဒရားက အသံလွင်လှသည်ဟု ထင်သည်။ တေးသွားနှင့် လိုက်ဖက်ညီအောင် သူ့စိတ်ကလည်း လရောင်အောက်မှာ ရောက်နေသည်ဟု ထင်သည်။ တကယ်တမ်း အပြင်မှာတော့ လသည် တိမ်မည်းညို ကမ္ဘလာခြုံလွှာ၏ နောက်ကွယ်မှာ ပုန်းအိပ်နေရပြီ။ အပြင်မှာ လေနှင့် မိုးက မစဲသေး။

mgyoe.com

mgyoe.com

အနေးတီးရသည့် ပထမနှင့် ဒုတိယ ပါဒများအဆုံး ရှစ်မိနစ်လောက်နား၊ တတိယပါဒ နေရာ အရောက် စိတ်ကို သေချာနှစ်ထည့်၍ လက်ချောင်းများကို ခပ်သွက်သွက် တီးကြည့်၏။ ကြိုးစားသည်... မရ။ Moonlight ကို တီးတိုင်းသည်နေရာကို သူ မကျွမ်းသေး။ တတိယပါဒကို ရောက်တာနှင့် လက်ကွက်တွေ ခလုတ်တိုက်တော့သည်။ ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်သည်။ ချိန်သားကိုက်အောင် နုတ်(စ်)အပြည့် မတီးနိုင်သေး။ စန္ဒရား တီးတတ်တိုင်းလည်း မတီးနိုင်သည့် အပိုဒ်ဟု ဆိုကြသကိုး။ သို့သော် ယနေ့ သူ လက်မြှောက်ရခြင်းတွင် တီးလုံးတီးကွက် ခက်ခဲခြင်းထက် ရင်တွင်းက စိတ်အခြေအနေနှင့်လည်း ဆိုင်မည်ဟု သူ ထင်သည်။

စန္ဒရားခလုတ်များကိုအရူးတစ်ယောက်လိုသူလျှောက်ခေါက်နေမိ၏။ ကြွက်တစ်ကောင် ခုန်တက်ပြေးသွားသလား ထင်ရလောက်အောင် မညီမညာနှင့် နားမခံသာစရာ အသံများ ထွက်လာသည်။ တဒင်္ဂ စိတ်ရဲ့ ထွက်ပေါက်။ အရက်ခွက်ကို ပြန်မော့သည်။ ချိစ်တုံးကို ဖဲ့စားသည်။ ပြီးတော့ အိတ်ထောင်ထဲ ထည့်ထားသည့် စာခေါက်ကို ပြန်ထုတ်ကြည့်ပြန်သည်။ မိ ဆီက စာ။ မိသည် ယနေ့တော့ဖြင့် သူ့ဘဝထဲမှ လက်ပြ နှုတ်ဆက်၍ သွားခဲ့ပြီ။

မိကို သူ လွတ်လပ်ခွင့် ပေးထားခဲ့ပြီးပြီ ဆိုသော်လည်း တကယ်တမ်း ခွဲရတော့ စိတ်ထဲမှာ တစ်မျိုးကြီး။ မိသာ မငြင်းလျှင် မိနှင့်သာ သူ ဆက်နေသွားတော့မည်ဟု စိတ်ကူးထားပြီးသား။ သို့သော် မိ ဘက်က ဖြစ်စေချင်သလို လက်ထပ်ယူဖို့ အထိလည်း သူ့မှာ ခေါင်းညိတ်ကြည့်လို့ မရနိုင်ပြန်။ မိသည် သူနှင့် တွဲခဲ့သမျှထဲတွင် အကြာဆုံး စံချိန်တင်သူ။ မိ စိတ်ကို သူ သဘောကျသည်။ မိသည် ဟန်ဆောင်မှုယာ ကင်းသည်ဟု သူ မြင်သည်။ မိသည် လွတ်လပ်ပေါ့ပါးစွာ ဘဝကို ဖြတ်သန်းချင်သူ။ သို့ပေမဲ့လည်း မိဘဝန်၊ မိသားစုဝန်က ဖိစီးလာသောအခါ လမ်းရိုးမှ ခွဲထွက်ဖို့ မစွမ်းနိုင်တော့ဘဲ လမ်းရိုး လမ်းဟောင်းကိုသာ ပြန်လျှောက်သွားသည်။ လမ်းသစ် မထွင်နိုင်တော့။ မိသည် နောက်ဆုံးတော့ သူ့မြို့က လူတစ်ယောက်နှင့် လက်ထပ်တော့မည်။ ထိုသူသည် ဟိုအရင်ကတည်းက မိကို သဘောကျသည်။ မိရဲ့ မိဘတွေကလည်း သဘောတူ၍ ကိုယ်ပိုင်စီးပွားလုပ်ငန်းလည်း ရှိသည်ဟု စာထဲ ဖတ်ရသည်။ မိသားစုကို ငဲ့ရသော မိသည် သူ့ကို မယူနိုင်သော ရန်ကုန်သား တက္ကသိုလ်ဆရာကို ထားခဲ့ရတော့မည်။ မိ ဘက်က

mgyoe.com
SAMPLE BOOK


ကြည့်လျှင်လည်း လက်ရှိ အနေအထားအတိုင်း တစ်သက်လုံး နေမသွားနိုင်တာ သဘာဝကျသည်။

မဖြစ်စဖူး သူ့ရင်က ဟာနေသလိုလို။ အရင့်အရင် မိန်းကလေးများ တုန်းက ခုလို မဟုတ်ပါဘူး။ ဒါသည်ပင် မိကို သူ ချစ်တာလား။ မဟုတ်နိုင်၊ အချစ် ဟုလည်း သူ မယုံကြည်။ မိနှင့် နေရလျှင် သူ ပျော်ရွှင်သည်။ မိ ထံမှ သူ လိုချင် တာတွေ ရသည်။ အမေတစ်ယောက်လို စောင့်ရှောက်မှုကိုလည်း သူ ရသည်။ အစ်မတစ်ယောက်လို အလိုလိုက်မှုကိုလည်း ရသည်။ မိက သူနှင့်ပတ်သက်လျှင် လူကြီးဆန်သည်။ ဒါတောင် မိသည် သူ့ထက် ဆယ်နှစ်ကျော် ငယ်သူ။ သို့သော် မိသည် သူ့ဘဝတစ်ခု ဖြစ်မလာ၊ သူ့ဘဝ၏ အစိတ်အပိုင်းကြီး တစ်ခုတောင် ဖြစ်မလာ။ စဉ်းစားလိုက်တိုင်း ခေါင်းအကြိမ်ကြိမ် ခါမိပြန်သည်။ သူ့အတွက် မိ သည် ခေတ္တခဏ စိတ်ထွက်ပေါက်ကိုပေးသော အိုအေစစ်တစ်ခု၊ စိတ်လိုလက်ရ ရှိမှ ထုတ်ထုတ်ကြည့်ရသည့် အရုပ်လေးတစ်ရုပ်ထက် မပိုပြန်။

မိ က သူ့ကို လက်ထပ်နိုင်ပါမည်လားဟု မေးသည့်ည နောက်ပိုင်း တစ်ခါ မျှ မတွေ့ဖြစ်တော့။ စာထဲမှာတော့ သူ့ကို နောက်ဆုံးအနေဖြင့် လူချင်း တွေ့ချင် ပါသော်လည်း စိတ်မထိန်းနိုင်မှာ စိုးသဖြင့် မတွေ့ပါရစေနဲ့တော့ ဟုသာ ဆို သည်။ သူကတော့ မိ ကို နောက်ဆုံးအနေဖြင့် ပွေ့ဖက်ချင်သေးသည်။ ဝိုင်အရက် လို ပူလောင် ပြင်းရှသော အနမ်းတွေ ပေးချင်သေးသည်။ နောက်ဆုံးအနေဖြင့် မိရဲ့ ကိုယ်ငွေ့နွေးနွေးကို ရချင်သေးသည်။

မိကို ခေါင်းထဲမှ ထုတ်ပစ်ဖို့၊ မိအကြောင်း မစဉ်းစားဖြစ်ဖို့ ကြိုးစား သည်။ခေတ္တယာယီဟုသဘောထားကာတွဲခဲ့သောမိန်းမတစ်ယောက်ကိုတောင် အချိန်တစ်ခုကြာတော့ စွဲငြိ နှမြောတွန့်တိုစိတ် မမျှော်လင့်ထားဘဲ ဖြစ်ရသည် ဆိုတော့ သူ ထိတ်တော့ ထိတ်လန့်သွားမိသည်။ နောက်ကို ဘယ်မိန်းမကိုမှ သံယောဇဉ် မဖြစ်မိဖို့ လိုသည်။

နှစ်ပက်မြောက် အရက်ကို အကုန်မော့ပြီးတော့ နောက်နှစ်ပက် ထပ် ထည့်သည်။ ခုညတော့ သူ နည်းနည်းမူးအောင် သောက်ပစ်ချင်သည်။ စိတ်ကို လွှတ်ပစ်လိုက်ချင်သည်။ ခု တစ်ညပါပဲ။ အိပ်မပျော်ခင်ပါပဲ။ နောက် မနက်မိုးလင်း တော့ ဒါတွေအားလုံး ပြီးသွားလိမ့်မည်။ အိပ်ပျော်နေချိန်အတွင်း ဦးနှောက်က မလိုလားအပ်သည့် မှတ်ဉာဏ်များကို ပယ်ဖျက်ပစ်လိမ့်မည်။ မိုးလင်းသည့်အခါ

mgyoe.com

mgyoe.com  SAMPLE BOOK 

နေ့သစ်တစ်နေ့ ဖြစ်လာမည်။ မိကို ညအမှောင်နှင့်အတူ၊ အိပ်မက်တို့နှင့်အတူ ထာဝရ ထားခဲ့တော့မည်။

စန္ဒရားရှိရာသို့ ပြန်လာပြီး တီးချင်ရာတွေ တီးနေလိုက်သည်။ လက်ချောင်းများကသာ တီးနေသော်လည်း သူ့စိတ်က စန္ဒရားမှာ မရှိ။ စိတ်က မိုးနှင့်အတူ လိုက်ပါနေ၏။ စိတ်က အိမ်ရှေ့မှာ စီးဆင်းသွားသော ချောင်းရေ၊ မြောင်းရေများထဲ ပါသွား၏။ သတိဝင်သည့်အချိန် တီးနေမိသည်က မိုးသံနှင့် လိုက်သည့် 'ချစ်မိုးကြီး' ဖြစ်နေသည်။ 'ချစ်မိုးကြီး မစဲဘဲ သဲသဲမဲမဲ အမြဲရွာစေချင်' သော်လည်း မိနှင့် ရေစက်သည် သည်ဘဝ သည်မျှနှင့် စဲခဲ့ပြီ။

♦

သောကြာနေ့ညနေ တစ်ခု။ အားကစားရုံမှာ အလေးမပြီး ပြန်လာသည်နှင့် အိမ်ပြန်၊ ရေချိုးပြီး အသိတစ်ယောက်နှင့် ချိန်းထားရာ မြို့ထဲသို့ သူ ထွက်ခဲ့သည်။ မြို့လယ်ကောင် ပြည်သူ့ကုန်တိုက်အပေါ်ထပ် နာမည်ကြီး 'သံအမတ်ကြီး' စားသောက်ဆိုင်သည် ခုဖွင့်သမျှထဲမှာတော့ ရေပန်းအစားဆုံး။ လမ်းတစ်ဖက် ဆောက်လက်စ သိမ်ကြီးဈေး 'ဒီ' ရုံ အဆောက်အအုံသစ်တောင် ရုပ်လုံး အတော်ပေါ်နေပြီ။ ရန်ကုန်မှာ အမြင့်ဆုံး ဖြစ်လာမည့်၊ ရုပ်ရှင်ရုံ ပထမဆုံး ထည့်သွင်းမည့် အဆောက်အအုံ။ သူတို့နှစ်ဦး သောက်လည်း သောက်၊ စားလည်း စား၊ မြူးကြွသော တေးဂီတဖြင့် ဖျော်ဖြေသူလေးများကိုလည်း ကြည့်ကြသည်။ ဆိုင်မှ ထကြတော့ ဆယ်နာရီ ထိုးလုလု။

သူ့မိတ်ဆွေက ဖောက်စ်ဝက်ဂွန်ကားလေးထဲ ဝင်ကာ လက်ပြ မောင်းထွက်သွားသော်လည်း သူ အိမ်မပြန်ချင်သေးသဖြင့် ကားဦးတည့်ရာ လျှောက်မောင်းလာခဲ့၏။ ယခင်ကဆို သောကြာနေ့ည ခုလိုအချိန်များသည် မိနှင့်အတူ ဆိုင်ထိုင်နေကျ၊ ကားလျှောက်မောင်းနေကျ ဖြစ်သည်။ ယခုမူ နံဘေးရှိ မိ ထိုင်နေကျ ထိုင်ခုံလေးသည် ပိုင်ရှင်မဲ့လျက်။

မိုးကလေး တပေါက်ပေါက် ကျလာသဖြင့် ကားမှန်တင်ကာ ဝိုက်ပါကို ဖွင့်သည်။ ဖြည်းဖြည်းမှန်မှန် မောင်းလာရင်း လမ်းဆုံ တစ်ခုအရောက် မီးပွိုင့် မီးနီနေသဖြင့် ရပ်လိုက်၏။ မီးပွိုင့်တွင် သူ့ကား တစ်စီးတည်း။ တစ်ဖက် မီးစိမ်း

mgyoe.com

mgyoe.com
SAMPLE BOOK


နေသည့် လမ်းကြောကလည်း ကားအသွားအလာ မရှိ။ ကားလည်း ရှင်း၊ ရဲလည်း ရှင်းသည်။ ဆက်မောင်းသွားချင်လည်း ရသည်။ သို့သော် သူ ရပ်မြဲ ရပ်နေသည်။ သူ့တွင် အလျင်လိုစရာကိစ္စ မရှိ။ သူ့အတွက် ရပ်နေခြင်းနှင့် ဆက်သွားခြင်း သည် ယခုခဏတွင် ဘာမှ မခြားနား။ အလားတူ သူ့ဘဝသည် ညဥ့်နက်နက် လမ်းရှင်းချိန်တွင် ကားမောင်းထွက်ရသည်နှင့် လက်ရှိမှာ တူနေသည်ဟု ထင်၏။ သူ့ဘဝတွင် အလျင်လိုခြင်းနှင့် အေးဆေးခြင်းတို့သည် ဆတူ တန်ဖိုးရှိနေသော အခိုက် ဖြစ်သည်။ သူ၏ လက်တွေ့ဘဝတွင် လတ်တလော မီးနီလည်း မရှိသလို မီးစိမ်းလည်း ပြမထား။ မီးနီ၊ မီးစိမ်းတို့ ရှိနေလျှင်လည်း သူနှင့် မဆိုင်သော အရာများဟုသာ သဘောထားသည်။ သူသည် မီးစိမ်းသောကြောင့်လည်း မဖြစ် မနေ ထွက်စရာ မလို၊ မီးနီသောကြောင့်လည်း ဘရိတ်ကို နင်းထားစရာ မလိုသော ရတောင့်ရခဲ ဘဝတစ်ခု ဖြစ်သည်။

ထိုစဉ် ကားမှန်တံခါးကို လာခေါက်သံ ကြားသဖြင့် လှည့်ကြည့်လိုက် သည်၊ ရင်ဟိုက်ဘလောက်စ်၊ စကတ်ထဘီ ဝတ်ထားသော အမျိုးသမီးတစ်ယောက်။ သူက ကားမှန်ကို စကားပြောလို့ရရုံ ချလိုက်သည်။

"မိုးရွာနေလို့ ဦးရယ်၊ အိမ်ပြန်ဖို့ ကားငှားတာလည်း မရတာနဲ့၊ သမီးကို မကူညီချင်ဘူးလား ..."

အမျိုးသမီးအသံက ညုညုံ ပါနေသည်။ မီးစိမ်းသော်လည်း မထွက်သေး ဘဲ ထိုမိန်းမကိုသာ သူ ကြည့်နေသည်။ အရှိန်ဖြင့် မောင်းလာသော ကားတစ်စီး က ရပ်နေသည့် သူ့ကားနောက်ဖင်ကို ဝင်မဆောင့်မိ လက်မတင်ကလေး အချိန်မီ တိမ်းကာ သူ့ကို ကျော်၍ မီးစိမ်းကို ဖြတ်သွား၏။ သူ ခေါင်းညိတ်ပြလိုက်တော့ ထိုမိန်းကလေးက ကားကို ရှေ့က ပတ်လာပြီး သူ့ဘေးဘက် ခေါင်းခန်းမှာ ဝင် ထိုင်သည်။

မဖိတ်ခေါ်ဘဲ ရောက်လာသည့် ဧည့်သည်ထံမှ မိတ်ကပ်နံ့နှင့် ရေမွှေးနံ့ က တစ်ကားလုံး သင်းကြိုင်ကြိုင်။ ကားခ မရမည့်အပြင် သူကတောင် ကားခ ပြန်ပေးရဦးမည့် ခရီးသည်မလေးက လက်ကိုင်ပဝါဖြင့် ခေါင်းမှ ရေများကို ချက်ချင်း သုတ်သည်။ ကားဘီးလိမ့်ပြီး အတန်ကြာတော့ စကား စပြောသည်။

"သမီးတစ်ယောက်တည်း ထီးကလည်း မပါ ဘာမပါနဲ့ မိုးက ရွာချလိုက် တော့ ဒုက္ခရောက်သွားတာ။ ခုလို အကူအညီ တောင်းရတာ ဆောရီးနော် ဦး"

mgyoe.com

သူက ဘာမှ ပြန်မပြော။ တစ်အောင့်နေမှ –

"ဘယ် လိုက်ပို့ပေးရမလဲ"

အမျိုးသမီးက နောက်မှီပေါ် အားရပါးရ မှီချလိုက်ပြီး ...

"ခုချိန်ကြီးကျမှ အိမ်ပြန်လို့ ဖြစ်ပါ့ဦးမလား မသိပါဘူး ရှင်ရယ်။ ဒီလို လုပ်ပါလား။ ဦး တစ်ယောက်တည်းလား၊ တစ်ယောက်တည်း ဆိုရင် ခုည သမီး အဖော်လုပ်ပေးမယ်လေ၊ ရတယ် မဟုတ်လား"

သူ ကောင်မလေးကို စောင်းငဲ့ကြည့်လိုက်၏။ ထို့နောက် ဘာမှ မပြော တော့ဘဲ ကားကိုသာ မှန်မှန်လေး မောင်းသွားလိုက်သည်။

♦

ခေါက်သံအဆုံး တံခါးထဖွင့်ပေးလိုက်တော့ မှာထားသည့် အရက်ပုလင်းနှင့် မြည်းစရာအချို့ကို ကိုင်ကာ ဝင်လာသည့် ဟိုတယ် ဝန်ထမ်း။ 'သံအမတ်ကြီး' မှာတုန်းက သူ သိပ်များများ မသောက်ခဲ့။ ထုံးစံအတိုင်း နှစ်ပက်၊ သုံးပက်။ ရီဝေဝေ ဖြစ်ခဲ့သမျှလည်း ခု ပြေသွားပြီ။ အရက်သောက်မလားဟု မေးတော့ ကောင်မလေးက နှာခေါင်းရှုံ့ပြပြီး စလင်းဘက်အိတ်ထဲမှ ငါးသုံးလုံး စီးကရက် တစ်ဘူး ထုတ်ပြီး မီးညှိသည်။ သူက လေအေးပေးစက်တပ် သူတို့အခန်း၏ ပြတင်း တစ်ချပ်ကို ဖွင့်လိုက်သည်။ ကောင်မလေးက ဂရုမစိုက်။ သူကတော့ ခုတင်ဘေး ကုလားထိုင်မှာ ထိုင်ပြီး ခုတင်ပေါ် ခြေနှစ်ချောင်းတင်ကာ အရက်ကို နည်းနည်းချင်း မြှုံ့ရင်း အသိအကျွမ်းဖြစ်ခါစ မျက်နှာချင်းဆိုင် ခုံက မိတ်ဆွေမလေးကို ကြည့်နေ သည်။

ကောင်မလေးက သူ့ကို ဆေးလိပ်သောက်မလားဟု ဟန်အမူအရာဖြင့် ပြ၏။ သူက မျက်လုံးလေး မှေးစင်းကာ ခေါင်းကို ခါသည်ဆိုရုံမျှ ခါပြလိုက်သည်။ ခဏကြာအောင် သူတို့ စကားမပြောကြ။ တစ်လိပ်ကုန်တော့ ကောင်မလေးက ဗီကေ ထုတ်ဝါးသည်။ ပြီးတော့ ဗီကေကို ပူစီဖောင်း လုပ်ပြီး တဖောက်ဖောက် လုပ်သည်။

"အမုန်းဆုံးက မိန်းကလေးတွေ ဗီကေ တဖောက်ဖောက် လုပ်တာနဲ့ ဖိနပ်ကို ရှပ်တိုက်စီးတာပဲ"

mgyoe.com

mgyoe.com


"ဘာလို့ မိန်းကလေးတွေမှလဲ၊ ဦးတို့ ယောကျ်ားလေးတွေလည်း အဲလို မျိုးတွေ မလုပ်လို့လား"

"ခု ပြောတာ မိန်းကလေးတွေ ကိစ္စ၊ ယောကျ်ားလေးတွေ လုပ်တာက သတ်သတ် ..."

ကောင်မလေးက ပခုံးတွန့်လိုက်ပြီး မထိတရိဖြင့် သူ့ကို ကြည့်သည်။

"ဦး... အဲ... ကိုကြီးလား... ဦးလား ... ဘယ်လို ခေါ်ရမလဲ၊ အသက် ဘယ်လောက်ရှိပြီလဲ" ဟု မေး၏။

"မှန်းကြည့်လေ"

ကောင်မလေးက မျက်မှောင်ကြုတ်ကာ သူ့ကို ကြည့်ပြီးမှ ...

"အင်း... လေးဆယ်တော့ မကျော်လောက်သေးဘူး ထင်တာပဲ။ သုံးဆယ့်ငါး၊ သုံးဆယ့်ခြောက်ပေါ့ ဟိဟိ..."

"မဆိုးပါဘူး၊ မှန်းတတ်သားပဲ ... မင်းကော ..."

ကောင်မလေးက ပါးစပ်ဖြင့် ပြန်မဖြေဘဲ လက်နှစ်ချောင်း ထောင်ပြ၏။ ပြီးတော့ ကွေးထားသည့် ကျန်သုံးချောင်း အနက်မှ လက်သူကြွယ်ကို ထပ်ဆန့် လိုက်သည်။

"ကိုကြီးက ခုလိုပဲ လမ်းမှာတွေ့တဲ့ ကောင်မလေးတွေကို ဟိုတယ် ခေါ်ခေါ်လာပြီး စောင့်ရှောက်တတ်တာလား"

ကောင်မလေးမျက်နှာ ပြုံးစိစိ။

"မင်းကကော ခုလိုပဲ ခဏခဏ အိမ်ပြန်နောက်ကျပြီး တွေ့တဲ့ကားကို တားစီးတတ်တာလား"

ကောင်မလေးက တခစ်ခစ်ရယ်ပြီး အိပ်ရာပေါ် ခုန်တက်ကာ နှစ်ပတ် လောက် လိမ့်သည်။ ပြီးတော့ ထထိုင်၏။ ခေါင်းအုံးတစ်လုံးကို ယူကာ ပေါင်ပေါ် တင်လိုက်ပြီး လက်နှစ်ဖက်က မေးကို ပြန်ထောက်ထားကာ သူ့ကို ကြည့်သည်။ သူကတော့ မအိပ်ချင်သေး။ ညကို သည်အတိုင်း ကုန်လွန်သွားရမှာ နှမြောလှ သည်။ လောက၌ လိင်ကိစ္စသည် အကောင်းဆုံး သုခ၊ စီးကရက် သောက်ရခြင်း သည် ဒုတိယ အကောင်းဆုံး သုခဟု ဆိုကြသော်လည်း သူက ဆေးလိပ် မသောက် တတ်။ သူ့အတွက်တော့ ဒုတိယသုခမှာ ပုစ္ဆာထုတ်ရခြင်းနှင့် အဖြေရှာရခြင်းသာ။

"အချစ်ဆိုတာ ဘာလဲ" ဟု သူ မေးလိုက်တော့ ကောင်မလေးက မျက်လုံး အဝိုင်းသားဖြင့် ပြန်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းထောင့်စွန်းများ ကွေးတက်သွားပြီး ...

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာတွေ လာမေးနေတာလဲ"

"ပြောစမ်းပါ၊ ဖြေတတ်သလိုသာ ဖြေ၊ အချစ်ဆိုတာ ဘာလဲ"

ကောင်မလေးက ဝီကေကို နှစ်ချက် သုံးချက် ဆက်ဝါးလိုက်ပြီးမှ ...

"အချစ် ဆိုတာလား ... အချစ်ဆိုတာ ဟောဒီက လူချောကြီးပေါ့" ဟု ညုသံငင်ငင်နှင့် သူ့ကို မေးငေါ့ပြသည်။

"မင်းက တို့ကို ချစ်တယ်ပေါ့ ဟုတ်လား ..."

"ဒါပေါ့ မယုံဘူးလား"

သူ ပြုံးစိစိဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ပြောပါဦး...မင်း ဘဝအကြောင်း၊ မွေးတဲ့နေ့ကစလို့ ခု ဒီနေ့ ဒီအချိန်ထိ အကြောင်း"

ကောင်မလေးက နှုတ်ခမ်းစူသည်။ "တအား စပ်စုတယ်ရော်၊ ဘာလဲ သတင်းထောက်လား၊ စာရေးဆရာလား" ဟု မေးရင်း ဟက်ခနဲ ရယ်လိုက်ပြီး "မ ... ပြော ... ဘူး" ဟု ငေါ်တော့တော့ ဆိုသည်။ ထို့နောက် တီဗွီကို ထဖွင့်သည်။ စလောင်းနှင့် ဆက်ထားသော ထိုတီဗွီမှာ နိုင်ငံခြားချန်နယ်တွေ တစ်ခုပြီး တစ်ခု ပြောင်းသည်။ အနောက်တိုင်း ဂီတချန်နယ်တစ်ခု ရောက်တော့ သူက လက်ကာ ပြလိုက်ပြီး ရပ်ခိုင်းလိုက်သည်။ လက်တင်ဂီတ သံမြူးမြူးကို ကြားတော့ ကောင်မလေးလည်း ခုတင်နှင့် တီဗွီကြား ကွက်လပ်သို့ ဆင်းသွားပြီး တေးသံနှင့်အတူ လိုက်က,သည်။

"အခု လာနေတာ ဘာဂီတလဲ သိလား" ဟု မေးတော့ ကောင်မလေးက အကမပျက် ခေါင်းခါပြသည်။ သူကတော့ ခုလာနေတာ Xavier Cugat ၏ Maria Elena တေးသွားဟု မှတ်မိသည်။ ဟိုတစ်လောက ပပဝင်းမှာ ရှုတင်သွားသည့် ဟောင်ကောင်ရုပ်ရှင် Days of Being Wild ထဲ သည်သီချင်းနဲ့ ဟောင်ကောင် မင်းသား လက်စလီချန်း က,တာ သူ သိပ်ကြိုက်ကြောင်း ပြောမလို့ လုပ်ပြီးခါမှ ပါးစပ် ပြန်ပိတ်လိုက်သည်။

ထိုသီချင်းအလိုက်အတိုင်း သူက *"... ကိုကို မချစ်မှာ... ကိုကို မုန်းမှာ... တကယ်ကို စိုးတယ်..."* ဟု အစဖော်ပေးလိုက်တော့ ကောင်မလေးက မှတ်မိသွားဟန်ဖြင့် မျက်လုံးကလေး ဝိုင်းကာ ခေါင်းညိတ်ပြသည်။ ပါးစပ်ကလည်း "ကော်နီ" ဟု နှုတ်ခမ်းလှုပ်ရုံ လှုပ်ပြသည်။

mgyoe.com

m g y o e . c o m
SAMPLE BOOK


ကောင်မလေးက လက်တင် တေးဂီတနှင့် လိုက်ဖက်အောင် က,တော့ က,တတ်သားပဲ။ က,ပုံက တင့်တင့်ထွန်း ဟန်ပန်။ နှစ်ပုဒ်၊ သုံးပုဒ်စာ က,ပြီးတော့ ကောင်မလေးလည်း မောသွားပြီ။ သူလည်း သောက်တာ ရပ်ပြီ။

မနက်မိုးမလင်းခင် သူ အစောကြီးထ၍ ထွက်လာခဲ့သည်။ ကောင်မလေး ကတော့ အိပ်ကောင်းနေတုန်း။ ခုတင်ဘေးက စားပွဲပေါ်မှာ တစ်ရာတန်အရွက် အချို့ သူ ထားခဲ့သည်။

၀

m g y o e . c o m

mgyoe.com SAMPLE BOOK

## (၄)

စာသင်နှစ် အသစ် ပြန်စပြီမို့ သူ ရင်တွေ ခုန်နေသည်။ ဌာနမှူးနှင့် အချေအတင် ပြောကာ မရမက အတည်ပြုထားခဲ့ရသည့် သင်ခန်းစာသစ်၊ သင်နည်းသစ်ကို သူ သင်ရတော့မည်။ အောင်မြင်လျှင် သူ နာမည်ကောင်း ရမည်။ နောက်နှစ်တွေ အတွက်လည်း လမ်းဖောက်ပြီးသား ဖြစ်သွားမည်။

သူသည် တက္ကသိုလ် တက်တုန်းက မြန်မာစာကို ဝါသနာပါလွန်းသဖြင့် ယူခဲ့ခြင်း ဖြစ်၏။ ဆရာဇော်ဂျီ ဆရာမင်းသုဝဏ်တို့လို စာဆိုတော် ပါမောက္ခကြီး ဖြစ်ရေးအတွက် သူ စိတ်ကူးယဉ်ခဲ့သည်။ သို့သော် ကျောင်းသားဘဝကသာ ဟိုဟိုသည်သည်မှာ ကဗျာတွေ၊ စာတွေ ရေးခဲ့သော်လည်း ဆရာဘဝကို ကူးပြောင်း ပြီးနောက် သူ့ကလောင်က တုံးသွားခဲ့သည်။ သူ ဖွဲ့မရှိတာလည်း ပါမည်။ သို့မဟုတ် သူများ ဖန်တီးထားသည့် စာပေ အနုပညာတို့ကို ဖတ်ရှုခံစားဖို့ ပိုပြီး ဝါသနာ ထုံနေတာလည်း ဖြစ်နိုင်သည်။ သို့မဟုတ် အိမ်ထောင်ရေးနှင့် ဓာတ်မတည့်ခြင်း ကြောင့်လည်း ဖြစ်နိုင်သည်။ သူက တစ်ယောက်တည်း နားအေး ပါးအေးဖြင့် စာလေး ဖတ်လိုက်၊ စဉ်းစားလိုက်၊ စိတ်ကူးယဉ်လိုက် လုပ်ချင်သော်လည်း မိန်းမ က သူ ငြိမ်နေလျှင် မကြိုက်။ ယောကျ်ားတစ်ယောက် အနေဖြင့် သည်လောက် ကြောင့်ကြမဲ့ နေရလားဟု အပြစ်တင်သည်။ ဖြစ်နိုင်လျှင် သူ့စီးပွားရေးကို ကူစေ ချင်သည်။ မိသားစုနှင့် ပူးကပ်နေပေးစေချင်သည်။ မိန်းမကို အဖက်လုပ်စေချင်

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ မိန်းမက ပူညံ့ပူညံ့လုပ်လျှင် သူသည် စိတ်ရှုပ်လာပြီး အပြင်ထထွက်သွားတတ်သည်။

"ဒီမယ် မြ... ဆရာဇော်ဂျီဟာ သမီးသုံးယောက် မွေးထားပေမယ့် စာကြည့်ခန်း ဝင်ချိန်မှာဆို ဘယ်သူမှ သွားနှောင့်ယှက်ခွင့် မရှိဘူး။ မိန်းမက အလိုက်တသိနဲ့ ကလေးတွေကို ဖအေအနား မသွားအောင် ထိန်းပေးထားရတယ် မင်းသိလား အဲဒါ" ဟု သူ တစ်ခါတုန်းက ဒေါကန်ကန်နှင့် ပြောဖူးသည်။

"မသိဘူး၊ သိလည်း မသိချင်ဘူး။ မောင်ကလည်း ဆရာဇော်ဂျီမဟုတ်သလို မြကလည်း ဆရာဇော်ဂျီ့ မိန်းမ မဟုတ်ဘူး" ဟု သူ့မိန်းမက ပြန်ရန်တွေ့သည်။

သူ့တွင် စိတ်ရှုပ်စရာ ပတ်ဝန်းကျင်မှာ နေရင်းကြားထဲမှပင် စာကိုရအောင် ရေးတတ်သည့် ပီမိုးနင်းလို အာဂ စာရေးဆရာ ပါရမီမျိုးလည်း ပါမလာခဲ့။ သည်လိုနှင့် စာတိုပေစ ရေးသားမှုနှင့် သူ တဖြည်းဖြည်း ဝေးကွာလာခဲ့သည်။ မိန်းမနှင့် ကွာရှင်းပြီးနောက်မှာ စာရေးဖို့ ဗျာန်ပြန်သွင်းကြည့်သော်လည်း မရတော့။ စာပေအထုံသည် သူ့နှလုံးသား ဝိညာဉ်ထဲတွင် လုံးဝ သေဆုံးသွားခဲ့ပြီထင်၏။ ထိုအခါ သူသည် စာကို ဖတ်ရုံသာ ဖတ်တော့သည်။ သူများတကာ၏ ဖန်တီးစာတွေ ကြားထဲတွင်သာ ရသမျိုးစုံကို ရှာဖွေသည်။ ဘဝဒဿနကို တူးဆွသည်။ အနောက်တိုင်းဂီတ၊ အရှေ့တိုင်းဂီတ၊ မြန်မာဂီတ အစုံကို ခံစားသည်။ သူ့အဖေ ဆုံးပြီးတော့ အဖေ့အမွေ စန္ဒရားကြီးကို အိမ် မ,ချလာပြီး တီးသည်။ ပန်းချီပြပွဲများ သွားပြီး နှစ်သက်ရာ ပန်းချီကားများ စုဆောင်းသည်။ အကြိုက်ဆုံး တချို့ကို အိမ်မှာ အလှချိတ်၊ တချို့ကိုတော့ စုထားပြီး ပြန်ရောင်းသည့်အခါ ရောင်းသည်။ ဒါသည်ပင် တစ်ကိုယ်ရေ တစ်ကာယ ငါးနှစ်တာကာလ သူ ပျော်သန်းခဲ့ခြင်း ဖြစ်သည်။

ဆရာဘဝဖြင့် ဖြတ်သန်းရင်း နှစ်ရလာသည့်အခါ တပည့်ဖြစ်သူ မြန်မာစာ ကျောင်းသား၊ ကျောင်းသူတို့၏ အရည်အသွေး ကျဆင်းလာမှုကို သူ သတိထားမိလာ၏။ ယခုအခါ တက္ကသိုလ်ဝင်တန်း အောင်မြင်သူတို့သည် မြန်မာစာကို ဝါသနာပါလို့ ဆိုတာထက် ဆယ်တန်းမှာ ရမှတ် နည်းသဖြင့် တခြား ဘယ်ဘာသာကိုမှ အမှတ်မမီတော့သောကြောင့် မတတ်သာ၍ မြန်မာစာကို ယူကြသူက များလာသည်။ ဆယ်တန်းအထိသူတို့သည် အသင့်ရေးပေးထားသော မှတ်စုများကို ၏၊ သည်၊ ၍ မလွဲ နှုတ်တိုက် ကျက်ခဲ့ကြသည်။ တက္ကသိုလ်ရောက်

mgyoe.com

mgyoe.com
SAMPLE BOOK


တော့လည်း ထိုအကျင့်ကို မပြင်ချင်ကြတော့။ ဆရာကိုသာ သူတို့ အားကိုးချင်သည်။ စာမေးပွဲ အောင်ဖို့၊ မြန်မြန်ဘွဲ့ရဖို့သာ အဓိက ဖြစ်လာကြသည်။

အသင့် ခွံ့ကျွေးသည့် ပညာရေးမှ ကျောင်းသားဗဟိုပြု ပညာရေးသို့ ပြောင်းလဲရေးအတွက် အထက်က ဦးဆောင်ကာ မူဝါဒချသည်ဟု အသံကြားရသည်ကတော့ ကြာပြီ။ သို့ပေမဲ့ တက္ကသိုလ်ပရိဝုဏ်ထဲမှာတော့ သိသာသည့် အပြောင်းအလဲကို ယခုအထိ မမြင်ရသေး။ မူဝါဒသည် မူဝါဒအဆင့်မှ အပြင်သို့ ခုန်ထွက်မလာ။ အရေးအခင်းကြီးနောက်ပိုင်း ကျောင်းတွေ ပြန်ဖွင့်တော့ တက္ကသိုလ်တွေကို အတိုင်းအတာတစ်ခုအထိ လွတ်လပ်ခွင့် ပေးစမ်းကြည့်လိုက်သည်။ မိမိစိတ်ကြိုက်သင်ရိုး၊ သင်ကြားပုံနည်းဖြင့် အပေါ်က ချပေးလိုက်သည့် မူဘောင်ထဲမှ သွားစေ တဲ့။ ဝန်ကြီးဌာနက မူဝါဒလောက်ပဲ ကိုင်တော့မည် တဲ့။ သို့သော် ပါမောက္ခချုပ်မှအစ တစ်ဌာနလုံးက ဆရာအများစုမှာ အပြောင်းအလဲလုပ်ဖို့ နှေးကွေးနေဆဲဟု သူမြင်၏။

သူကတော့ ဘာပဲဖြစ်ဖြစ် နှစ်ပေါင်းများစွာ ကျဆင်းသွားခဲ့သော ပညာရေးကို နိုင်သလောက် ဘောင်အတွင်းမှ ပြန်အဖတ်ဆယ်ကြည့်ချင်သည်။ ဌာနမှူးနှင့် အတော် စကားပြောခဲ့ရသော်လည်း အတိုင်းအတာတစ်ခုအထိ လုပ်ပိုင်ခွင့် ရလာခဲ့ပြီမို့ ကျေတော့ ကျေနပ်၏။ ဌာနမှာတော့ ဆရာ၊ ဆရာမအချို့က သူ့ကို ထောက်ခံ အားပေးသည်မို့ အသက်ရှုပေါက်ရသည်။

သူ့ကို အားပေး ထောက်ခံသူ နောက်တစ်ယောက်က ဆရာကြီး ဦးသော်ကောင်း။ စာကြည့်တိုက်မှူးကြီး ဦးသော်ကောင်း၏ ဖခင် ပညာမင်းကြီး ဦးကောင်း ဖြစ်စေချင်ခဲ့သလို စာမေးပွဲအတွက်သာ ဦးစားပေးသော ပညာရေးမျိုးထက် အသိပညာ ကြွယ်ဝမှုနှင့် ဘက်စုံတတ်ကျွမ်းမှုကို အလေးထားသော ပညာရေးမျိုးဖြစ်ဖို့ သူ့တွင်လည်း အာသီသ ရှိကြောင်း ဦးသော်ကောင်းနှင့် မကြာမကြာ သူ ပြောဖြစ်သည်။ အများ မလျှောက်သော လမ်းကို လျှောက်ကာ စာကြည့်တိုက်မှူး လုပ်ခဲ့သော ဦးသော်ကောင်းလိုပင် သူလည်း ပညာရေးတွင် အများ မလျှောက်သော လမ်းကို လျှောက်ချင်သည်။ သည်အချက်တွင် သူနှင့် ဦးသော်ကောင်း တူသည်ဟု ခံစားမိ၏။

ဦးသော်ကောင်းကို သူ လေးစားသည်။ ဆရာကြီးနှင့် တွေ့နေရချိန်ဆို သူ ပျော်သည်။ ဆရာကြီးဆီမှ စာကြည့်တိုက်နှင့်ဆိုင်သော ပညာများကို ကြားနာ

mgyoe.com

mgyoe.com
SAMPLE BOOK


ချင်သည်။ ထို့ကြောင့် အားလပ်လျှင် ဗဟိုစာကြည့်တိုက်ဘက်သို့ မကြာခဏ လာကာ ဆရာကြီးနှင့် လာတွေ့တတ်၏။ ဆရာကြီးက သူ့ကို စာကြည့်တိုက် ပညာတန်း ဘွဲ့လွန် တက်စေချင်သည်။ သူသည် ဆရာကြီးပြောသည့် ဗဟုသုတ များကို နားထောင်လိုစိတ် ရှိသော်လည်း အတန်း ပြန်တက်ရမှာကိုတော့ သိပ်စိတ် မပါ။

"တက်ချင်ပါတယ် ဆရာကြီးရယ်၊ ဒါပေမဲ့ အသက်ကြီးလာလို့လား မပြောတတ်ပါဘူး၊ ကျောင်းသား ပြန်လုပ်ဖို့ တယ်စျာန်မဝင်ပြန်ဘူး၊ ခုထိ ပီအိတ်ချ်ဒီ ဆက်မလုပ်ဖြစ်သေးတာသာ ကြည့်တော့"ဟုသာ ပြောရင်း ပတ်ရှောင်နေခဲ့သည် က များသည်။

"မောင်ရင့်နှယ်... ကိုဝင်းဖေကြီးတောင် အသက်ငါးဆယ်ကျော်မှ စာကြည့် တိုက်ပညာတန်း စတက်ပြီး အခု သူက ရိုးရိုးစာစုစာရင်းတင်မက ကျမ်းပါ ရေးထည့် လိုက်တာ ကိုယ်တို့အားလုံးက ဂုဏ်ထူးတောင် ပေးလိုက်ရတယ် မဟုတ်လားဗျ။ စာအုပ်ထုတ်ခွင့်ပါ တစ်ခါတည်း ပေးလိုက်တာ။ မောင်ရင်က ငယ်ပါသေးတယ်။ လုပ်စမ်းပါ" ဟု ဆရာမောင်စွမ်းရည်ကို ဥပမာပြပြီး သူ့ကို အားပေးတတ်သည်။ သူကတော့ "ဟုတ်ကဲ့ပါ ဆရာ" ဟုသာ ပြောရင်း ပြုံးနေတတ်သည်။

ဦးသော်ကောင်း တိုက်တွန်းရာကို ခုထိ လိုက်မလုပ်နိုင်သေးသော်လည်း ဆရာကြီး၏ စိတ်ပူပန်မှုကို သူ သိသည်။ ဆရာကြီးသည် နှစ်အနည်းငယ်အတွင်း အငြိမ်းစားသွားရတော့မည်။ ဆရာဇော်ဂျီသည် ဆရာတိုက်စိုးနှင့် ဆရာ ဦးသော် ကောင်းတို့အား ရင်ငွေ့ခိုလှုံစေခဲ့ပြီးမှ တက္ကသိုလ်စာကြည့်တိုက်ကို စိတ်ချလက်ချ ထားခဲ့သလို ဆရာကြီးကလည်း သူ မရှိတော့သည့်နောက်တွင် စိတ်ချရမည့် လူရင်းများဆီ လက်လွှဲသွားလိုသည်။ ဆရာကြီးဆန္ဒကို သူ နားလည်သော်လည်း စာကြည့်တိုက်ပညာ တက်ရောက်နေသူများထဲ ဝါသနာရော၊ ပညာရော ပြည့်သည့် မျိုးဆက်သစ်တွေ ရှိကို ရှိနေသည်ဟု သူ ယုံသည်။ ဒါကြောင့်လည်း ဆရာကြီး တွန်းသလောက် သူ လိုက်မရွေ့နိုင်သေး။

ဗဟိုစာကြည့်တိုက်ကို ဝန်းရံထားသော သော်ကပင်ကလေးများကို မြင်တော့ သူ့စိတ်သည် လတ်ဆတ် သွား၏။ စာကြည့်တိုက်အတက် ကျောက် လှေကားထစ် ဖြူဖြူများကို မြင်ရပြီ။ သူ ရွေးချယ်ထားသည့် ဂန္ထဝင်ကဗျာအချို့ အနက်မှ မူကွဲရှိနေသည်များကို ရှေးပေမူများနှင့် တိုက်ဆိုင်စစ်ဆေးရန် စာကြည့်

mgyoe.com

mgyoe.com SAMPLE BOOK


တိုက်ကိုထွက်လာခဲ့သည်။အတန်းချိန်ကနေ့လယ်ပိုင်းကျမှ ဆက်တိုက်ရှိသည်မို့ တစ်မနက်လုံး အားချိန်ရသည်နှင့် ပေမူကိစ္စပြီးတော့ ဦးသော်ကောင်းဆီ ဝင်ရင်း အာလူးဖုတ်နေသည်။

အတန်ကြာ သူ ထမည် လုပ်တော့ ဦးသော်ကောင်းက ...

"ကိုင်း... ခင်ဗျား ပြန်ရင် ကျွန်တော်လည်း အပြင်တစ်ခါတည်း လိုက်ထွက်မယ်။ လှည်းတန်းက သပြေညိုကြီးဆီ သွားမလို့ဗျို့"

"ဟုတ်လား ဆရာ၊ကျွန်တော်တို့လည်း ဆရာကြီးဦးဝဏ်ကို သွားကန်တော့ဖို့ ရှိသေးတယ်။ ဆရာဇော်ဂျီ မရှိတော့တဲ့နောက် ကျွန်တော်တို့မှာလည်း ဆရာကြီးဦးဝဏ်တို့၊ ဆရာတိုက်စိုးတို့ကိုပဲ မပျက်မကွက် ဂါရဝ သွားပြုဖို့ ရှိတော့တယ်။ တစ်ချိန်က သပြေညို အလုပ်ရုံပိုင်းလေးတွေကို လွမ်းသား။ ဆရာကြီးကိုလည်း ကျွန်တော်က နှုတ်ဆက် ကန်တော့လိုက်တယ်လို့ ပြောပေးပါဦး"

ဦးသော်ကောင်းနှင့် သူ နှစ်ယောက်သား စကား တပြောပြောနှင့် စာကြည့်တိုက်အပြင်ကို အတူတူ ထွက်လာကြသည်။ လှေကားထစ် အဆင်းနားအရောက် ဆရာကြီးက တစ်ခု သတိရသွားဟန်ဖြင့် ...

"ဪ... မေ့နေတာ၊ မောင်ရင့်ကို ကိုယ် တစ်ခါပြောထားတဲ့ သံအဖွဲ့မှတ်တမ်း စာပေကိစ္စလေး မှတ်မိလား၊ ဘယ့်နှယ့်လဲ... ကူပေးနိုင်ပါ့မလား။ မောင်ရင်က စေ့စပ်နှံ့စပ်တော့ အားကိုးရလို့ပါ"

ခရစ် ၁၇၄၉ ခုနှစ်က တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့သည့် မြန်မာသံအဖွဲ့မှတ်တမ်းစာပေကို စာအုပ်အဖြစ် ထုတ်ဝေဖို့ အာသီသ ပြင်းပြနေသည့်အကြောင်း တစ်ခါက ဆရာကြီး သူ့ကို ပြောဖူးသည်။ "အဲဒီမှတ်တမ်းထဲ သံအဖွဲ့နဲ့ အတူပါသွားတဲ့ တရုတ်အတွက် လက်ဆောင်စာရင်းတွေအထိ အသေးစိတ်တွေ ပါတာဗျ။ ထုတ်နိုင်ရင် တရုတ်-မြန်မာ ဆက်ဆံရေးသမိုင်းအတွက်တော့ ပိုပြည့်စုံသွားတာပေါ့ဗျာ" ဟု ဆိုခဲ့ဖူးသည်။

"ဟုတ်ကဲ့ပါ ဆရာရဲ့၊ ကျွန်တော် မမေ့ပါဘူး။ စိတ်ချပါ၊ တစ်ရက်လောက် ဆရာ့အိမ် လာခဲ့ပါဦးမယ်"

လှေကားအဆင်း ဆရာကြီးနှင့် ဘေးချင်းယှဉ်ပြီး လိုက်ဆင်းသည်။ ဆရာကြီး ငယ်ကတည်းက ရခဲ့သည့် အဆစ်အမြစ်ရောင် ရောဂါသတင်း မေးရင်း သူ သိသည့် ဆရာဝန်တချို့ကိုလည်း ညွှန်းသည်။ ဆရာကြီးနှင့် သူ နှစ်ဦးယှဉ်ကာ

mgyoe.com

mgyoe.com
SAMPLE BOOK


ဗဟိုစာကြည့်တိုက် အဝင်လှေကားထစ်များအတိုင်း တစ်ထစ်ချင်း ဖြည်းဖြည်း ဆင်းလာကြသည်။ စာကြည့်တိုက်သို့ လာသော ကျောင်းသား၊ ကျောင်းသူအချို့ လှေကားအတိုင်း မျက်နှာချင်းဆိုင်မှ တက်လာနေကြသည်။ ကံ့ကော်ရနံ့ ပါသော လေပြည်တသုတ် ရိုက်ခတ်လာ၏။ ဘယ်လိုပါလိမ့်၊ ကံ့ကော်ပွင့်ချိန် ကျော်လွန်ခဲ့ပြီ မဟုတ်လား။

"အမေ့ ..."

လှေကားထစ်များအတိုင်း ခပ်သုတ်သုတ် တက်လာသော ကျောင်းသူ သဏ္ဌာန်တစ်ခုသည် ခြေချော်ကာ ယိုင်လဲတော့မလို ဖြစ်သွား၏။ လဲမကျခင် အချိန်မီ ကိုယ်ရှိန် ထိန်းလိုက်နိုင်သော်လည်း လက်မှာ ကိုင်ထားသော စာအုပ် တစ်အုပ်က သူနှင့် ဆရာဦးသော်ကောင်းတို့ ခြေရင်းတည့်တည့်သို့ ဖုတ်ခနဲ ပြုတ်ကျလာသည်။

"ကန်တော့ပါနော် ဆရာကြီးတို့... ကန်တော့ ကန်တော့ ..."

ကျောင်းသူက အားတုံ့အားနာဖြင့် စာအုပ်ကို ကမန်းကတန်း ကောက်ယူကာ နဖူးဖြင့် နှစ်ချက်၊ သုံးချက် ထိသည်။ သူနှင့် ဆရာဦးသော်ကောင်းကိုလည်း ပျာပျာသလဲ တောင်းပန်ရင်း မော့ကြည့်သည်။ သူတို့က အပေါ်လှေကားထစ်က၊ ကျောင်းသူက အောက် နှစ်ထစ်၊ သုံးထစ် အကွာမှ။

ကမ္ဘာသည် ဝင်ရိုးပေါ် လည်ပတ်နေရာမှ ခေတ္တ ရပ်တန့်သွားသော ခဏ... အချိန်ယန္တရား၏ ရပ်တန့်ခြင်း... အရွေ့စွမ်းအင်တို့ ရပ်တန့်ခြင်း...

ကြွေကျဆဲ သစ်ရွက်တို့သည် လမ်းတစ်ဝက်မှာ ရပ်တန့်သွား၏။ သုတ်ဖြူးဆဲ လေပြည်သည် အာကာသထဲ ရပ်တန့်သွား၏။ လူ၊ ယာဉ်၊ ရထားတို့သည် ရောက်ဆဲနေရာမှာပင် ရပ်တန့်သွား၏။ မရပ်တန့်သည့်အပြင် အရှိန်ပိုမြန်လာတာဆိုလို့ သူ့နှလုံးသားသာ ရှိမည်ဟု ထင်ရသည်။

တစ်ခုသော ဘွဲ့နှင်းသဘင်နေ့တုန်းက ကျောင်းဝင်းထဲမှာ ... သစ်ပုပ်ပင်ကြီး အောက်မှာ ကင်မရာကို မခို့တရို့ ကြည့်ရင်း ဓာတ်ပုံများစွာ အရိုက်ခံနေခဲ့သော မိန်းကလေး...။

သည်မျက်ဝန်းလေးကို၊ သည်မျက်နှာလေးကို သူ ကောင်းကောင်း မှတ်မိတာပေါ့။ ထိုစဉ်က အပြာနု လှိုင်းတွန့်ပါ ပိုးထည်ဝမ်းဆက်နှင့်။ နောက်တွဲ ဆံထုံးနှင့်၊ မိတ်ကပ်ခပ်ပါးပါး မျက်နှာနှင့်။ မျက်တောင်လေးများက ရှည်သွယ် ကော့ညွတ်လို့၊ မျက်ဝန်းအစုံက သောက်ရှုးကြယ်စင်အလား တောက်ပလို့။

mgyoe.com

mgyoe.com

SAMPLE BOOK


ယခုမူ ထိုမိန်းကလေးသည် ဆံပင်ကို ထုံးမထားဘဲ ဖြေချထား၏။ ပိတုန်းရောင်ကေသာသည် ပခုံးကို ကျော်၍ရင်ဘတ်ရှေ့ကို တချို့ ဝဲကျနေသည်။ ဟိုနေ့တုန်းက မျက်မှန်မပါ၊ ယခုတော့ နှုတ်ခမ်းသားထူထူ ဘဲဥပုံ မျက်မှန်လေးနှင့်။ မျက်နှာမှာ မိတ်ကပ်တို့ လိမ်းမထား၊ သို့မဟုတ် လိမ်းလျှင်လည်း ခပ်ပါးပါး လိမ်းထားတာများလား။ နှုတ်ခမ်းကို အရောင်ယဉ်ယဉ်လေး ဆိုးထားပုံ ရသည်။ ကိုယ်တိုင်း အတိအကျဖြင့် ချုပ်ဝတ်ထားသည့် မြန်မာဝတ်စုံလေးထဲ ပျော့ပျောင်း သွယ်လျသော ကိုယ်ခန္ဓာက ပေါ်လွင်နေသည်။ ဟိုနေ့ကနှင့် မတူအောင် ဘယ်လိုပဲ ရုပ်ပြောင်းထားပါစေ၊ သူ မမှတ်မိဘဲ မနေ။

သူကလေးသည် တက္ကသိုလ်ကျောင်းသူလား။ ဟုတ်သည်ဆိုလျှင် မိန်းထဲက လား၊ လှိုင်ကလား၊ ကြည့်မြင်တိုင်ကလား။ ဘယ်ကျောင်းကမှ မဟုတ်ဘဲ လေ့လာမှု တစ်ခုခုအတွက် စာကြည့်တိုက်ကို စာအုပ် လာငှားတာလား။

ရုပ်တန့်သွားသည့် အာကာသ၊ အချိန်ကာလနှင့် အရွေ့စွမ်းအင်တို့ ပြန်၍ ခရီးဆက်ကြပြန်၏။ လမ်းတစ်ဝက်က ရွက်ကြွေသည် မြေသို့ သက်ဆင်း နမ်းရှုပ်သွားသည်။ လေပြည်သည် ဆက်၍ တသုန်သုန် တိုက်သည်။ လူစက်ရုပ်၊ ယာဉ်စက်ရုပ်တို့သည် အသက်ပြန်ဝင်ကာ သွားမြဲ ဆက်သွားသည်။ မိန်းကလေး သည်လည်း သူတို့ရှေ့မှာပင် ခေါင်းကိုငုံ့၊ ကိုယ်ကိုယို့၍ ရှောင်ကွင်းကာ လှေကား ထစ်များအတိုင်း ဆက်တက်သွားလေသည်။ တစ်လောကလုံး ရုပ်တန့်နေချိန် တုန်းက ရုပ်မနေဘဲ လှုပ်ရှားနေခဲ့သည့် တစ်ခုတည်းသော အရာ၊ သူ့နှလုံးသား သည်သာ ယခုမှ ရုပ်တန့်သွားတော့သည်။

စာကြည့်တိုက်ရှေ့ ထိုးထားသည့် ဆရာဦးသော်ကောင်း၏ မာစတာ ဂျစ်အစိမ်းလေးဆီ ရောက်သည်အထိ ဆရာကြီးက စကားတွေ အဆက်မပြတ် ပြောလို့ မပြီးသေး။ ကားပေါ် တက်ပြီးလို့ စက်နှိုးပြီးတာတောင် ကားအောက်က သူ့ကို ဆက်ပြောနေတုန်း။ သူကတော့ အလိုက်သင့် ခေါင်းသာ လိုက်ညိတ်နေရ သော်လည်း ဘာတွေ ပြောနေမှန်း မကြားတော့။

အတော်ကြာ ဆရာသော် ကားမောင်း ထွက်သွားတော့မှ သူလည်း စာကြည့်တိုက်ပေါ် ပြန်တက်ဖို့ ခြေလှမ်းပြင်နေတုန်း အရေးကောင်း ဒိန်းဒေါင်း ဖျက်ဖို့ ရောက်လာ၏။ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ဘက်မှ ဗဟို စာကြည့် တိုက်ဘက်ကို ကူးလာသော မျိုးမြင့်က သူ့ကို လှမ်းခေါ်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟော့ကောင် လာဦး၊ ကန်တင်း လိုက်ခဲ့၊ ပြောစရာ ရှိလို့"

"ဟာ... ဒီမှာ ငါ အထဲ ခဏသွားစရာ ရှိသေးလို့၊ နောက်မှ ပြော"

"လာကွ၊ အရေးကြီးတယ်။ ဟိုနေ့က ရာထူးတိုးကိစ္စ အတင်းပြောစရာရှိလို့၊ မြန်မြန်လုပ်။ ဟိုမှာ ဆရာဆန်းတို့၊ ဒေါ်ဝေတို့လည်း ရှိတယ်။ လူစုံနေပြီ။ သူတို့က မင်းကိုပါ နားထောင်စေချင်လို့ လိုက်ရှာခိုင်းလို့။ ငါ ခဏနေ အတန်းစတော့မှာ။ မင်းပါ သိရအောင် ပြောဖို့"

သူသည် မျိုးမြင့် ခေါ်ဆောင်ရာသို့ ယက်ကန်ယက်ကန် လိုက်ပါခဲ့ရသည်။ ခြေထောက် နှစ်ဖက်တွင် ခဲဆွဲထားသည်ဟု ထင်ရ၏။ ဂျပ်ဆင်ကန်တင်းရှိ 'လေးလေး' လက်ဖက်ရည်ဆိုင်တွင် တခြားဝိုင်းများမှ စကားသံစုံ ရေလျှင်ကြောထဲ သူတို့ဆရာဝိုင်းမှ အသံများ မျောပါသွားသည်။ သူသည် ထိုအသံဗလံ ပေါင်းစုံကို မကြား။ စကားပြောနေသူတို့၏ မျက်နှာကိုလည်း မမြင်။ သူ့စိတ်သည် ပစ္စုပ္ပန်မှာ မတည်။

ရှုပ်ထွေးလှသော ဌာနအတွင်း ပြဿနာများ၊ တခြားဌာနများနှင့် သူတို့ဌာနကြားမှ ဗျူရိုကရေစီ ပြဿနာများသည် သူ့အတွက်တော့ စိတ်ဝင်စားစရာ မကောင်း။ သို့သော် လူတစ်ယောက်သည် လူဖြစ်လာပြီ ဆိုလျှင် သူ ပါဝင်ပတ်သက်နေရသည့် အသိုင်းအဝိုင်း၏ မျက်နှာစာပေါင်းစုံကို လျစ်လျူရှုထား၍ မရဟု သူ နားလည်သည်။ မပတ်သက်ချင်သော်လည်း ပတ်သက်ရသည်။ မကြားချင်သော်လည်း နားထောင်ပေးရသည်။ ဝင်ဖျန်ဖြေပေးတန် ပေးရသည်။ လူကြမ်း ဝင်လုပ်သင့် လုပ်ရသည်။ မဆိုင်သလို နေလို့ မရ။ ဒါသည်ပင် လူ့အဖွဲ့အစည်း၏ ရေးမထားသော စည်းကမ်း ဖြစ်သည်။ ဒါတွေ မလုပ်ချင်လျှင် ထိုအသိုင်းအဝိုင်း အပြင်ကို ထွက်လိုက်ရုံသာ ရှိသည်ဟု အသိက ဝင်လာပြန်သည်။

စကားဝိုင်း ပြီးလို့ ထကြတော့ ဗဟိုစာကြည့်တိုက်ဆီ သူ တက်သုတ်ရိုက် ပြန်လာခဲ့သည်။ တက္ကသိုလ်ဝင်းသည် ယနေ့ကျမှ ကျယ်ဝန်းလွန်းလှပါလား။ ခြေလှမ်းတို့သည် နှေးလွန်းလှသည်။ ကျောင်းဝင်းထဲ လူတွေ များလွန်းလှသည် ထင်သည်။ မျက်နှာသိများနှင့် မဆုံအောင် ရှောင်သော်လည်း မရ။ မသိသားဆိုးရွားစွာ စကား ရပ်ပြောချင်သူများနှင့်လည်း သည်နေ့ကျမှ လာဆုံနေရသည်။

စာကြည့်တိုက်ထဲ ထက်အောက်တစ်ခွင် ချောင်ကြို ချောင်ကြား မကျန်ကြည့်၏။ တွေ့လိုသူကို မတွေ့သောအခါ ဖွေရှာသူသည် မောရသည်။ တစ်ခါ

mgyoe.com

mgyoe.com
SAMPLE BOOK


တုန်းကလည်း ခုလိုပင် သမင်ပျိုမကလေးသည် ဖျတ်ခနဲ မြင်ကွင်းထဲမှာ ပေါ်လာပြီး ဟုတ်ခနဲ ပြန်ပျောက်သွားခဲ့သည်။ သည်နေ့မှာလည်း တွေ့လိုက်ရချိန်က လျှပ်တစ်ပြက်စာမျှသာ။ သူ့ရင်ထဲ နွမ်းလျသွား၏။ ထိုကျောင်းသူသည် ဤကျောင်းထဲက ဖြစ်ပါစေဟု တိတ်တခိုး ဆုတောင်းနေမိသည်။ ဘယ်မေဂျာကမှန်း မသိသော်လည်း တက္ကသိုလ်ပရိဝုဏ် တစ်ခုတည်း ဖြစ်နေသရွေ့ ပြန်ဆုံမိဖို့ အခွင့်ရှိနိုင်သေးသည်။ တခြား ကျောင်းပရိဝုဏ်မှ ဆိုလျှင်တော့ မျှော်လင့်ဖို့ရာ အားသိပ်မရှိချင်။

ထိုနေ့လယ်ခင်းပိုင်းမှာတော့ တက်ကြွမှုအားလုံးသည် သူ့ထံမှာ ပျောက်ဆုံးနေခဲ့သည်။ စိတ်နှင့် လူနှင့် မကပ်ချင်တော့။ စာသင်ကြားရေးသည် ငြီးငွေ့စရာ ကောင်းနေသည်။ ကျောင်းသား၊ ကျောင်းသူတို့တောင်မှပင် ဆရာထံမှ ဓာတ်ကူးပြီး မတက်ကြွ၊ မလန်းဆန်းတော့ဟု ထင်ရသည်။

နေ့ခင်းပိုင်း အတန်းချိန် တစ်ချိန်သာ ကျန်တော့သည်။ ဂုဏ်ထူးတန်း ပထမနှစ် လက်ချာချိန်။ ယခု စာသင်နှစ်ဝက်အတွက် သည်အခန်းကို ပထမဆုံး သူ ဝင်ရခြင်း။ သူ စိတ်တိုင်းကျ ရွေးထားသော ကဗျာများကို စပြီး သင်ကြားရမည့်နေ့လည်း ဖြစ်သည်။ အမှန်ဆို သူ စိတ်လှုပ်ရှားနေသင့်သည်။ ယခုတော့ သူသည် အိပ်ဆေး ပြင်းပြင်းဒဏ် မိထားသူ တစ်ယောက်လို။

အခန်းထဲ သူ တစ်ချက် ဝေ့ဝဲကြည့်လိုက်၏။ ရင်းနှီးသော မျက်နှာအချို့ကို တွေ့ရသည်။ အငယ်တန်းများတုန်းက သင်ခဲ့ဖူးသည့် တပည့်ဟောင်းများကို သူ မှတ်မိသည်။ အတန်းတက် လက်မှတ်ထိုးဖို့ စာရွက်ကို လက်ဆင့်ကမ်းခိုင်းလိုက်သည်။ စာရင်းအရ ကျောင်းသား စုစုပေါင်း အယောက်အစိတ် ရှိပြီး သုံးဦးပျက်ကွက်။ ပထမဆုံး အတန်းချိန်မှာကတည်းက အတန်းက လစ်ချင်သကိုးဟု တွေးကာ ပြုံးလိုက်သည်။ ယခု စာသင်နှစ်ဝက်အတွက် ပြဋ္ဌာန်းကဗျာများကို စာရင်း ပေးသည်။ ရည်ညွှန်းစာအုပ် ဖတ်ညွှန်းစာရင်းကို ပေးသည်။ သူ့နာမည်နှင့် အိမ်ဖုန်းနံပါတ်ကို သင်ပုန်းပေါ်မှာ ရေးပြသည်။

“ဟုတ်ကဲ့၊ ကျွန်တော်ကတော့ မြန်မာစာ ကထိက မင်းဟန်ပါ။ အရင်နှစ်တွေတုန်းက ဆုံဖူးကြပါလိမ့်မယ်။ ခင်ဗျားတို့နဲ့ ခု စာသင်နှစ်ဝက်မှာ ပထမပိုင်းအနေနဲ့ ရတုတချို့ကို အတူတူ လေ့လာကြဖို့ပါ။ ဒုတိယပိုင်းဖြစ်တဲ့ ဒုတိယစာသင်နှစ်ဝက်ကျရင်တော့ ခေတ်ပေါ်ကဗျာတွေပေါ့”

mgyoe.com

mgyoe.com


"ရတု သင်မှာပါ" ဟု မသုံးဘဲ "အတူတူ လေ့လာကြရအောင်" ဟု တမင်တကာ ရွေးချယ်သုံးလိုက်သည်။ အတန်းသားများ စိတ်ဝင်စားမှု ရှိ၊ မရှိ တစ်ချက် ဝေ့ကြည့်လိုက်၏။ အားလုံးက မျက်တောင်မခတ် သူ့ကို ကြည့်နေကြသည်။

"ကောင်းပြီ၊ ရတုလို့ ပြောကြရင် မြန်မာစာပေမှာ ရတုနဲ့ ပတ်သက်ရင် နတ်သျှင် ... "

"ဝင်ခွင့်ပြုပါ ဆရာ ... "

အသံလာရာသို့ သူ လှည့်ကြည့်လိုက်၏။ တစ်ကမ္ဘာလုံးကို ရပ်တန့်စေနိုင်သည့် အစွမ်းရှင်လေးသည် အခန်းဝမှာ ရပ်ရင်း သူ့ကို ခွင့်တောင်းနေပါရောလား။ သူ့မျက်စိ သူ မယုံနိုင်။ တစ်မနက်လုံး စာကြည့်တိုက်ကို နောက်တစ်ခေါက် ပြန် သွားပြီး လိုက်ရှာခဲ့ရသော၊ ပြန်မတွေ့ရတော့မှာ စိုးရိမ်စိတ်ဖြင့် ရှေ့အတန်းချိန်တွေမှာ ဂနာမငြိမ် ဖြစ်အောင် သူ့ကို လုပ်နိုင်ခဲ့သော ထို မိန်းကလေးသည် သူ့အတန်းမှာ တက်မည့် ကျောင်းသူတဲ့လား... ဟုတ်မှ ဟုတ်ပဲ့မလား။ သူကလေးသည် ဂုဏ်ထူးတန်းကျောင်းသူဆို ရှေ့နှစ်တွေတုန်းက သူ ဘာလို့ မမြင်ဖူးခဲ့သလဲ။ ဒါမှမဟုတ် ရှေ့နှစ်နှစ်ကို တခြားပရိဝုဏ်မှာ တက်ခဲ့သူလေလား။

တကယ်တော့ တက္ကသိုလ်မှာ အခန်းထဲ ဝင်ခွင့်တောင်းစရာ၊ ဝင်ခွင့်ပြုစရာ ထူးပြီး မလိုသော်လည်း ခွင့်တောင်းသူက တောင်းနေသည်မို့ သူကလည်း ဝင်လာခဲ့ဖို့ ခေါင်းညိတ်ပြလိုက်သည်။

ကျောင်းသူကို သူက လက်မှတ်ထိုးဖို့စာရွက် လက်ဆင့်ကမ်းခိုင်းလိုက်သည်။ ကောင်မလေး လက်မှတ်ထိုးပြီး သူ့ဆီ စာရွက် ပြန်ရောက်လာတော့ နာမည်နေရာကို တစ်ချက်ကြည့်လိုက်သည်။

*ဪ ... ရွှန်းလဲ့ဝေ တဲ့လား...*

အံ့သြစိတ်၊ ကြည်နူးစိတ်။ ပြီးတော့ ကမ်းပေါ် ဝုန်းခနဲ တက်လာသော ဒီလှိုင်းသည် အချိန်မဆိုင်း ချက်ချင်း ပြန်ကျသွားသလို သူ့စိတ်အဟုန်ကလည်း ရုတ်ခြည်းပြန်ကျသွားသည်။

*သူက ငါ့တပည့် ဖြစ်မှာတဲ့လား ...*


mgyoe.com

mgyoe.com SAMPLE BOOK

( ၅ )

တယ်လီဖုန်းလိုင်းက အသံ သိပ်မကြည်လင်။ ကြားတစ်ချက်၊ မကြားတစ်ချက် ကြားမှာ သမီးအသံက ဖော်ဝင်းထွင့်ရ အသံလို အက်တက်တက် ရှတတ။

"သမီး... ဖေဖေ ပြောတာ ကြားလား"

အတော်ကြီး ကြာမှ "ဟုတ်" ဟု တစ်ခွန်းသာ ပြန်ပြောသည်။

သမီးနှင့် သူ့အမေ စကားများထားကြသည်။ ဆယ်ကျော်သက်အရွယ် ရောက်လာသော၊ ပုန်ကန်ချင်လာသော သမီးနှင့် ကြက်သားအုပ်မကြီး အမြဲလုပ်ချင်သော၊ အမေက တစ်ခွန်းဆို တစ်ခွန်းနှင့် ပြီးမှ ကြိုက်ချင်သော မြဝတ်ရည်။ သူ့အမေ အကြောင်းကို သမီးက ဖုန်းထဲမှာ တိုင်နေသည်။ သည်နေ့ သူ့ကို မကြီး မငယ်ကြီးနှင့် မေမေက ရိုက်သည် တဲ့။

"သမီးကို တစ်ချိန်လုံး ဆူနေတော့ သမီးလည်း စိတ်မရှည်ဘဲ ပြန်အော်မိတာပေါ့၊ အဲဒါ ... မေမေက သမီးကို ကြိမ်လုံးနဲ့ ရိုက်တယ်၊ သမီး ရှက်တယ် ..."

ပြောရင်း သမီးအသံက တိမ်ဝင်သွားသည်။ တယ်လီဖုန်း စကားပြောခွက်ကို လက်ဖြင့် ပိတ်ထားသော်လည်း ရှိုက်ငိုသံကို လုံးဝဖုံးရလောက်အောင်တော့ မပိတ်နိုင်။

"မေမေလည်း သူ့စီးပွားရေးနဲ့ သူ့အပူနဲ့ သူ ဆိုတော့ စိတ်ရှည်မှာ မဟုတ်ဘူးပေါ့ သမီးကလည်း။ ဖေဖေ ပြောဖူးပါတယ်၊ သမီး ဘယ်သူနဲ့ပဲ နေနေ ပါးနပ်

mgyoe.com

mgyoe.com
SAMPLE BOOK

လိမ္မာစွာနဲ့ သင့်မြတ်အောင် ပေါင်းရမယ် ဆိုတာလေ။ သမီးကို အုပ်ထိန်းနေသူဟာ မေမေပဲ။ ဒါဟာ ဘယ်လိုမှ ပြင်လို့မရတဲ့ အချက်ပဲ။ ဒါကြီးကို မကျေမနပ် ဖြစ်နေမယ့် အစား ပေးထားချက်အတိုင်း ဘယ်လို လိုက်ကစားမလဲ သမီး သိရမယ်။ မေမေနဲ့မှ မဟုတ်ဘူး။ သမီး ရှေ့လျှောက် လူလုပ်ရမှာတွေ အများကြီး ရှိသေးတယ်။ အရေးအကြီးဆုံးက ကိုယ် ဖြစ်ချင်တာ၊ ကိုယ် လုပ်ချင်တာကို လုပ်ခွင့်ရရေးမှာ ပေးထားချက်တွေနဲ့ ပါးနပ်လိမ္မာစွာ ဆက်ဆံတတ်ဖို့ပဲ"

"သူ့ဟာသူ ဘာအပူပဲ ရှိရှိပေါ့၊ ဘာလို့ သမီးကိုပဲ တစ်ချိန်လုံး မဲနေရတာလဲ၊ ဘာလို့ သမီးကိုပဲ တစ်ချိန်လုံး စိတ်တိုင်းမကျ ဖြစ်နေရတာလဲ၊ ပြီးတော့ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ ဆက်ပြောလေ သမီး"

"သမီးကို ဘယ်တော့မှ ယုံကြည်မှု မပေးဘူး။ ကျူရှင်ပြန်တာ၊ ကျောင်းပြန်တာ နောက်ကျတာနဲ့ သမီးကို မဟုတ်တာ လုပ်နေတယ်ပဲ ထင်နေတယ်။ သမီး အဲဒါကို မကျေနပ်ဆုံးပဲ"

"သမီးရယ်... သမီးကို မေမေက လမ်းမှာ တစ်ခုခုဖြစ်မှာ စိုးလို့ နေမှာပါ။ သမီး မိန်းကလေး အရွယ်ကောင်းလေး ညဘက် မှောင်ချိန်ကျမှ ကျူရှင်ပြန် ဘာပြန်တာမျိုးဆို ဘယ်မအေက စိတ်ချမှာလဲ သမီးရဲ့။ မေမေ့ဘက်ကလဲ သမီး ဝင်စဉ်းစားကြည့်ပေါ့"

"ဖေဖေကလည်း... ဒီလမ်းနဲ့ ဒီလမ်း၊ ဒီရပ်ကွက်နဲ့ ဒီရပ်ကွက်။ မျက်စိမှိတ်သွားတောင် ရတဲ့ဟာကို။ မိုးကုတ်မြို့လေး ကျဉ်းကျဉ်းလေးပဲ ဥစ္စာ။ ပြီးတော့ အကုန်လုံး အသိတွေချည်းပဲ။ သမီးကို ဘယ်သူက ဘာလုပ်မှာလဲ ဖေဖေရဲ့၊ ကျူရှင်အပြန် သူငယ်ချင်းအိမ်လေး ခဏလိုက်သွားမိတာ အဲဒါ ပြန်လာတော့ ရစရာ မရှိအောင် ပြောတယ် မေမေက"

သမီးသည် အတော်ကို ဝမ်းနည်းနေဟန် တူသည်။ စကောစက အရွယ်တွေမှာ ဖြစ်တတ်သည့်ထုံးစံ မိဘနှင့် ကတောက်ကဆဖြစ်တာ ဓမ္မတာ ဆိုပေမဲ့ သမီးနှင့် သူ့အမေကြားက ပဋိပက္ခကတော့ ပုံမှန်ထက် ပိုကြီးသွားကာ အပြက်အပြက်နှင့် နှာခေါင်းသွေး ထွက်မှာတော့ သူ စိုးသည်။

"နောက်ပြီး သိလား ဖေဖေ ... ကိုးတန်းကျရင် သမီးကို သိပ္ပံတွဲပဲ ယူရမယ် တဲ့။ သမီး သိပ္ပံတွဲ မယူချင်ဘူး ဖေဖေ၊ သမီး အင်္ဂလိပ်စာ အားနည်းလို့ ဖိဆစ်

mgyoe.com
SAMPLE BOOK


ကမ္ဘာ့စွတြဲတွေ၊ ဘိုင်အိုတွေ ကျက်နိုင်မှာ မဟုတ်ဘူး ဆိုတာ မေမေက သိပ္ပံတွဲ အတင်း ယူခိုင်းနေတယ်"

"ဟုတ်လား...အဲဒါ ဖေဖေ မသိသေးပါလား။ သိပ္ပံ၊ ဝိဇ္ဇာ ပြန်ပေါင်းတော့ မှာ မဟုတ်ဘူးလား သမီးရဲ့၊ ကိုးတန်း ဆယ်တန်းကို အားလုံးပေါင်းပြီး သင်မှာ ဆို"

"မဟုတ်ဘူးတဲ့၊ အဲဒါက သမီးတို့ နောက်နှစ်ကျမှတဲ့၊ အခုက ခွဲဦးမှာ တဲ့။ သမီးက ဝိဇ္ဇာတွဲပဲ ယူမယ် ဆိုတာကို မေမေက သိပ္ပံတွဲ ယူတဲ့၊ ဆရာဝန်၊ အင်ဂျင်နီယာပဲ လုပ်ရမယ် တဲ့၊ ဘာမှ သုံးစားမရတဲ့ ဝိဇ္ဇာတွဲ မယူနဲ့တဲ့"

"တောက် ..."

သူ့ပါးစပ်က ယောင်ပြီး ထွက်သွား၏။ ဘာမှ ဆက်မပြောမိအောင် သတိထားပြီး ဒေါသကို မျိုချလိုက်သည်။

"အဲဒါလေ မေမေက သမီးကို 'နင် ... တဲ့ ဝိဇ္ဇာတွဲ ယူပြီး ဘာလုပ်မှာလဲ' တဲ့။ သမီးလည်း ပြောပစ်လိုက်တယ်။ 'ဖေဖေ့လို မြန်မာစာယူပြီး တက္ကသိုလ်မှာ မြန်မာစာဆရာမ ပြန်လုပ်မယ်' လို့။ ဖေဖေ သိလား၊ အဲလိုလည်း ပြောလိုက်ရော မေမေ ဒေါသတွေ ထွက်နေတာများ မြင်မကောင်းဘူး။ သမီးကို ပက်ပက်စက်စက် ပြောတာမှ ဘွားဘွားတောင် မနည်း ဝင်တောင်းပန်ယူရတယ်။ သမီးကတော့ သူ အဲဒီလို မျက်လုံးကြီး ပြူးပြီး ဇွေ့ဇွေ့ခုန်နေတာကို ကြည့်ပြီး ပျော်လိုက်တာမှ။ နောက်ကိုလည်း သူ့ကို အဲဒီလို ဒေါသထွက်အောင် လုပ်...ဦး... မှာ..."

သူ ရင်မောသွား၏။ သည်သားအမိနဲ့ကတော့ ခက်နေပြီ။ မြဝတ်ရည် ဆိုသော မိန်းမသည် ကလေး အုပ်ထိန်းခွင့်ကို ရထားတာတောင်မှ သည်အရွယ် သမီးမိန်းကလေးတစ်ယောက်ကို မည်သို့ ထိန်းကျောင်းရမလဲ မသိသေး။ အမာ ကို အမာနှင့် တိုက်နေသော မိန်းမ။ ကန့်ချင်နေသော စပရိန်ကို အတင်းဖိနေသော မိန်းမ။ သူ သက်ပြင်း ခိုးချလိုက်သည်။

"သမီး မေမေ ဘာလုပ်နေလဲ၊ ဖေဖေ သူနဲ့ စကားပြောဦးမယ်"

"ဘုရားခန်းထဲမှာ ... ပရိတ်ရွတ်နေတယ်"

"ဒါဆို သမီးမေမေ ထွက်လာရင် ဖေဖေ့ဆီ ပြန်ခေါ်ခိုင်းလိုက် ကြားလား၊ ဖေဖေ စောင့်နေမယ်။ သမီး ဘာပြောစရာ ရှိသေးလဲ၊ မရှိရင် ဖေဖေ ဖုန်းချလိုက် တော့မယ်"

"ဟုတ်ကဲ့၊ ဖေဖေ၊ ဟိုလေ ..."

mgyoe.com

mgyoe.com

"ဘာလဲ သမီး"

"သမီး ဖေဖေနဲ့ လာနေချင်တယ်၊ သမီးကို ခေါ်ထားပါလား ဟင်"

သက်ပြင်း အရှည်ကြီးတစ်ချက် သူ ချလိုက်သည်။

"သမီးကလည်း လုပ်ပြီ။ အသက် ဆယ့်ရှစ်နှစ် ပြည့်ပြီးတဲ့အခါ သမီး ဖေဖေနဲ့ လာနေလို့ ရမယ်လို့ ပြောထားပြီးသားကို။ အဲဒီကျမှ တို့သားအဖတွေ ကြိုက်သလောက် အချစ်နာလန်ထကြမယ်။ ခုတော့ ခဏသည်းခံပါဦး သမီးရယ်"

"ဟုတ်..." ဆိုသော စကားတစ်ခွန်း ပြန်ကြားရဖို့ အတော် စောင့်လိုက်ရသည်။

"ဟုတ်ကဲ့ပါ၊ ဒါဆိုလည်း ဒါပဲနော်၊ ဖေဖေလည်း ကျန်းမာရေး ဂရုစိုက်။ ကျောင်းပိတ်ရင် မိုးကုတ် လာခဲ့ဦးနော်။ သမီး ဖေဖေ့ကို လွမ်းတယ်"

"လာမှာပေါ့ သမီးရဲ့၊ ဖေဖေလည်း သမီးကို လွမ်းတာပေါ့။ ဒီတစ်ခေါက် လာရင် ဖေဖေနဲ့ သမီးနဲ့ ခရီးထွက်ကြမယ်လေ"

"ဟာ...တကယ်လားဖေဖေ...သမီးတို့မေမြို့သွားလည်ရအောင်နော်"

"မေမြို့ရော ကျောက်မဲ၊ သီပေါ၊ လားရှိုးအထိ သွားမယ်ကွာ တို့သားအဖ"

"ပျော်လိုက်တာ ဖေဖေရယ်၊ စိတ်ကူးနဲ့တောင် ပျော်နေပြီ"

"အေး အေး... ကဲ ခုတော့ ကျောင်းစာထဲ စိတ်နှစ်ထားဦးနော် သမီး၊ မေမေ့ကိစ္စ ခေါင်းထဲ ထည့်မနေနဲ့၊ ဖေဖေ ကြည့်ပြောပေးပါ့မယ်၊ သမီးသာ ကိုယ့်စာ ကိုယ် ကြည့်... ကြားလား၊ ကဲ... ဂွတ်နိုက်"

"ဂွတ်နိုက် ဖေဖေ"

သမီး ဖုန်းချသွားတော့ ကုလားထိုင်မှာပဲ သူ ဆက်ထိုင်နေမိသည်။ ဒေါသထွက်သဖြင့် လက်တွေ တဆတ်ဆတ် တုန်လို့။ မြဝတ်ရည် အနားမှာရှိလျှင် ဘာလုပ်မိမည်မှန်း မသိ။ မြဝတ်ရည်သည် စီးပွားရေးကို ကျွမ်းသည်။ စာရင်းဇယားများ၊ ကိန်းဂဏန်းများကို ကောင်းကောင်းနိုင်နင်းသည်။ ကျောက်တစ်ပွင့်ကို ကြည့်ရုံဖြင့် ကျောက်ကောင်း၊ မကောင်းကို ထိုးထွင်းသိသော်လည်း တစ်ယောက်တည်းသာ ရှိသော သမီးလေး၏ ဗီဇ၊ စရိုက်၊ ဉာဉ်တွေကို သူ မသိ။ သားသမီး ထိန်းကျောင်းခြင်း ဆိုသည့် သိမ်မွေ့သော သဘောကိုတော့ သူ မသိ။ သားသမီး ပြုစု ပျိုးထောင်ခြင်း ဆိုသော အနုပညာသည် မြဝတ်ရည်ထံတွင် မရှိ။

တစ်ချိန်ကတော့ မြဝတ်ရည်သည် စီးပွားရေးတက္ကသိုလ်တွင် အချော အလှစာရင်းဝင်။ သူတို့လို ရန်ကုန် ပင်မတက္ကသိုလ်ထဲမှ ကျောင်းသားကြီးငယ်

mgyoe.com

mgyoe.com

များသာမက ကြို့ကုန်းရှိ စက်မှုတက္ကသိုလ်၊ ပြည်လမ်းရှိ ဆေးတက္ကသိုလ်တို့မှ ပျားပိတုန်းတို့ပါ နယ်ကျော်ကာ လာရောက် ရစ်ဝဲကြရသော အိကိုနတ်မိမယ် စာရင်းဝင် တစ်ဦး။

သူ မြန်မာစာဂုဏ်ထူးတန်း ပထမနှစ်မှာ မြဝတ်ရည်သည် စီးပွားရေး တက္ကသိုလ် ပထမနှစ်သို့ ရောက်လာခဲ့သည်။ နုနယ်ပျိုမျစ် အလှသွေးကြွယ်သော မြဝတ်ရည်ပန်း၏ ဝတ်ရည်ကို တောင်းခံကြသူ ပျားပိတုန်းတကာတို့အနက် သူလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ မိုးကုတ်မှ သူဌေးသမီးကလေး မြဝတ်ရည် ကလည်း မာနကလေး တစ်ခွဲသားနှင့်မို့ တော်ရုံလူ အနားကပ် ခံခဲ့သူမဟုတ်။ တောင်လိုပုံနေသော ရည်းစားစာများသည် မြဝတ်ရည်၏ မျက်လုံးဖြင့် ဖတ်ရှုခြင်းကိုပင် မခံရဘဲ အမှိုက်ပုံးထဲ ရောက်သွားကြသည်က များသည်။ မဆလခေတ်က တော်ရုံလူ မစီးနိုင်သော ကိုယ်ပိုင်ကားဖြင့် ကျောင်းလာနိုင်သော၊ ငွေကို ရေလို သုံးနိုင်သော သူဌေးသားကျောင်းသား အနည်းငယ်ကိုပင်လျှင် မြဝတ်ရည်သည် ဖုတ်လေသည့် ငါးပိ ရှိသည် မထင်ခဲ့ချေ။

တစ်ရက်မှာတော့ မြဝတ်ရည်သည် အဓိပတိလမ်းနံဘေး ကုံ့ကော်ပင် တစ်ပင်အောက် ကုံ့ကော်တစ်ပွင့်ကို ကောက်ယူနမ်းရှုပ်ကာ ဆံနွယ်တွေထက် ပန်ဆင်လိုက်၏။ ထိုမြင်ကွင်းကို မြင်ရသည့် သူသည် နေ့တွင်းချင်းပင် ကဗျာ တစ်ပုဒ် စပ်ကာ မြဝတ်ရည်တို့ အတန်းထိ လိုက်သွားပြီး ထိုကဗျာစာရွက် အိတ်လေးကို လက်ရောက် ဆက်သခဲ့သည်။

တစ်ပွင့်ကို လက်ရ ကောက်ပါလို့
ပင်အောက်မှာတဲ့ သူ ပန်ဆင် ...

ဤသည်ပင် သူ့ကဗျာ၏ အဖွင့် ဖြစ်သည်။ အဖွင့်စာသားလေးကိုတော့ သူ မှတ်မိသေးသည်။ တစ်ပုဒ်လုံးကိုတော့ နှစ်ကာလတွေ ကြာပြီမို့ သိပ်မမှတ်မိချင်တော့။ ထို့နောက်ပိုင်း ဘာတွေ ဖြစ်သွားသည် မသိ။ မြဝတ်ရည်သည် များမကြာမီမှာပင် သူ့ကို အဖြေပြန်ပေးခဲ့လေသည်။ မပေါက်နိုင်တော့ဟု ထင်မှတ်ခဲ့သော သိန်းဆုကြီးသည် မျှော်လင့်မထားသော အချိန်တွင် ဆိုင်းမဲ့ပင် မဆင့်ဘဲ သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

သူသည် မြဝတ်ရည်လက်ကို ဆွဲ၍ အိကိုတစ်ခွင်၊ အဓိပတိလမ်းတစ်ခွင် ပတ်ကာ ကြွားပြခဲ့သည်။ ပိုင်ရှင်ရှိမှန်း သိအောင် တံခွန်စိုက်ပြခဲ့သည်။ ဒါ ငါ့

mgyoe.com

mgyoe.com  SAMPLE BOOK 

မိန်းကလေး၊ ငါ့ချစ်သူ၊ မင်းတို့ ရှောင်လော့၊ ရှားလော့။ သုံးဘီးကား၊ လေးဘီးကား စီးနေရသူတစ်ယောက် မာစီဒီးကား ကိုယ်ပိုင်လက်ဝယ် ရသလို မြဝတ်ရည်ကို သူ အရိပ် တကြည့်ကြည့် ကြည့်သည်။ ချွေးကလေး စို့လာလျှင် လက်ကိုင်ပဝါဖြင့် သုတ်ပေးသည်။ မြဝတ်ရည် အလိုကို အလိုက်သိစွာဖြင့် ပြောစရာမလိုအောင် ဖြည့်ဆည်းပေးခဲ့သည်။ ချန်ပီယံ မဖြစ်ခဲ့ကြသော ကျန် ကျောင်းသားတို့သည် သူ့ကို တက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်ဖြင့် ကြည့်ခဲ့ကြသည်။ တချို့က လည်း သူတို့အကွဲကို စောင့်ကြသည်။ တချို့ကလည်း အချိန်ကုန်ခံမနေတော့ဘဲ တံခွန်မစိုက်ရသေးသည့် တခြားသော အလားအလာ ရှိသူများဘက် လှည့်သွားကြသည်။

ဤသို့ဖြင့် နေနဲ့လ ရွှေနဲ့မြ မင်းဟန်နှင့် မြဝတ်ရည်တို့သည် မြဝတ်ရည် ဘွဲ့ရပြီး မမြန်လွန်း၊ မကြာလွန်းသော ကာလတွင် လူကြီးစုံရာဖြင့် တောင်းရမ်းလက်ထပ်ခဲ့ကြ၏။ အိမ်ထောင်သည် ကန့်လန့်ကာအဖွင့်ဖြင့် အချစ်၏ နိဂုံးကို ရေးခြယ်ခဲ့ကြသည်။

ဖုန်းသံ မြည်လာသဖြင့် သူ အတွေးစ ပြတ်သွားသည်။ ထင်သည့်အတိုင်း မြဝတ်ရည် ဖုန်း။

"မင်း အဲသလောက်ထိ သမီးကို ကြမ်းကြမ်းတမ်းတမ်း လုပ်စရာ မလိုဘူး မြ"

ဖုန်းကိုင်ပြီးသည်နှင့် သူ့ဘက်က စကားလုံးတွေကို စက်သေနတ် ပစ်သလို တရစပ် ပစ်လွှတ်တော့သည်။ အသံကို မြှင့်လိုက်၊ နှိမ့်လိုက်၊ စကားလုံးတွေ ကြမ်းသည့်အခါ ကြမ်းလိုက်၊ ပျော့သည့်အခါ ပျော့လိုက်နှင့် မင်းဟန်သည် တစ်ဖက် အသင်းအပေါ် ဗျူဟာမျိုးစုံ သုံးကာ တိုက်စစ်ဆင်နေသော ဘောလုံးအသင်းလို။ မြဝတ်ရည်က ဘာမှ ပြန်မပြောဘဲ သူ ဆုံးသည်အထိသာ နားထောင်နေသည်။

"ဒီမယ် ကိုမင်းဟန်... ရှင့်သမီးက ရည်းစားတွေ ဘာတွေနဲ့ ဖြစ်နေပြီ၊ အဲဒါသိလား"

တစ်လုံးချင်း အေးအေးဆေးဆေး ပြောသည့် မြဝတ်ရည်၏ တန်ပြန် တိုက်စစ်မှာ သူ အငိုက်မိသွားပြီး အာစေးထည့်ခံလိုက်ရသူလို ဖြစ်သွားသည်။ သူ့ထံမှ အသံတိတ်နေတော့ မြဝတ်ရည်က ...

"သူတို့ကျောင်းက ကောင်လေးပါပဲ။ ကျွန်မမှာ ဘီလူးဆိုင်း တီးပြီး မနည်း အဲဒါကို ရအောင် ဖြတ်ထားရတာ။ ခုတော့ ပြီးသွားပါပြီ။ ရှင် အဲဒါတွေ

mgyoe.com

mgyoe.com


ဘာမှမသိဘဲ ကျွန်မကို လာကြိမ်းမနေနဲ့... နော် ကိုမင်းဟန်။ ကျွန်မက နေ့စဉ်နဲ့ အမျှ အိမ်စီးပွားရေးလည်း လုပ်ရ၊ မအေအိုကြီးလည်း ပြုစုရ၊ ဒီ သမီးတစ်ကောင် ကိုလည်း ပေါက်ကရလေးဆယ် မဖြစ်အောင် မျက်လုံးဒေါက်ထောက် ကြည့်နေ ရနဲ့။ ရှင်က အဝေးကနေ ဖခင်မေတ္တာတွေ သိပ်ပြနေလိုက် အဲဒီမှာ"

မြဝတ်ရည်၏ တန်ပြန်တိုက်စစ်သည် ထိရောက်သည်။ သူ့ခမျာ အခု ထိ ငူငူငိုင်ငိုင်ကြီး ဖြစ်နေတုန်း။ မြဝတ်ရည်ဘက်က တိုက်စစ်အရှိန် ပြန်ကျသွား တော့မှ သူလည်း စကားပြန်ပြောဖို့ သတိဝင်လာသည်။

"သမီးဟာ ကလေးသာသာပဲ ရှိသေးတယ် ဆိုတာလည်း မမေ့ပါနဲ့ မြ။ သမီးပဲ ဖြစ်ဖြစ်၊ တခြား ဘယ်သူပဲဖြစ်ဖြစ် ဒီအရွယ်မှာ ဒါမျိုးတွေဟာ ရှိတတ် ကြစမြဲပဲ။ လူတိုင်းမှာ မှားနိုင်ခြေ ရှိတယ် မြ။ သမီး မလိမ္မာတာက သတ်သတ်၊ မင်း ဆုံးမတဲ့နည်းက သတ်သတ်ပဲ။ စိတ်ကစားတတ်တဲ့ အရွယ် မိန်းကလေး တစ်ယောက်ကို ဘီလူးဆိုင်း တီးလို့ မရဘူး မြ။ မင်းလည်း ငယ်ရာက ကြီးလာ တာပဲ မဟုတ်လား။ သားသမီးကို ဆုံးမတာ ဒေါသနဲ့ မဆုံးမရဘူးကွ။ မေတ္တာနဲ့ ဆုံးမရတယ်။ ကြိုးကို သိပ်တင်းလိုက်ရင် ပြတ်သွားလိမ့်မယ် ဆိုတာ သတိထား ဦး"

"ဩော် ... ဩော် ..."

မြဝတ်ရည်အသံက သရော်သံ၊ လှောင်သံ အပြည့်။

"သမီးက ဒီအရွယ် မနူးမနပ်ကလေးမို့ မှားတယ်၊ မိုက်တယ် ဆိုရင် ရှင့်လို မကြီးမငယ်နဲ့ မှားခဲ့တာတွေကိုကော ဘယ်လို နားလည်ပေးရမလဲ ဆိုတာ မိန့်တော်မူပါဦး ပညာရှိကြီးရှင့်"

"မင်း မဆိုင်တာတွေ မပြောစမ်းနဲ့ မြ"

သမီးကိစ္စ ဆွေးနွေးခန်းသည် အနာဖေးခွာခန်း၊ ငယ်ကျိုးငယ်နာ ဖော်ခန်း သို့ ရောက်လုဆဲဆဲ ဖြစ်သည်။ သူ ရန်မဖြစ်ချင်။ သည်လိုနှင့် စိတ်ကိုမနည်းထိန်း ပြီး စကားအမြန်ဖြတ်ကာ ဖုန်းချလိုက်သည်။

*ဒီတစ်သက် မင်းနဲ့ ငါနဲ့ စကားအကောင်း ပြောလို့ ရဦးမှာလား မြ* ဟု သာ သူ့ နှုတ်က တိုးတိုးလေး ရွတ်သည်။

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

( ၆ )

နေ့လယ်ခင်းသည် ငှက်အော်သံမှလွဲ၍ ဘာမျှ မကြားရလောက်အောင် တိတ်ဆိတ်နေသည်။ ကုလားထိုင် တစ်လုံးပေါ် ထိုင်ကာ ငိုက်မျဉ်းနေသော သန့်ရှင်းရေး မိန်းမကြီးမှလွဲလျှင် စင်္ကြံလမ်းသည်လည်း လူရှင်းနေ၏။ အပြင်ဘက် တောင်ပိန္နဲပင် ထိပ်ဖျားများကို လှမ်းကြည့်နေရာမှ သူသည် စိတ်ကို စုစည်းကာ အတန်းသားများကို လှမ်း၍ ကြည့်လိုက်သည်။ ထို့နောက် စကားလုံးများကို တစ်လုံးချင်း ဖြည်းဖြည်းမှန်မှန်ဖြင့် စပြောသည်။

"မြန်မာစာပေ သမိုင်းမှာ နဝဒေးနာမည်နဲ့ စာဆိုငါးဦး ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ ခု ပြောမှာက ပထမနဝဒေး လို့လည်း ခေါ်တဲ့၊ ပြည်နဝဒေး လို့လည်း ခေါ်တဲ့ နဝဒေးကြီးပဲ။ နဝဒေး ဆိုတဲ့ ဘွဲ့ဟာ 'ကဗျာ လင်္ကာတွေကို ဖွဲ့ရာမှာ အပြစ်ဆိုစရာမရှိတဲ့ စာဆိုတော်' ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပေးတဲ့ ဘွဲ့ပဲ။ နဝဒေးဟာ အသက်ဆယ်နှစ်ကတည်းက ရတု ရေးတယ်လို့ ဆိုတယ်။ ရတုပေါင်း သုံးရာကျော်ကို ရေးခဲ့သူ ဖြစ်တာမို့ ရတုနဝဒေးကြီးလို့လည်း ခွဲခြား မှတ်သားကြတယ်။ သူဟာ ရတုဘုရင်လို့ ဆိုတဲ့ နတ်သျှင်နောင်ထက် နည်းနည်းစောတယ်။ ရှမ်းသိုဟန်ဘွား ကြောင့် ပထမအင်းဝခေတ် ပျက်ရတဲ့အချိန်ကနေ တောင်ငူခေတ်နှောင်း ကာလအထိ ဖြတ်သန်းခဲ့တဲ့ သက်တော်ရှည်အမတ် စာဆိုတော်လည်း ဖြစ်တယ်။

"တောင်ငူခေတ်ဟာ ရတုထွန်းကားတဲ့ခေတ် ဖြစ်တယ်။ အင်းဝခေတ်တုန်းက ရပာန်းစာဆိုတော်တွေ များတဲ့အတွက် သူတို့စပ်တဲ့ ကဗျာတွေဟာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ရှည်လျားသလို အကြောင်းအရာကလည်း ဘုရားဟော ဇာတ်နိပါတ်တွေ၊ ဓမ္မ ဆိုးမစာတွေနဲ့ ပြည့်နေတယ်။ တောင်ငူခေတ်ကျတော့ နဝဒေးတို့၊ ရှင်သံခိုတို့၊ နတ်သျှင်နောင်တို့လို စစ်သားစာဆို၊ မင်းစာဆိုတွေ ပေါ်ထွန်းလာတဲ့အခါ ဘာသာ ရေး အကြောင်းတွေထက် လောကီအရေး၊ စစ်ရေး၊ တိုင်းပြည်အရေး၊ ပုဂ္ဂလိက အချစ် စတဲ့ အကြောင်းအရာဘက်ကို ရွေ့လာတယ်။ ကဗျာတွေကို ကြည့်ရင် လည်း အင်းဝခေတ်ကလို ရှည်လျားတဲ့ ပျို့၊ လင်္ကာ၊ မော်ကွန်းတွေ မဟုတ်တော့ ဘဲ ရတုလိုမျိုး တိုတိုတုတ်တုတ် ကဗျာပုံစံဘက်ကို ပြောင်းလာတယ်။ ရတုခေတ် နဲ့ ပတ်သက်ပြီး ဒေါက်တာလှဖေက သူ့ရဲ့ 'မြန်မာစာပေ ညွှန့်ခံစာတမ်း' မှာ ဘယ်လို ဆိုထားသလဲ ဆိုတော့ 'နဝဒေးကြီးဟာ ဖြူဖွေးသန့်ရှင်းတဲ့ လမ်းကို ခဲခဲယဉ်းယဉ်း ခင်းခဲ့သူ ဖြစ်တယ်၊ ကျောက်လမ်းအဖြစ် ပြောင်းကြသူတွေက ဇေယျနန္ဒမိတ်၊ ရှင်သံခိုတို့ ဖြစ်တယ်။ နောက်ဆုံး ကတ္တရာစေး သွန်းလောင်းသူကတော့ ရတု ဘုရင် နတ်သျှင်နောင်ပဲ' တဲ့"

သူက စကားကို ခနရပ်လိုက်ပြီး အတန်းသားများကို ဝေ့ကြည့်လိုက် သည်။ သူ့ကို ကြည့်နေသူတွေ ရှိသလို သူ ပြောသမျှ လိုက်မှတ်နေသူတွေလည်း ရှိသည်။ သူသည် ရွှန်းလဲ့ကိုတော့ လုံးဝမကြည့်မိအောင် သတိထားသည်။ ရွှန်းလဲ့ သည် ရှေ့ဆုံးက ရေလျှင် သုံးတန်းမြောက် ခုံတန်းမှာ ထိုင်နေပြီး သူ့ကို စိတ်ဝင် တစားနားထောင်နေမှန်း မျက်လုံးထောင့်စွန်းများမှ သူ မြင်၏။ တံတွေးတစ်ချက် မျိုချလိုက်ပြီး သူက ဆက်သည်။

"နဝဒေးကြီးဟာ ပြည်ဘုရင် နရပတိရဲ့ ယောက်ဖဖြစ်တဲ့ မင်းဘစောရဲ့ အထိန်းတော်သား ဖြစ်တယ်လို့ မှတ်သားရတယ်။ အထိန်းတော်သား ဆိုတာ အထိန်းတော်၊ အထိန်းအယကို ပြောတာပဲ။ မင်းညီမင်းသားတွေရဲ့ ငယ်ဆရာ ပေါ့။ အဲ ... ဒါပေမဲ့ မင်းဘစော မင်းပြစ် မင်းဒဏ်သင့်လို့ သူ့ကို သူ့ယောက်ဖ ပြည်ဘုရင်က ကွပ်မျက်ပြီးတဲ့နောက် ပြည်ဘုရင်က မုဆိုးမဖြစ်သွားတဲ့ သူ့နှမ နရပတိမယ်ကို စလင်းစည်သူကျော်ထင်နဲ့ ပေးစားတဲ့အခါမှာ နဝဒေးလည်း စလင်းကို ပါသွားရတယ်။ စလင်း ရောက်တော့ မင်းလက်ျာဘွဲ့ကို ရတယ်။ နောင် စလင်းအပျက် စည်သူကျော်ထင်က စစ်ကိုင်းကို ရွှေ့ပြီး မင်းပြုတော့ နဝဒေး လည်း ပါသွားပြန်တယ်။ ထောင်သင်းကို ကြီးမှူးရလို့ 'ထောင်သင်းမှူး' ဆိုတဲ့ နာမည်ကို ရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


စစ်ကိုင်းစည်သူကျော်ထင်ဟာ တစ်ခါ အင်းဝမှာ နရပတိနာမည်နဲ့ ဘုရင် လုပ်ပြန်တယ်။ ဒါပေမဲ့ မကြာဘူး၊ ဘုရင့်နောင်နဲ့ ဖြစ်တဲ့ စစ်မှာ စည်သူကျော်ထင် ရှုံးတယ်။ အဲဒီမှာ နဝဒေးကို ဘုရင့်နောင်ရဲ့ ညီဖြစ်တဲ့ ပြည်စားက တောင်းယူလို့ ပြည်ကို တစ်ခါ ရောက်ရပြန်တယ်။ ဘုရင့်နောင် ဟံသာဝတီမှာ မြို့သစ်၊ နန်းသစ် တည်တော့ ဟံသာဝတီကို ရောက်နေတဲ့ နဝဒေးဟာ ဟံသာဝတီ နေပြည်တော်ကြီး ခမ်းနားလှပပုံကို ရတုပိုဒ်စုံ ရေးဖွဲ့ ချီးမွမ်းပြီး ဘုရင့်နောင်ကို ဆက်တယ်။ အဲဒီမှာ ဘုရင့်နောင်က အားရပြီး နဝဒေးဘွဲ့ ပေးတယ်လို့ ဆိုတယ်။ အသက်အတော်ကြီးမှ နဝဒေးဘွဲ့ ရတယ်လို့လည်း ကဗျာသင်္ဂဟမေဒနီကျမ်းမှာ ဆိုတယ်။ 'စလင်းလက်ျာ၊ စစ်ကိုင်းထောင်သင်း၊ ပြည်နဝဒေး' လို့ ဆိုစမှတ် ရှိကြတယ်။

အဲ... မြန်မာရှေးဟောင်းကျမ်းတွေမှာ 'ထောင်သင်းမှူး' လို့ ဆိုထားပေမဲ့ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်အတွဲ (၁၀)ထဲက စာတမ်းတစ်စောင်မှာတော့ 'တောင်သင်းမှူး' လို့ ရေးထားပြန်တယ်။ အဲဒီစာတမ်းကိုပဲ ပါမောက္ခဂျီ၊ အိပ်ချ်၊ လုစ်ရဲ့ အင်္ဂလိပ်ဘာသာပြန်မှာလည်း 'Southern Corps' လို့ပဲ ပြန်ထားတယ်။ ဒါကတော့ ဆရာ့ရဲ့ တွေ့ရှိချက်ကို ဗဟုသုတအနေနဲ့ ပြောတာပါ"

ကျောင်းသားတစ်ဦးက လက်ထောင်လိုက်သဖြင့် သူက ပြောပါဟု အရိပ်အခြည် ပြလိုက်သည်။ တစ်ခန်းလုံးက လက်ထောင်သူကို ကြည့်လိုက်ကြသည်။

"ဆရာ... ကျွန်တော် မဟာဆွေရေးတဲ့ 'စစ်ထွက်သူ' ဝတ္ထုကို ဖတ်ဖူးပါတယ်။ အဲဒီထဲက နဝဒေးက သူပဲလား ဆရာ။ နောက်ပြီး စစ်ထွက်သူထဲက သူ့ဘဝအကြောင်းကကော တကယ့်အဖြစ်အပျက်ပဲလား ဆရာ"

"ဟုတ်တယ်၊ ဒီနဝဒေးပဲ။ ဝတ္ထုထဲက အချက်တွေ မှန်သလား ဆိုတာကိုတော့ ကိုအောင်ကျော်က ဘယ်လို ထင်လဲ" ဟု သူက ပြန်မေးလိုက်သည်။ အောင်ကျော် ဆိုသော ကျောင်းသားက ခေါင်းကုတ်ကာ စပ်ဖြဖြဖြင့် ...

"မပြောတတ်ဘူး ဆရာ ... ဒါပေမဲ့ အဲဒီလောက် အတိအကျကြီးတော့ မသိနိုင်လောက်ဘူး ထင်တာပဲ"

သူက ခေါင်းတစ်ချက် ညိတ်လိုက်ပြီး ...

"ဝတ္ထု ဆိုတော့လည်း ဝတ္ထုရေးဆရာရဲ့ စိတ်ကူးနဲ့ ရေးထားတာလို့ပဲ ကျွန်တော် ပြောချင်ပါတယ်။ ရှင်နှောင်းနဲ့ ပတ်သက်ပြီး ဖွဲ့ခဲ့တဲ့ ရတုတွေ ရှိတဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

အတွက် ရှင်နှောင်းဟာ တကယ် ရှိခဲ့တယ်လို့ ယူဆလို့ ရပါတယ်။ ရတုတွေကနေ တစေ့တစောင်း သိရတဲ့ နဝဒေးရဲ့ ဘဝအစိတ်အပိုင်း အချို့ကို မဟာဆွေက သူ့စိတ်ကူးနဲ့ ပေါင်းစပ်ထားတာလို့ပဲ မှတ်လိုက်ပါ။ ကျွန်တော်တို့ဆီမှာက မှတ်တမ်းရေးတဲ့ အကျင့်၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ ပြုစုတဲ့ ဓလေ့က အင်မတန် အားနည်းတယ်လို့ ဆိုရမယ်။ ရာဇဝင်တွေ ဘာတွေ ဆိုတာကလည်း မင်းဆက်တွေ အကြောင်း၊ သူတို့ နန်းတက်တဲ့ နှစ်၊ စစ်ဖြစ်တဲ့ နှစ်၊ သေတဲ့နှစ် ဒါတွေပဲ မှတ်တမ်းတင်ကြတာများတယ်။ ခေတ်ပြိုင်ပြည်သူတွေ အကြောင်း၊ ထင်ရှားတဲ့ လူပုဂ္ဂိုလ်တွေရဲ့ ကိုယ်ရေးဘဝ အကြောင်းတွေကို မှတ်တမ်းမှတ်ရာ ထားခဲ့တာ ရှားတယ်။ စာတွေ၊ ကဗျာတွေမှာလည်း ခေတ်ကို သမိုင်းမှတ်တမ်း တင်တာထက် ဘုရားဟောတရားတွေ၊ ဆုံးမစာတွေက ပိုကဲခဲ့တာမျိုးပဲ။ ဒါကြောင့် ရှေးခေတ်က ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ကြီးတွေရဲ့ ပုဂ္ဂလိကဘဝတွေကို ကျွန်တော်တို့ ဒီနေ့ သိပ်မသိကြဘူး"

အားလုံးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ မကြည့်ဘူးဟု စိတ်တင်းထားသည့်ကြားမှာ သူ ရွှန်းလဲ့ကို တစ်ချက် ခိုးကြည့်မိလေသည်။ ရွှန်းလဲ့သည် နားထင်ကို လက်ညှိုးတစ်ချောင်းဖြင့် ထောက်ကာ တစ်ခုခုကို အလေးအနက် စဉ်းစားနေ၏။

သူက မျက်မှန်ကို တစ်ချက် ပြန်ပင့်တင်၊ ချောင်းတစ်ချက် ဟန့်လိုက်ပြီး စကားဆက်သည်။

"ဒါပေမဲ့ နဝဒေး ထားခဲ့တဲ့ ရတုတွေထဲကနေ နိုင်ငံရေးနဲ့ မဆိုင်တဲ့ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ ဘဝကို တစ်စွန်းတစ်စ သိခွင့်ရနိုင်တယ်။ ဒါကြောင့်လည်း သူ ရေးခဲ့တဲ့ ရတုပေါင်း သုံးရာကျော်ထဲကမှ သူ့ဘဝ၊ သူ့ခံစားချက်ကို ရိပ်စားလို့ ရနိုင်စေမယ့် ရတုအချို့ကို ထုတ်နုတ်ပြီး အခု ပညာသင်နှစ်ဝက်မှာ ကျွန်တော်တို့ အတူတူ လေ့လာကြဖို့ပါပဲ၊ ရှေ့လာမဲ့ အချိန်တွေကျရင် အဆိုင်းမင့်တွေကို ကျွန်တော် ပေးသွားပါမယ်။ ဂုဏ်ထူးတန်း ကျောင်းသားတွေ ဖြစ်တာမို့ ဆရာရဲ့ အာဘော်ထက် မိမိအာဘော်၊ မိမိလေ့လာမှုကို ပိုအားထုတ်ပြရမယ်လို့ ကျွန်တော် ပြောပြထားပါရစေ။ ကျွန်တော်နဲ့မှ စာသင်ရပြီ ဆိုရင် ပျင်းလို့မရဘူး၊ အိမ်စာတွေ ပိုလုပ်ရမယ်၊ ဆရာက အဓိကမဟုတ်ဘဲ ကျောင်းသားက အဓိကဖြစ်တဲ့ လေ့လာမှုစနစ်နဲ့ သင်ယူကြဖို့ပါပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


လေပြင်းတစ်ချက် အဝှေ့တွင် ဖွဲ့ဖွဲ့ရွာကျစ ပြုနေသော မိုးစက်များသည် လေနှင့်အတူ ပါလာကာ စကြံလမ်းပေါ် ပက်ဖျန်းလိုက်၏။ သူသည် မိုးနံ့ပါသော လေကို ခပ်ပြင်းပြင်းရှူကာ လမ်းအတိုင်း လျှောက်လာလိုက်သည်။ တစ်ချိန်လုံး မွန်းကျပ် စိတ်အိုက်နေခဲ့ရာမှ ယခု အတန်းပြီးမှ အသက်ကို ဝဝရှူရတော့သည်။ စာသင်တိုင်း အမြဲ စိတ်လက်ပေါ့ပါးစွာဖြင့် သင်တတ်သော သူသည် ယခုကာလများမှာတော့ သည်အတန်း ဝင်တိုင်း မျောက်ရှုံးအောင် ဆော့တတ်သော ကလေးသည် ခေါင်းတုံးတုံး သက်နိုးဆီးကာ ဏ္ဍဖြေသမွတ္တိဖြင့် ထိုင်နေရသူလို ဖြစ်ရသည်။

ချထားသည့် အမိဋ္ဌာန်ကို ဖောက်ဖျက်ကာ ရွှန်းလဲ့ကို တစ်ကြိမ် ခိုးကြည့်မိခဲ့ခြင်း အတွက် မလုံမလဲ ဖြစ်မိသလို ကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ် ဖြစ်နေမိသည်။ သို့သော် တစ်စက္ကန့်ပင် မကြာသော သူ့အကြည့်တွင် မြင်ခဲ့ရသည့် သွေးရောင်လွှမ်းသော မျက်နှာ၊ လဲ့ဝင်းသော မျက်ဝန်းတို့သည် ညအိပ်သည်အထိ သူ့နောက်ကို အရိပ်လို လိုက်ပါနေဦးမည် ဆိုတာတော့ သူ သိနေသည်။

ခက်တော့တာပဲ။ သည်တစ်နှစ်ကို ဘယ်လို ကျော်ဖြတ်ရပ့ါမလဲ။

၀

mgyoe.com

mgyoe.com SAMPLE BOOK

( ၇ )

အစောက ရှာထားသော မိုးကြောင့် ဆိုင်ရာ အမိုးအရိပ်များ အောက်မှာ ဝင်ခိုခဲ့ကြသူများသည် မိုးစဲသွားသည်နှင့် အဓိပတိလမ်းမပေါ် ဥဒဟို ပြန်တက်လာကြပြန်သည်။ မိုးရာသီ ဈေးရောင်းပွဲ၏ အဖွင့်နေ့ ဖြစ်သော်လည်း အဓိပတိလမ်း တစ်လျှောက်ရှိ အရောင်းဆိုင်များသည် စာပေတော်သူတို့ဖြင့် ကြိတ်ကြိတ်တိုးလျက်။ ကျောင်းတော်ကြီးထဲ စာအုပ်ရောင်းပွဲ မလုပ်ဖြစ်ခဲ့သည်ပင် ဘယ်နှနှစ် ရှိခဲ့ပြီလဲ။

စာပေတိုက်များ တစ်တိုက်ချင်းဖြစ်စေ၊ နှစ်တိုက် သုံးတိုက် ပေါင်း၍ဖြစ်စေ ခင်းကျင်း ရောင်းချနေကြသော မြင်ကွင်းကို ကြည့်ရင်း သူ လျှောက်လာနေခဲ့သည်။ အသိ စာရေးဆရာများကို တွေ့သည်။ အသိ ထုတ်ဝေသူ တချို့ကို သူ နှုတ်ဆက်သည်။ စာပေလောက အရောင်းခန်းရှေ့တွင် ဦးမျိုးညွန့်နှင့် ဆရာမြသန်းတင့်တို့ စကားပြောနေကြတာ မြင်တော့ သူ ချိုးဝင်လိုက်သည်။ ရောက်မဆိုက် သူက လက်ထဲက မဂ္ဂဇင်းတစ်စောင်ကို ဆရာမြ မြင်အောင် ပြလိုက်၏။

"ဆရာ ... ဒီထဲမှာ ဆရာ့ကို ဆော်ထားတာ တွေ့လား"

ဆရာမြသန်းတင့်က ပုလင်းဖင်လောက်နီးနီး ထူထဲလှသော မျက်မှန်များ နောက်မှ မျက်လုံးများဖြင့် သူ ပြသည်ကို တစ်ချက် ကြည့်လိုက်ပြီး ...

"ဖတ်ပြီးပါပြီဗျာ... ကိုအောင်သင်းနဲ့တောင် ပြောရသေးတယ်။ သူက ကျွန်တော့်ထက်တောင် မခံမရပ်နိုင် ဖြစ်နေသေးတာ"

mgyoe.com

mgyoe.com
SAMPLE BOOK


ဆရာမြသည် သူ သောက်နေကျ ဘင်ဆင်အင်(န်)ဟက်ဂျက် စီးကရက်ကို ခပ်မျှဉ်းမျှဉ်း အရင် ဖွာလိုက်သေးသည်။ ပြီးမှ ...

"ကျွန်တော်ကတောင် ကိုအောင်သင်းကို ပြန်ဖျောင်းဖျနေရသေးတယ်။ ခင်ဗျားတို့ ဆရာကို ကျွန်တော်က ပြန်ဖျောင်းဖျနေရတာ၊ ဖြစ်ပုံ၊ ဖြစ်ပုံ။ ကမ္ဘာ့စာပေတွေကို လူငယ်တွေ ဖတ်ဖို့ လိုတယ်ဗျ။ ခု စစ်အေးခေတ်ကြီးက ပြီးသွားပြီ။ ကျွန်တော်တို့ဟာ နှစ်ဆယ်ရာစုရဲ့ နောက်ဆုံး ဆယ်စုနှစ်ကို ရောက်နေကြပြီ။ ကမ္ဘာကြီးက လျင်လျင်မြန်မြန် ပြောင်းနေပြီ။ ဒါတွေကို ဒီက လူငယ်တွေ ဖတ်ကိုဖတ်ရမယ်၊ ဒါကြောင့်လည်း ကျွန်တော် ကြိုးစား ဘာသာပြန်နေတာပေါ့"

"ဟုတ်တယ်ဆရာ၊ ဆရာ 'နွယ်နီ' မှာ ထည့်နေတဲ့ 'တိုင်းမ်' က အက်ဆေးတွေ တကယ် ကောင်းပါတယ်။ ပြန်သင့်တယ်။ ကျွန်တော်လည်း 'တိုင်းမ်' ပုံမှန်ဖတ်ဖြစ်တယ် ဆရာ။ ရသတွေလည်း ဆက်ပြန်ပါဦး"

"ပြန်ပါတယ်၊ ကျွန်တော် အခု 'မဟေသီ' မှာ အခန်းဆက် ထည့်နေတဲ့ 'အချစ်မိုးကောင်းကင်' ဆိုတာလည်း ရသမြောက်အောင် ရေးထားတဲ့ မှတ်တမ်းဝတ္ထုပဲ။ သူတို့ဆီမှာတော့ ဒီစာရေးသားနည်းမျိုးက ခေတ်စားနေပြီ၊ *နျူးဂျာနယ်လစ်ဇင်*လည်း ခေါ်တယ်၊ *လစ်ထရေရီ ဂျာနယ်လစ်ဇင်၊ ခရီးသွားတစ်နန်းဖစ်ရှင်*စသည်ဖြင့်လည်း ခေါ်ကြတယ်၊ သတင်းနဲ့ ရသနဲ့ ပေါင်းစပ်ရေးတာပေါ့ဗျာ"

"ဟုတ်တယ်ဆရာ၊ အဲဒီ *ဘီယွန်းလပ်(ဗ)*ထဲမှာ အေအိုင်ဒီအက်စ်အကြောင်း ရေးထားတာ စိတ်ဝင်စားစရာ တော်တော်ကောင်းတာပဲနော်။ တကယ်ကို ဝတ္ထုတစ်ပုဒ် ဖတ်နေရသလိုပဲ။ ဒီစာရေးဆရာက ဆရာပြန်တဲ့ 'သုခမြို့တော်' ကို ရေးတဲ့ တစ်ယောက်ပဲ မဟုတ်လား"

ဆရာမြသည် စီးကရက်ငွေ့များကို မှုတ်ထုတ်ရင်းက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဒိုးမိနစ် လာပီးယားပဲ။ ကိုကျော်အောင် ပြန်တဲ့ 'အို... ဂျေရုစလင်' လည်း သူပဲလေ။ သူ့ရေးဟန်က တကယ် ဖြစ်ပျက်ခဲ့တာတွေကို ဝတ္ထုရေးဟန် အတတ်ပညာနဲ့ ပေါင်းစပ်ရေးတာပဲ"

အနီးတွင် ရပ်နေသည့် ဦးမျိုးညွန့်က ဝင်ပြီး "ဘယ့်နှယ် ဆရာလေးကိုမင်းဟန်လည်း စာလေး ဘာလေး ရေးဦးလေဗျာ။ ခင်ဗျား လက် ရှိပါတယ်ဗျ။ ဟိုတုန်းက 'စန္ဒာ' မှာတောင် ပါဖူးသေးရဲ့ မဟုတ်လား" ဟု သူ့ကို ပြောသည်။

mgyoe.com

mgyoe.com

သူက ပြုံးလိုက်ပြီး ...

"ဟာ... ဟိုးတုန်းကပါ ဆရာရယ်၊ အဲတုန်းကလည်း ကိုဝင်းဦး အတင်း ရေးခိုင်းလို့ပါ။ ခုများတော့ မရေးဖြစ်တာ ကြာပါပြီ။ ရေးဖို့တော့ နေ့တိုင်း ကြိုးစား နေပါတယ် ဆရာ။ မရေးဖြစ်သေးတာ တစ်ခုပါပဲ။ ရေးဖြစ်ရင်တောင် ဘယ်သူက ထုတ်ပေးမှာတုံး ... ဟား ဟား ..."

"ပြောဖို့ လိုသေးလို့လား ကိုယ့်လူ ... ကျုပ်တစ်ယောက်လုံး ရှိပါတယ် ဗျ။ ရေးဖြစ်အောင်သာ ရေးစမ်းပါ" ဟု ဦးမျိုးညွန့်က သူ့ပခုံးကို ကိုင်ကာ အားပေး တိုက်တွန်းသည်။

ထိုစဉ် သူ့အကြည့်က စာပေလောကအခန်းနှင့် ကပ်လျက် ဆိုင်ခန်း ကောင်တာရှေ့တွင် ရပ်နေသည့် လူစုစုထဲ အမှတ်တမဲ့ ရောက်သွား၏။ ကြိုတင် ကြံစည် စဉ်းစားမှု မပါသော လျှပ်တစ်ပြက် ဆုံးဖြတ်တုံ့ပြန်မှုမျိုးဖြင့် သူသည် ဦးမျိုးညွန့်နှင့် ဆရာမြတို့ကို "ခဏနော်" ဟူ၍ ပြောကာ ထိုအနားသို့ လျင်မြန်စွာ ရောက်သွားလေသည်။

သူသည် စားပွဲတွင် တင်ထားသော စာအုပ်များအနက် ဟိုအုပ် ကောက် ကိုင်လိုက်၊သည်အုပ်ကောက်ကိုင်လိုက် လုပ်ကာလှန်လှောကြည့်နေလိုက်သည်။ ထိုဆိုင်ခန်းတွင် လူက သိပ်ကြီးတော့ မများလှ။ အရောင်းစာရေးမလေးသည် ဝယ်ယူထားသည့် စာအုပ်များကို ဈေးနှုန်းကြည့်ကာ လက်က ဂဏန်းပေါင်းစက် ကို လျင်မြန်စွာ ခလုတ်နှိပ်လျက် ရာခိုင်နှုန်း တွက်နေ၏။

ထိုနေရာတွင် ဆယ်မိနစ်ခန့် ကြာသွားသည်ဟု သူ ထင်သည်။ စာအုပ် ဝယ်သူတစ်ဦးက ရွေးပြီးသား စာအုပ်များကို အရောင်းစာရေးမလေးရှေ့ ချပေး လိုက်သံ၊ အရောင်းစာရေးမလေးထံမှ "ခဏလေး စောင့်ပါ ညီမလေး" ဆိုသော အသံများကို သူ ဆက်တိုက်ကြားရသည်။ ထို့နောက် မရှေးမနှောင်းမှာပင် ...

"ဟာ... ဆရာလည်း ရောက်နေတာလား၊ မင်္ဂလာပါ ဆရာ ..."

သူသည် စာအုပ်ကို လှန်လှောကြည့်နေရာမှ အသံလာရာသို့ ဖြည်း ဖြည်းချင်း မော့ကြည့်လိုက်သည်။ ရွှန်းလဲ့သည့် အိမ်နေရင်းထက် နည်းနည်း လောက်သာ သစ်လွင်တောက်ပမည် ဖြစ်သော မီးခိုးရောင် ဘလောက်စ် အင်္ကျီ လေးနှင့် ဘီဘဲလ်လုံချည်ကလေးနှင့်ဖြစ်သည်။ ပခုံးမှာ ကချင်လွယ်အိတ်ကလေး လွယ်လို့။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဩော်... အေး၊ သမီး မင်္ဂလာပါ။ ဆရာရောက်တာ... အင်း... သိပ်တော့ မကြာသေးပါဘူး"

"သမီး ဆရာ့ဂုဏ်ထူးတန်း ပထမနှစ်က ရွှန်းလဲ့ပါ ဆရာ" ဟု ကောင်မလေးက သူ့ကို မမှတ်မိမှာ စိုးဟန်ဖြင့် မိတ်ဆက်သည်။

"အေး အေး ... သိတယ်၊ မှတ်မိတယ်၊ သမီးကို..."

တတ်နိုင်သမျှ ကြွေထိန်းကာ ဖြေလိုက်သည့်ကြားမှ ကိုယ့်အသံကိုယ် တစ်မျိုး ဖြစ်နေသည်ဟု သူ ထင်လိုက်သေးသည်။ ထို့နောက် တစ်ချက်ပြုံးကာ "သမီးတစ်ယောက်တည်းလား ဝါဝါကော မပါဘူးလား" ဟု မေးလိုက်သည်။

"မပါဘူး ဆရာ၊ ဆရာ့တပည့်က စားဖို့သာ အဖော်ညှိရတာ၊ ဒါမျိုးကျ သိပ်ခေါ်လို့ မရဘူး" ဟု ရွှန်းလဲ့က ရယ်လျက် ဖြေသည်။ သူကတော့ ပြုံးရုံသာ ပြုံးလိုက်ပြီး ဘာမှ ဆက်မပြောတော့ဘဲ ကြည့်လက်စ စာအုပ်ကို ပြန်လှန်နေလိုက်သည်။

"ဆရာကော ဘယ်သူတွေနဲ့ လာတာလဲ၊ ဆရာမျိုးနဲ့လား"

ရွှန်းလဲ့က စာအုပ်ဖိုး ပိုက်ဆံ လှမ်းပေးလိုက်ရင်းက မေး၏။ သူက စာအုပ်ထဲ လက်ညှိုးညှပ်ကာ "မပါဘူးကွ၊ သူ မနက်ပိုင်းတော့ လာမယ် ပြောတာပဲ၊ ဌာနက တခြားဆရာတွေလည်း ခုထိတော့ မတွေ့သေးဘူး၊ ဆရာက ဆရာမြသန်းတင့်တို့နဲ့ လာတာ"

"ဟာ ဆရာမြသန်းတင့် ဟုတ်လား... ဘယ်မှာလဲဟင် ဆရာ" ဟု ကောင်မလေးက အလွန်ဝမ်းသာသွားဟန် ဖြင့် မေးလေသည်။ သူက စာပေလောက ပြခန်းရှေ့ဘက် တစ်ချက်ကြည့်လိုက်ပြီး ဦးမျိုးညွန့်တို့နှင့် စကားလက်ဆုံ ကျနေဆဲ ဆရာမြသန်းတင့်ကို ညွှန်ပြကာ "ဟိုမှာလေ" ဟု ပြောလိုက်သည်။

"ဝမ်းသာလိုက်တာ ဆရာရယ်... ရွှန်းလဲ့ကိုလေ ဆရာမြသန်းတင့်နဲ့ မိတ်ဆက်ပေးပါလား ဆရာ၊ ရွှန်းလဲ့က ကိုယ်ကြိုက်တဲ့ စာရေးဆရာတွေနဲ့ တအား သိချင် မိတ်ဆွေ ဖြစ်ချင်လို့၊ တွေ့တုန်း ဆုံတုန်းလေးမို့ပါ"

"ဩော်... လာလေ၊ မိတ်ဆက်ပေးမှာပေါ့" ဟု ပြောကာ သူက ဦးဆောင်ခေါ်လာလိုက်သည်။ ရွှန်းလဲ့သည် စာအုပ်ထုပ်ကို လက်မှ ဆွဲရင်း သူ့နားမှ လိုက်လာသည်။ ဆရာမြတို့နား ရောက်တော့ သူက "ဆရာမြရေ ... ဒါ ကျွန်တော့် အောနားစ်တန်းက ကျောင်းသူပါ။ ဆရာနဲ့ မိတ်ဆက်ပေးပါ ဆိုလို့" ဟု ပြောလိုက်သည်။ ရွှန်းလဲ့သည် မဆိုင်းမတွပင်...

mgyoe.com

mgyoe.com

SAMPLE BOOK


"ဆရာကြီး၊ သမီးနာမည် ရွှန်းလဲ့ပါ။ သမီး ဆရာ့စာဖတ်ပရိသတ်ပါရှင့်။ မြန်မာ စာရေးဆရာတွေထဲမှာတော့ ဆရာက သမီး အလေးစားဆုံးတွေထဲမှာ ပါပါတယ်"

ဆရာမြသန်းတင့်က ပြုံးရင်း "သိုင်းခယူး သမီး၊ တွေ့ရတာ ဝမ်းသာပါတယ်" ဟု ပြောသည်။ ထို့နောက်မှာတော့ ရွှန်းလဲ့သည် ရေပက်မဝင်အောင် သူက ချည်း ပြောတော့သည်။ စာသင်ခန်းထဲ စကားသိပ်မပြောသော ကောင်မလေးက ခုတော့ တအားသွက်လက်လို့။ ဆရာမြသည် သူ့နာမည်ကျော် လက်ရာများကို တစ်ခုမကျန် အားလုံးနီးပါး ဖတ်ဖူးရုံမက အတော်များများ အသေးစိတ် မှတ်မိကာပြန်ပြောပြနိုင်သောရွှန်းလဲ့ကိုကြည့်ရင်း အံ့အားသင့်ကာပါးစပ်အဟောင်းသား ဖြစ်နေ၏။

"သမီး အသက် ဘယ်လောက် ရှိပြီလဲ" ဟု ဆရာမြက မေးလိုက်သည်။

"နှစ်ဆယ် ပြည့်တော့မှာပါ ဆရာကြီး"

*နှစ်ဆယ်တဲ့လား။ ဒါဆို မျက်ဝန်း အရွယ်ပေါ့။*

ဘေးက နားထောင်နေသော သူ စိတ်ထဲက တိုးတိုးပြောနေမိ၏။ ဆယ့်သုံးနှစ်ဆို သွေးစုန်း၊ ဆယ့်ငါးနှစ်ဆို မျက်မည်း၊ နှစ်ဆယ်ဆို မျက်ဝန်း ဆိုတော့ ရွှန်းလဲ့သည် မျက်ဝန်းအရွယ်ပေါ့။ ဒါကြောင့်လည်း ရွှန်းလဲ့၏ မျက်ဝန်းများက တစ်မျက်နှာလုံးမှာ အလှပဆုံး ဖြစ်နေလေရော့သလား။

"ငယ်ငယ်လေး ရှိသေးပေမဲ့ စာဖတ် တော်တော်အားကောင်းတာပဲ။ ဆက်ဖတ်ပါ သမီး။ သမီးတို့လို လူငယ် စာဖတ်ဝါသနာရှင်တွေ တွေ့ရတာ ဆရာ တအား အားရတယ်" ဟု ဆရာမြက လေးလေးစားစား ပြော၏။

"ဟိုလေ... သမီးက စာရေးဆရာမ ပါ ဖြစ်ချင်တာ" ဟု ရွှန်းလဲ့က မရွံ့မရဲ ပုံစံဖြင့် ဆက်ပြောသည်။ မှန်သားထူထူ မျက်မှန်များနောက်မှ ဆရာမြ၏ မျက်လုံးများ ဝင်းလက်သွား၏။

"ဟာ... ကောင်းတာပေါ့၊ သမီး ဒီလောက် စာဖတ်နာတာ စာရေးရင် တော့ တကယ်ဖြစ်မှာ သေချာတယ်။ စာရေးဆရာ ဖြစ်ချင်တယ် ဆိုရင် ရေးနေမှ တော့ ဖြစ်မယ်နော်၊ ခုကော ရေးဖြစ်ရဲ့လား"

"ကဗျာလေးတွေ၊ ဝတ္ထုတိုလေးတွေပဲ ရေးဖြစ်ပါတယ် ဆရာ၊ ဒါပေမဲ့ ဘယ်မှတော့ မပို့ဖြစ်ပါဘူး။ ကိုယ့်လက် ကိုယ် ယုံကြည်မှု မရှိသေးတာနဲ့ ဒီအတိုင်းပဲ ..."

mgyoe.com

mgyoe.com
SAMPLE BOOK


"ကောင်းပါတယ်၊ ရေးပါ၊ ကိုယ်ကြိုက်ရာ၊ ကိုယ်သန်ရာကိုသာ ရေး။ စာရေးခြင်းနဲ့ အသက်မွေးချင်တဲ့ သူဟာ စာ အမြဲရေးနေဖို့ လိုတယ်။ ဆရာဆို တစ်နေ့ကို လေး၊ ငါး၊ ဆယ်မျက်နှာ မရရအောင် ရေးတာပဲ။ ခေါင်းထဲ ပေါ်လာ တာသာ ရေး။ ကိုယ် ဖတ်ထားမိတာလေးတွေ ပြန်ဝေမျှတဲ့ အနေနဲ့ ရေးချင်လည်း ရေး။ နောက်ပြီး၊ စာလည်း အမြဲဖတ်နေရမယ်။ စာရေးမယ့် သူက ဝမ်းစာဖြည့်ဖို့ လိုတာပဲ။ ခြသေ့်များလိုပေါ့၊ ဗိုက်ပြည့်ပြည့်၊ မပြည့်ပြည့် သားကောင်ကို မျှော်နေ တတ်တဲ့ ခြသေ့်များလိုပဲ စာရေးဆရာဟာလည်း ဝမ်းစာပြည့်ပြီရယ်လို့ ကိုယ့် ဟာကိုယ် မကျေနပ်နေရဘူး၊ အမြဲ ဖြည့်ဆည်းနေရမယ် နော် သမီး ... "

ခေါင်းလေးကို ငုံ့ပြီး ပြောနေသော ဆရာမြ အသံက နူးနူးညံ့ညံ့။ ရွှန်းလဲ့ က တရိုတသေ နားထောင်နေရင်းက သိလိုသည်များကို မေးရင်း စကား ဆက် ကောင်းနေပြန်သည်။ 'စစ်နှင့်ငြိမ်းချမ်းရေး'ကို ဘာသာပြန်ပြီး 'အန်နာကရယ်နီနား' ဘာလို့ မပြန်သလဲဟု မေးနေသံလည်း ကြားလိုက်သည်။ သူကတော့ ဦးမျိုးညွန့် တို့နှင့်ရော၊ တခြား ထုတ်ဝေသူအချို့နှင့်ပါ သည်ဘက်မှာ အဖွဲ့ကျနေသည်။ ဆရာ မောင်သွေးသစ် ရောက်လာမှ ဆရာမြလည်း စကားစ ပြတ်သည်။

ဆရာသွေးက ဆရာမြကို လက်ဖက်ရည်ဆိုင်ဆိုလား၊ ဘယ်ဆိုင်ဆိုလား သွားရအောင် ပြောနေသံ ကြား၏။ သူ့ကိုလည်း လိုက်ခဲ့ဖို့ ခေါ်သည်။ တကယ် တော့ သူ လိုက်ချင်သည်။ ဆရာမြတို့နှင့် စကားမကောင်းရတာ ကြာပြီ။ သို့သော် တခြားမှာ ချိန်းထားတာ ရှိသေးသည်ဆိုကာ ငြင်းလိုက်သည်။ ထို့နောက် ရာပြည့် စာအုပ်ဆိုင်ခန်းထဲ သွားကာ စာအုပ်တချို့ ဝယ်လိုက်သည်။ သူ အပြင်ပြန်ထွက် လာတော့ ဘေးဘီအကြည့် ခုနက စာအုပ်ထုပ်အပြင် နောက်ထပ် တစ်ထုပ်ကိုပါ ဆွဲလျက် မျက်နှာချင်းဆိုင် ဆိုင်ခန်းမှ ထွက်လာနေသော ရွှန်းလဲ့ကို တွေ့သည်။

"ဆရာ၊ သမီး ပြန်လိုက်ပါဦးမယ်"

ရွှန်းလဲ့က သူ့ကို မြင်တော့ နှုတ်ဆက်သည်။

"ဩော်... ဟုတ်လား၊ ဆရာလည်း ခုပဲ ပြန်တော့မလို့ပဲ" ဟု သူက လည်း ချော်လဲရောထိုင်လိုက်သည်။ ထို့နောက် နှစ်ဦးသား ကြိုတိုင်ပင်ထားဘိ သည့်အလား အဓိပတိလမ်းကြီးအတိုင်း တက္ကသိုလ်ရိပ်သာလမ်း မုခ်ဦးဘက် ပြန်လျှောက်လာနေမိလျက်သား ဖြစ်သွားကြ၏။

mgyoe.com